ကဂိမ္ဗဇ္ဈာနှင့် လောကနီတိကျမ်း

နာနာဂန္ထန်။ ကျမ်းဂန်အရပ်။ လောကုတ်-လောကီ။
မေဒနီကို။ ဂီဝါရေပြီး။ ပွန်းတီးကျွမ်းတတ်။ ကမ်းခတ်ပါရှေ့။
ဖြစ်တော်မူသော။

## ဆိုးဘန်နီဆရာတော်

ကြီးသည့်၊ အတီးပုံပြင်။ ရာဇဝင်-နိပါတ်။ ပိဋကတ်သင်္ချိုင်း
သံပိုင်းကျော်စာ။ ပျို့ကဗျာနှင့်၊ လင်္ကာဆိုမှု၊ တေး-ကေး
ဆဲအန်-မော်ကွန်း။ ပေါ်ထွန်းပဒေဝဏ်၊
ပေါရိကထာ။ နေ့သင်္ဂါ၊
အချအချို။ အသိအကျိုး။ အဆုံးအဖြတ်။
သတ်နည်း။ ရေးနည်း။ စပ်ဟပ်နည်းဘို့ကို။ ရုံးစည်းကုင်ကော်
လျက်။ ကုတ်ဘော်တည်ထွင်။ စီရင်ရေးသားတော်မူအပ်သော

# ကဝိမဏ္ဍနမေဒနီကျမ်း။

## ကျောင်းသုံး။

၁၂၈၇ ခု၊ ဝါဆိုလ၊

**Registered.**

—:၀:—


... ကြည့်တို ...


မန္တလေးမြို့

ရေတနသိဒ္ဓိ-ပိဋကတ်-စာပုံနှိပ်တိုက်

—:၀:—

1925.

# ဂန္ထပြဿနိဒါန်း။

—o—

ဇယတု။ ။ကပိန္ဒာဓိပတိ။ ဇိနာထ။လောက-ဥက္ကဋ္ဌ။ သဗ္ဗ
မင်္ဂလာ။ဒွိပဒုတ္တမ၊အနုတ္တရ၊အနန္တာ-ဉာဏ်မန့်၊ဝေဒန္တဂူ။ ဖြစ်တော်
မူသော၊သယမ္ဘူ။ထွန်းထား။ဘုရားမြတ်စွာ။ အုံ့ဘွယ်ရှစ်ဖြာ။ သာ
သနာသည်။နဘာဩဇာ။ တိမ်လွှာပယ်တွန်း။ စည့်စည့်ထွန်းသော။
မွန်းချက်နေကဲ့သို့ ဖြစ်ကြောင်း။ ။အသက်စွန့်ပင်။ အဥချစ်သား။
ရစ်မ-နည်းမှီ။ စာမရီ-မြီးယောင့်။ သားကောင်းအမိ။ မှုက်စိတရ၊
ယောင့်ထိန်းပြုသည်။ ဥပဒေပဉ်စီ။ ရှေးထုံးမှီသော။သီလဝ-အစ။
သင်္ပါလ- အဆုံး။ ပေါင်းရုံး တွက်စိတ်။ တကျိပ်ထင်ပေါ်။အာ
လောင်းတော်သို့။ အပေါ်အဇ္ဈာရှိ။ အံ့ဘွယ်ဖွယ်ရှိသည်၊လဗ္ဗပေမ။
သီလတော်၏အရှင်။ ။ယောဇနနီမ္မာ။ ရလ္လာသိတ်။ နွံဂုဏ်ယှ
သည်။ဂိရိဗဟို၊မြင့်မိုရ်ဖွေချက်။သေလက္ခရ။ဉာဏဒိလာ။ပမာနိုင်းစံ၊
မြမြင့်ခိုင်ကြံ့။ တည်တံ့သော သမာဓိတော်၏ အရှင်။ ။လေး
သောင်းနှစ်သိန်း။တွက်ကိန်းအလာ။ဝသုဓာနှင့်၊ သရုဓာရှစ်သောင်း။
လေးထောင်ဆောင်းသည်။နက်ရှောင်းပေါ်ယယ်။ ဖြစ်ပင်လယ်သို့
ကြီးကျယ်သော ပညာတော်၏ အရှင်။ ။ဝိဂန်တောင်ဦး။ကွန့်
မြူးရောင်ရှိန်။ လင်းလင်းထိန်သည်၊ရဝိန္ဒုဘုံ။ အစုံနေ-လ၊ကျော်
ပေါက်ပြသို့။ တောက်ပ-ရွှန်းတင့်၊ထွန်းပွင့်မှည်လျှား။ စည်ကား
သောသမ္မာတော်၏အရှင်။ ။နတ်ပန်းကက္ကုရု။ မသလ္လုံကျိကျူ။
မဉ္ဇူသကာ။မန္ဒာရဝ။ကောဝိဠာ-တိ၊ပါရိဆတ္တကာ။ ပန်းတကာတို့။
ဂန္ဓာဆော်သွေး။ရနံ့ဧးသို့။ပျံ့မွှေးသောသတင်းတော်၏အရှင်။ ။
ပါဠိအဋ္ဌကထာ၊ ဋီကာအနု။မရဂ္ဂတွဲ။နေတ္တိအလင်္ကာ။ သဒ္ဒါမောဂ္ဂ
လာန်။အဘိဓာန်ဗျာကြဲ့ကျမ်း။ကျမ်းအလုံးကို။စ-ဆုံး-ကျေနပ် ပုဂ္ဂ
မု။အဋ္ဌပဏ္ဏ။အင်္ဂနာဘိ။နေမိပတ်ယှက်။ ဝန်းဝန်းကွက်သည်။ပေ
ယျဿာဒိ။စက်ကြီးအဟာန်။ ဘန်ဘန်မြင့်နိမ့်။ တမြိမ့်ငြိမ်လျှင်၊ မှ့်

သိမ့်ခါတွက်။ အိုးထိန်းစက်သို့။ အောက်ထက်ပြောင်းပြန်။ လန်ဘိ
မတတ်။ ပတ်ပတ်တုံ့ခေါက်။ မွေ့နည်နှောက်သား။ နှစ်ယောက်ယှ
ဂဠ။ တုမရသော။ သုတဗုဒ္ဓအရှင်။ ။ ဂန္ထိက္ကရ။ ကေဒုဘုနှင့်။ ဝေ
ဒဒလ္လာ။ ဗျဉ္ဇနဖြို့ဟပ်။ သဏ္ဌာန်ဗာဟိ။ ကျမ်းထိုဤဋ္ဌ။ ဗါဝရိတမျှ။ ပေါ်
ယူရှ၍။ ဂဂဘာအပြင်။ ကောင်းကင်အထက်။ တောင်ဘက်မြောက်
ကူး။ ဟူးဟူးဟုန်းဟုန်း။ ရှူးရှူးရှုန်းသော။ သင်ရန်း-ဝေရေ။ လေရု
ဟတ်ရှိန်။ နိုင်းပုံချိန်သား။ ဝဇီရိန်ဉာဏ်တော်၏ အရှင်။ ။ မနုမ
နော။ လောကခမ္ဘသတ်။ ရာဇသတ်-မင်းသုံး။ ဖြတ်ထုံးဝိနိစ္ဆယ။ စ
သည်ဘိနက်။ အချက်ချက်ကို။ ကြန်တက်-မင်းကျော်။ မဟော်
သေနက။ ပိဋကရ-နှယ်။ အကျယ်ပိဋ္ဌာ။ ကျမ်းလိမ္မာ၍။ ဝေလာသိန္ဓုင။
ဝလာဘက။ အသဃ-ကြန်ရုံ။ ပုဏ္ဏက-မြင်း။ ငှက်မင်း-ဒဏ္ဍရဋ္ဌ။ မ
န္တာစရိယ။ သရအက္ခရာ။ ဝါဠဝေဝ်။ မြေးကြိ့းအဟုံ။ ကြယ်ဟုံ လဟုံ
နေလေဟု သို့။ အမရ ရင့်သန်။ အသိမြန်သော။ ပဋိဘာန်ဉာဏ်တော်
၏အရှင်။ ။ ရေတုရကန်။ ဆဲအန်—အလင်္ကာ။ ကဗျာမော်ကွန်း။ အ
ခန်းခန်းဋ္ဌ။ လုံးတွန်းတတ်သိ။ အတီးကာလ။ အဟိုသမယ။ အဂ္ဂသ
မာ။ ရဋ္ဌသာနှင့်။ မဟာသီလဝံသ။ ထေရမြတ်စွာ။ ကဝိန္ဒာတို့။ နာ
ပျော်ကောင်းခြင်း။ စောင် ငြင်းမိကျောင်း။ သံရှင်ညောင်းသည်။
အောင်းမန္တရား။ တရောပြားသျက်။ ခြောက်ပါးတီးရိုး။ အငြိမ့်မျိုးကို။
မိုးမှ-ပဋ္ဌသိ။ တီးမှုတ်ပီသို့။ ကုံးသံဖွဲ့နွဲ့။ သွဲ့ဝဲ့ဆိုမိန့်။ ချိုအိန့်လေး
နက်။ မရှုတ်ယှက်သော။ နှုတ်ပွက်သံတော်၏အရှင်။ ။ ဤသို့နှင်
နှင်။ များဖြင်ဝေရစ်။ ဂုဏ်အရုတ်တို့ဖြင့်။ ဖွဲ့ထုတ်ချီးမြှောက်အပ်
သော။ အနောက်မင်းကွန်းဘက်လျှင်။ ချက်မြှုပ်-သန္ဓိ။ ဘွားဇာတိ
ရှိတော်မူသော။ {ဆီးဘန်နီ ဆရာတော်}ကြီးဘုရားသည်။ အမရ
ပူရ။ ပသမမြို့တည်နန်းတည်ဘိုးတော်မင်းတရားကြီးဘုရားဖွေ့လက်
ထက်တော်ဝယ်။ အတွင်ပင်တော်ခံ {မဟာရာဇသင်္ကြံ} ဟူသော
ဌာနန္တရဖြင့်။ ပေါက်ပြကျော်သည်းသော။ ခမည်းတော်နတ်။ ယယ်
တော်မြတ်တို့မှ။ အမှတ်တွက်စစ်။ ဂေါဇာသက္ကရာဇ်။ {၁၁၇၃}ခု
နှစ်။ ပြာသိုလပြည့်ကျော်{၁}ရက်စနေနေ့အခါ။ အောင်ဇေယမင်

လာပါသယ်။ မျက်နှာသန့်စင်။ မီးရှူးတော်မြင်သတည်း။ ။ထိုမှ နေ့ခံနေ့က်။တသောက်တထောက်။ကြီးမြောက်စည်သင့်။အယွယ် တင့်၍။ ရင့်တော်မူသကာလ။ရတနာပူရ-ဇေတုတ္တနန်းတည်။ဘကြီး တော်ဘုရားလက်ထက်တော်-မွန်ဝယ်။ဇံသျှန်ရွှေလိပ်။ ရွှေတံဆိပ် ဖြင့်။ ဘိသိက်တော် သောက်နှင်းအပ်သော၊ စလင်းမင်းသားကြီး ဘုရားဆရာတော်၊ မြသိန်းတန်ဆရာတော်။ ယင်းဆရာတော်ကြီး နှစ်ပါး။ထံတော်ပါးဝယ်။ငါးအင်္ဂနိကါယ်။ဓိပ္ပါယ်ရွှေဝတ်။ချွေဆွတ် ပန်းရက်၊ သောက်မက်မူးမူး၊ ဆည်းပူးလေ့လာတော်မူပြီးလျှင်။ ဝေနိုးထုတ်ချောက်။နည်းသောက်ခံယူ။ပိတုန်းဟူသည်။ ရှင်ဖြူရှင် ညို။ရဟန်းပျိုတို့၊ အလိုရှိတိုင်း။ရေကမဆိုင်းတိ။ ဂိုဏ်းဆဲ့တထွေ။ တွက်ရေသိဘိ။ယှက်လေယှဉ်သည်။ပုရိသအပြား။ဗျည်းကိုးပါးနှင့်။ သုံးပါးလေးပါး။ငါးပါးရှစ်ဖြာ၊အစည်းလာသည်။လိင်ဝါစက။ဒွန္ဒဟူ တံ။ဝိဘတ်ရုံမှ။ဝိဏ္ဏုံမာလာ၊ လျှပ်ဝါတကြိမ်။ နှစ်ကြိမ်တွက်မှတ်။ သုံးကြိမ်ပတ်သား။ ရဿဒီဃာ။ ဗျူဒါဗျူပွတ်။သတ်ရှုနှစ်ဖြာ။ ရာ ကားသုံးခင်း။အပ်တဖင်းနှင့်။ ခြင်းတလုံးနောင်။ကြောင်နှင့်ပဟတ်။ တကောင်မှတ်၍၊ ဆတ်ဆတ်သိပေ။လုံးတွန်းဝေလျက်။ကြံလေသ တဘ်။ဘန်ဝေကတ်သည်။ပရမတ်-ပစ္စည်း။ ပေတ်ပစ္စည်းမှ။စသည် ပုံယင်။ကျမ်းရုံလင်ကို။ ရှင်မွန်သူငယ်။ သာမဏေ့ယုယကလျှင်။ ချသင်မို့သတော်မူပြီးမှ။ကျောင်းသားသူငယ်၏အဖြစ်အားဖြင့်တ ကြိမ်။ရှင်သာမဏေ၏ အဖြစ်အားဖြင့်နှစ်ကြိမ် ဤသို့သုံးကြိမ်တိုင် တိုင်။သံပြိုင်တွတ်တွတ်။ပိဋကတ်သုံးပုံကို။အာဂုံရွရွ၊ပဌမသဘင် ပြန့်ဝင်တော်မူလျက်။ရွှေဘိုမင်းတရား။ပုဂံမင်းတရား။ ယင်းနှစ်ပါး လက်ထက်တော်ကာလတွင်။အမရပူရမြို့ရှိ၊ မိုးထိတိုက်နိုက်။ယာ ပိုထ်လေးထွေ။မျှတနေ၍၊ ပြေဆရာတော်ကြီးဘုရား။ မိုးထိဆရာ တော်ကြီးဘုရား။နှစ်ပါး၏ထံမှော်တော်မှ၊နယဂ္ဂါဟက။ လဒ္ဓေါပ ဒေသ၊အာဂမမရှိ၊လက်ဆုပ်-မိမိ။ရကြီး-ရရှိ။ မိကြီးမိသဖြင့်။ထု တိဆယ်သ။သဒ္ဒကိတ္တိ။ကျော်စောခြင်းယှိလတ်သော်။ကော်ကနဒ။ ပဒုမဟူ။ဥပလ-နှုန်းနှုန်း။ ဘုန်းတန်းကံပုန်။ သဏ္ဌာဂုဏ်တို့သည်၊

အဓ္ဓုန္တရ။ရွာသွန်းချသို့၊ တပတေပ၊တက်ကြွ-လန်းပွင့်။ စွင့်စွင့်စည်
ဖြိုး။တိုးဘော်မှုရကား။ရတနာပုဏ္ဏ။ ပထမမြို့ဘည်၊ နန်းဘည်၊ ပဥ္စမ
သင်္ဂါယနာတင်၊ဘဝသျှင်မင်းတရားကြီးဘုရား။ လက်ထက်တော်
ကြီးတိုင်ရောက်သကာလ။{နရိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာ
ဓိရာဇဂုရု} ဟူသော-ပထမတံဆိပ်တော်။ {နရိန္ဒာဘိသိရိသဒ္ဓမ္မ
ဇောတိပါလဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု} ဟူသော-ဒုတိယတံ
ဆိပ်တော်၊ ယင်းသို့ခပ်နှိပ်။ တံဆိပ်နှစ်ဆင့်။ ဘိသိက်မြှင့်သော။
ဘုရင့်ဆရာ့အဖြစ်ကို။ ခံယူတော်မူ၍။ ဒကာတော်မြတ်။နတ်သမ
တိ။ရာဇိန္ဒသျှင်၊ အဘယာပကာ။မိန့်ဟချက်ကြွက်။ ပန်ထွာချက်အရ။
ပဥ္စမသင်္ဂါယနာတင်သော့ခါဝယ်။သာမုက္ကံသိ။တိပိဋက။ ဂန္ထရ
ရှင်းနက်၊ ခဲ့စွန့်ရှာ။ ရှာသောင်းကျော်ကို။ နှလော်ပန်း၊ ထက်
အောက်ညှို၍။ဘိတိရဘ်ထွင်။သုခိသင်ကြီးကြပ်။ တည်းဖြတ်တော်
မူပြီးနောက်၊ သားတော်-ဒိပတိ၊ မရိနာသကာ။ ဒုတိယ-ကနက်။
ရာတော်ဆက်သော။ သက်သက်ခွေးမှာက်။ချောက်ပြန်သောအခါ။
{နရိန္ဒာဘိဓဇအဓုလဒိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု}
လွှာတ်တုခတ်နှိပ်၊ အဘုလဒိပ်။ တံဆိပ်အသျှူ၊ ဘိသိက်ပဒုလျက်။
ရှင်သူရဟန်း၊ဗိုလ်အဖွန်းဟု။မထွန်းဉာဏ်မွန်။ပညိန့်နှိန့်နဲ့။မဲ့သူတို့
အား။သနားရှယ်ချူ။မေတ္တာဘူရ၊ရှေ့ရ။ပြီးခါ၊ ဆူရာဆူရာ၊ယူခါ
လျှင်သျှင်။ကြိုးနန်းငင်သို့၊စိစည်သိမ်းကျုံး။ပုလဲလုံးကို။သီကုံးသော
နှယ်၊အကျယ်အကျယ်။နာဘွယ်-သာဘွယ်၊ ခြယ်လှယ်သားနား။
ပိုင်းပိုင်းခြားခြား၊ စကားသာယာ။နားတန်ဆာဟု။ အကာမဲ့ဘဲ။
အနှစ်ဘိသည်။{ကဝိမဏ္ဍနဒေဒီ}။ဂန္ထိနက်ဖွမ်း။ ဤသည့်ကျမ်း
ကို၊ရဟန်းဝါတော်၊တဆယ်ကျော်မှစ၍။ အသမျှမျှ၊အကာလလာ။
တပ-တပ။လုံ့လရှေ့သွား။ ကြိုးကြားကြိုးကြား၊ ရေးသားတည်
ထွင်။စီရင်တော်မူပြီးနောက်။ အရောက်တွက်စစ်။ကောဇာသက္က
ရာဇ်-၁၂၅၀-ပြည့်နှစ်၊ကဆုန်လပြည့်ကျော်တရက်၊ ဗုဒ္ဓဟူးနေ့
အခါတွင်။ဥပပတ်သန္ဓေ၊ ယောနိနေသည်၊ဒေဝါယတန။ ဝေဟာ
သာ-သို့၊ပြန်ကြွသဖြင့်။နတ်ကွန်းဖွင့်တော်မူသတည်း။ ။

ထိုရောအခါ၊ မဟာပထဝီ၊ ပံ့သုဆီဝယ်။ ဇမ္ဗူဒီပ-ခြယ်အုပ်၊ သူ့ငြိ ကြွတ်ဖြင့်၊ မြှုပ်ထားနှံ့သွင်းအပ်သော။ ပယင်းဂေါမုတ်၊ ဥဿဘ ယား၊ ပြယိုးထားလျှံထိန်။ စိန်အလမြုတေစသော၊ အနန္တကာ၊ အနန္တ မဟာ။ ရတနာ့ဒပုတ်ကို။ သိုမြှုပ်ရာဌာန။ မတွေ့မသိကာ။ မသုံး ဆောင်ကြရသကဲ့သို့၊ နှစ်ကာလနှစ်ဆယ်ခန့်၊ အဓွန့်ရှည်လျားစွာ။ ရတနာ-တင်းကျမ်းပြည့်၊ တိုက်ခန်း၏ သဖွယ်။ စာတိုက်စေတီ။ မေဒနီအလယ်၊ စမ္ပယ်ဘန်းဝပ်သော၊ ဂန္ထသယနာ၊ ဤကျမ်းစာကို။ ဟာကာ-နုတ်များ၊ သကြား-ဝတြဲသူ၊ ထောက်ကူသော့အား၊ ကျော် ကြားပြန့်နှံ့ခြင်းကို၊ အရှင်းပဌာန်ပြုသဖြင့်၊ သုတေသန။ သုတသန္နိစ္စ ယ၊ သုတာဂဝေသီ၊ ထို၏ပုဂ္ဂိုလ်တို့ အလို့ငှါ၊ မန္တလေးမြို့- ဗုဒ္ဓဘာသာ သာသနာ့ပြုအသင်း။ စက္ကရီတေရီ၊ ရောဝတီသူဌေး မက်ရှုံစာရေးကြီး။ ရတနာ့သိဒ္ဓိပုံနှိပ်တိုက်ရှင်။ ဥါသကာဦးခေဝဲ သျှော်သားပန်ထွာချက်အရ။ ဆရာတော်ဘုရားမြေးတော်၊ ဦးက လျာဏဟု၊ နာမမွေးကျော်၊ ရဟန်းတော်က၊ ဝေရော်စန၊ ရွှေပေါ်မြဲ သို့၊ ကျခဲ့ ဇိပြင်၊ တည်းဖြတ်သုတ်သင်၊ ကြီးကြပ်စီစဉ်၊ ပြင်ဆင်အပ် နှင်းရာ၊ ဘူဘာဝါဟာန၊ ဥတုဇ သမုဋ္ဌာန်၊ စက်ယန္တရား ယာဉ်ပုံ ဝယ်၊ မှန်ကန်သိုက်မြိုက်။ ပုံရိုက်လုပ်ဆောင်ပါသည်။ ကဝိပဏ္ဍိ။ ညာဏ်ရှိ ပညာဝါ၊ ဆင်တန်ဆာကို။ ကောင်းစွာဆင်ယင်တော်မူ ကြပါကုန်။ ။

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | နိဒါန်း | ၉ |
| ၁ | မဟာဥက္ကုသဇာတ် | ၁၁ |
| ၂ | ပဥ္စုပေါသထဇာတ် | ၁၃ |
| ၃ | တစ္ဆသုကရဇာတ် | ၁၄ |
| ၄ | မဟာဝါဏိဇဇာတ် | ၁၇ |
| ၅ | သာဓိနဇာတ် | ၁၉ |
| ၆ | ဘိက္ခာပရံပရဇာတ် | ၂၀ |
| ၇ | မိတ္တသန္ထုတဇာတ် | ၂၁ |
| ၈ | ရူဋ္ဌဟံသဇာတ် | ၂၃ |
| ၉ | သတ္တိဂုမ္ဗဇာတ် | ၂၆ |
| ၁၀ | ဟတ္ထိပါလဇာတ် | ၂၈ |
| ၁၁ | ကိံဆန္ဒဇာတ် | ၃၁ |
| ၁၂ | ကုမ္ဘဇာတ် | ၃၄ |
| ၁၃ | ဆဒ္ဒန္တဇာတ် | ၃၇ |
| ၁၄ | သမ္ဘဝဇာတ် | ၄၁ |
| ၁၅ | သမ္ဗုလဇာတ် | ၄၃ |
| ၁၆ | တေသကုဏဇာတ် | ၄၆ |
| ၁၇ | သရဘင်္ဂဇာတ် | ၄၈ |
| ၁၈ | ဥမ္မာဒန္တီဇာတ် | ၅၄ |
| ၁၉ | ကုသဇာတ် | ၅၅ |
| ၂၀ | သောဏနန္ဒဇာတ် | ၆၆ |
| ၂၁ | မဟာဟံသဇာတ် | ၇၀ |
| ၂၂ | မဟာသုတသောမဇာတ် | ၇၄ |
| ၂၃ | မူဂပက္ခဇာတ် | ၇၆ |

မာရာရိဇယ။ အတုလဓမ္မရာဇာ။ သုံးခေတ်လုံးမှန်။ *အမွန်တင့်မော၊ သုံးလောကဂိုဏ်း။ ကွပ်ထိုင်းဗိတ်ခြိုး၊သုံးဘုံသူ့ထွန်း။ *တမွတ်*သျှောင်ဖွေ။ ဝေနာယက- ဥက္ကဋ္ဌ။ သုဋ္ဌ ဒေဝရာတ်။ နတ်ထက်နတ် ဖြစ်တော်မူသော။ မြတ်စွာဘုရား သာသနာတော်သက္ကရာဇ်။ {၂၄၂၂}။ ဂေါဇာသက္ကရာဇ်။ {၁၂၄၀}။ ပွားကြွယ်ကိုင်။ ဇေမင်္ဂလ။ ခါသမုန္နီကဲ၊သုနာပရန္တ။တမ္ပဒီပ၊ တိုင်းမ-အချာ၊ဧရာဝတီ။နဒီသုပတိဋ္ဌ။ မန်းမကုဋ။ နန်းပြည်မကို။ ပုညိဒ္ဓကမ္မဇ။ဒုတိယထွန်းတောက်။ကွန်းပြောက်သဘင်။ မင်းပွဲယင်သော။ {သိရိပဝရ ဝိဇယာနန္တ ယသတိလောကာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ}။ တံဆိပ်နာမံတော်ရှိသော။ ရေမြေ့အသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ဆင်ဖြူများရှင်၊ ဘဝသျှင်မင်းတရားကြီး ဘုရားသည်။ အမျိုးလေးဖြာ၊ သတ္တဝါ အပေါင်းတို့၊ အကျိုးစီးပွားနှင့် တကွ။ ကိုယ်တော်မြတ် အကျိုးစီးပွား ဖြစ်စေခြင်းငှာ။ မြတ်သောသမ္မာသက်ပွအကြံတော်ကို ဖွေးရှုတော်မူပြီးလျှင်။ လေးဆဲ့ငါးဝါကာလပတ်လုံး။ လူနတ် ဗြဟ္မာတို့အား။ မြတ်စွာဘုရား၊ ဟောကြားဆုံးမတော်မူသော။ ဓမ္မက္ခန္ဓာ၊ ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော၊ သာမုက္ကံသိက ဖွေ့ဖျာ၊ ဒေသနာတော် အပေါင်းတို့တွင်။ ခုဒ္ဒကနိကာယ်အဝင်။ငါးရာ့ငါးဆယ်ဇာတ်အနက်။ ပကိဏ္ဏကနိပါတ်၊ ဇာတ်ရေ-၁၃။ ဝီသတိနိပါတ်၊ဇာတ်ရေ-၁၄။တိံသနိပါတ်၊ဇာတ်ရေ-၁၀။ စတ္တာလီသနိပါတ်၊ဇာတ်ရေ-၅။ ပဏ္ဏာသနိပါတ်၊ဇာတ်ရေ-၃။ သဋ္ဌိနိပါတ်၊ ဇာတ်ရေ-၂။ သတ္တတိနိပါတ်၊ ဇာတ်ရေ-၂။ အသီတိနိပါတ်၊ဇာတ်ရေ-၅။ မဟာနိပါတ်၊ဇာတ်ရေ-၁၀။ ရှရ။ပကိဏ္ဏကနိပါတ်ကစ၍။မဟာနိပါတ်တိုင်၊ နိပါတ်ရေ-၉။ကေဒါယဇာတ်ကစ၍။ ဝေဿန္တရာဇာတ်တိုင်၊ ဇာတ်ရေ ၆၄-များကို။ဆုံးဘန်နီသရာတော်က။ စကားပြေဇာတ် *ကမ္ပည်း။ စီကုံးရေးသားဆက်သွင်းစေ၊အမိန့်တော်မြတ်အရ။ သိံတော်ဆင့် အဝေးကျော်ဝန်၊ ဖွေ့ပြည်ရန်အောင်မြင်းစာမှူး။{မင်းကျော်သိရိ

# နိဒါန်း။

မင်းထင်စည်သူ}။ ကျောက်ထားလာရာ။ ကျော ံဝင်ပါ၊ နိပါတ်ထွက် ဇာတ်များကို။ {နရိန္ဒာဘိဓဇ အတုလာဓိပတိသိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု}။ မည်သော-ဆရာတော်ဘုရား။ အကျဉ်းကောက် နုတ်စီကုံးရေးသားဆက်သွင်းသည့်။ ငါးရာ့ငါးဆယ်စကားပြေ။ ဇာတ်*ကမ္ပည်းတည်း။ ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

ဇာတကကဏ္ဍ။

## {၁-မဟာဥက္ကုသဇာတ်}

{၁} ပကိဏ္ဏကနိပါတ်။ သုံးရမြောက်-မဟာဥက္ကုသ ဇာတ်ကို။မိတ္တဗန္ဓကမည်သော ဒါယကာသည်။ ။မင်းနှင့်တကွလူရေးတိုင်အောင်ပင်အဆွေခင်ပွန်းဖွဲ့နိုင်ပေသည်။ ရဟန်းတို့ပြောဆိုချီးမွမ်းကြသည်ကိုအကြောင်းပြု၍။ဇေတဝန်ကျောင်းတော်အတွင်း။*သီတင်းသုံးနေတော်မူစဉ်၊ ဟောတော်မူသည့်။ ။ဗာရာဏသီပြည်ဗြဟ္မဒတ်မင်းလက်ထက် ပစ္စန္တအရပ်၌။ နေကုန်သော.သူတို့သည်။သမင်သားငါးစသော သတ္တဝါတို့ကို၊ ဘမ်းဆီးသတ်ညှစ်၊ချောင်းဝယ် ဘောက်ကား။ စားသောက် ကြကုန်သတတ်။ တရံချောအခါ၊ ဇာတဿရအိုင်၏အနီး၊ ကမ္ဗ-မည်သော ထိမ်ပင်၌။အသိုက်လုပ်ပြီးလျှင်။ အဘိုအမဖြစ်ကုန်သော။ စွန်နှစ်ခုတို့သည်။သားငယ်နှစ်ခုနှင့်တကွ။နေကြကုန်၏.ပစ္စန္တရွာသားတို့သည်။သားငါးတို့ကိုရှာ၍မရကြကား။ ညဉ့်ရိုက်သောအခါ။ လက်ချည်းစည်း။ရွာသို့မပြန်လိုပြီ။ဤသစ်ပင်ရင်းတွင်ပင်။အိပ်ကြအံ့ဟုကပ်သောအခါ။မှက်ချင်ယင်ရဲတို့သည်။ ကိုက်ခဲသည်ဖြစ်၍။ မီးခိုးကိုဖြစ်စေကြသောကာလ။စွန်ငယ်တို့သည်။အခိုးသင့်ရကား။ မြည်တမ်းကြကုန်၏။ပစ္စန္တရွာသားတို့သည်။ အမောင်တို့ မွတ်သိပ်ဆာလောင်ခြင်းဖြင့်။နှိပ်စက်၍။အိပ်ခြင်းငှါမတတ်နိုင်။ထိုငှက်တို့ကို။ ဖမ်းယူ

ဖုတ်ကင်၊စားသောက်ခြင်းငှာသင့်၏ဟု၊မိးရှူးတို့ကို။ဖွဲ့စည်းကြကုန်ဘန်။ ။ထိုအခါစွန်မသည်၊စွန်ဘိုကိုစေ၍၊ရှေးအထက်မိတ်ဖွဲ့၍ထားသောဝန်လိုငှက်မင်းထံ၊အန္တရာယ်ကြီးမားစွာ၊ အကျွန်ုပ်တို့မှာရောက်ပါသည်။မိဘ်ခင်ပွန်းဖြစ်သည်အားလျော်စွာ။ စောင်မတော်မူပါဆိုချေဟု၊စေလိုက်၏။ စွန်ဘိုသည်လည်း။ လျင်မြန်စွာသွား၍။ဥက္ကုသငှက်မင်းအား။ ကြားလျှောက်သောအခါ။ အဆွေစွန်မင်း။မပိုးရိမ်လင့်၊ငါလာခဲ့မည်။သင်သည်။ ရှေးဦးစွာသွားလေတော့ဟု၊လွှတ်လိုက်ပြီးလျှင်။ ဥက္ကုသငှက်မင်းသည်၊ ခံတွင်းဖြင့်လည်းကောင်း၊အတောင်ဖြင့်လည်းကောင်း။ရေတို့ကိုယူဆောင်၍ချင်းဘို့၏ မီးစည်းကို၊အဖန်ဖန်ငြိမ်းစေ၏။ ညဉ့်ထက်ဝက်တိုင်သောကာလ၊စွန်မသည်၊ စွန်ဘိုကိုဆို၏။ ချစ်လင်စွန်မင်း။ဥက္ကုသငှက်မင်းသည်၊မီးရှူးကိုငြိမ်းရသဖြင့်ပင်ပန်းလှပေပြီ။ ရှေးအထက်မိတ်ဖွဲ့၍ထားသောလိပ်မင်းအား။အန္တရာယ်ဖြစ်ကြောင်း။ဥက္ကုသငှက်မင်းစောင်မကြောင်းကို ကြားပြီးမှ။ အဆွေလိပ်မင်းလည်း။ စောင်မပါဆိုချေလောဟု၊စေလိုက်၍။ လိပ်မင်းသည်ဝန်ခံပြီးလျှင်။ ထိုအခုပ်လိပ်သားအဘဘို့ လာရောက်ကူညီ ရှက်ဆောင်ကြရာ။ ပဉ္စသ္ကရှာသားတို့သည်၊ထိုလိပ်တို့ကို၊ ဘမ်းကြကုန်အံ့ဟု၊နွယ်ဖြင့်လည်းကောင်း။ပုဆိုးနွမ်းဖြင့်လည်းကောင်း။ ရစ်ပတ်သောကာလ။ နက်စွာသောရေသို့ သက်ဆင်းလေ၏။ မိုးသောက်နီးသောအခါ၊ စွန်မသည်၊ရှေးမိတ်ဖွဲ့၍ ထားသောခြင်္သေ့မင်းထံ၊စွန်ဘိုကိုစေ၍ ခြင်္သေ့မင်း လာရောက်သောအခါ၊ ပဉ္စသ္က ရှာသားတို့၊ ပရမ်းပတာ၊ပြေးကြလေဟန်။ ။ယခုအခါ၊မိတ္တဗန္ဓကသွီးခင်ပွန်းသည်။ ထိုအခါ၊စွန်ဘိုစွန်မ။ယခုအခါ၊ရာဟုလာသည်။ထိုအခါကဿပပေါတ၊ယခုအခါ၊မဟာမောဂ္ဂလာန်သည်၊ထိုအခါ၊ကဿပပီတာ။ယခုအခါ၊သာရိပုတ္တရာသည်။ထိုအခါ၊ဥက္ကုသ-ငှက်မင်း။ ယခုအခါ၊ငါဘုရားသည်။ထိုအခါခြင်္သေ့မင်း။

## ၂-{ပဥ္စုပေါသထဇာတ်။}

{၂} ပကိဏ္ဏကနိပါတ်၊ ခုနှစ်ခုမြော်-ပဥ္စုပေါသထဇာတ်ကို။ ဥပုသ်ဆောက်တည်ကုန်သော ဥပါသကာတို့ကို အကြောင်းပြု၍။ ဇေတဝန်ကျောင်းတော်အတွင်း၊ *သီတင်းသုံးနေတော်မူစဉ်ဟော တော်မူသည်။ ။ငါဘုရားအလောင်းတော်သည်၊ မဂဓတိုင်း ဝယ်၊ ဗြာဟ္မဏမဟာသာလအမျိုးနိုက်ဖြစ်တော်မူ၍။ အယွယ်သို့ ရောက်သတ်သော်၊ ကာသိတိုင်း။အင်္ဂတိုင်း။ မဂဓတိုင်း။ သုံးပါး တို့၏အကြား၌။နှလုံးမွေ့လျော်ဘွယ်ရှိသော တောအုပ်သည်ရှိသ တဘ်၊ထိုတောအုပ်သို့ဝင်၍။ကာမဂုဏ်အပြစ်ကိုမြင်သဖြင့်၊ရသေ့ ရဟန်းပြု၍။တခုသောသင်္ခမ်း၌ နေတော်မူ၏၊ ဇာတိမာန်တက်ကြွ ရကား။ဈာန်အဘိညာဏ်သို့မရောက်နိုင်လေ။တခံရောအခါ။ ပစ္စေ ကဗုဒ္ဓါကြွရောက်လာ၍။ ငါ၏သင်္ခမ်းဦးကျောက်ဖျာတွင်။နေလာ၏၊ ကျောင်းတွင်းမှထွက်၍ ကြည့်ရှုသောအခါ။ ဇာတိမာန်ဖြင့်တက် ကြွ၍အချက်ဘွက်ရကား၊ဦးပြည်းရဟန်း၊ ငါ့နေရာ၌မနေလင့်ဟု။ လက်ဖျစ်တီး၍နှင်၏၊ ပစ္စေကဗုဒ္ဓါအရှင်သည်လည်း။ သူတော် ကောင်း။သင်သည်။ဤကမ္ဘာတွင်ပွင့်လတ္တံ့သောဘုရားလောင်းဟု အမျိုးအနွယ်နှင့်တကွကြား၍။ မာနကိုနှိပ်စေခြင်းငှာ။ ဆုံးမပြား သော်သည်း၊ နားမထောင်လေ၏။ ခြေတော်ကိုလည်းဦးမတိုက်၏။ ထိုအခါ။ပစ္စေကဗုဒ္ဓါသည်ငါ၏ဆံကျစ်ကြားသို့။ဘဝါးမြူကိုချသ ဖြင့်၊ဟိမဝန္တာသို့ကြွတော်မူလေ၏။ထိုအခါ။ အမျိုးဇာတ်ဖြင့်အ ဘယ်အကျိုးရှိအံ့နည်းဟု။ကျောင်းတွင်းသို့ဝင်၍။မာနကိုနှိပ်တော် မူသောကာလဈာန်အဘိညာဏ်ကိုရ၍။ ကျောင်း၏အပသို့ထွက် ပြီးလျှင်။အာဟာရကိုစောင့်ချုပ်၍။ ဥပုသ်သုံးတော်မူဟန်။ ။ထိုအ ခါ။သင်္ခမ်း၏ထက်ဝန်းကျင်နိုက် နေကုန်သော၊ သတ္တဝါလေးခုတို့ သည်လည်း။ ဥပုသ်စောင့်လာကြကုန်၏။ထိုလေးခုသောသတ္တဝါ တို့တွင်။ခိုသတ္တဝါကိုသင်သည်။အာဟာရမရှာဘဲ။အဘဲ့ကြောင့် စောင့်သနည်းဟု။ မေးတော်မူသောအခါ။ အကျွန်ုပ်၏မယားကို။

သိန်းဌက်သူလေသော်၊ ဘြော်။ငါ့အား။ရောဂသည့်၊ အလွန်နှိပ်စက်
စွတကား။ ရောဂကိုပွဲ့၍။ မရေတွက်နိုင်သော ဆင်းရဲသို့ရောက်ရ
သည့်၊ရောဂကိုနှိပ်အံ့ဘု၊ ဥပုသ်စောင့်ပါသည်ဟု လျှောက်၏။မြွေ
သဏ္ဍာဝါကိုမေးသောကာလ။ ဒေါသ၏အစွမ်းဖြင့်။ တခုသောနွား
လားဥသဘကို။ကိုက်မိ၍။အလွန်တရာသနားသောကြောင့်။ဒေါသ
ကိုနှိပ်အံ့သောငှာ။ စောင့်ပါသည်ဟုလျှောက်၏။ ခွေးသဏ္ဍာဝါကိုမေး
သောအခါ၊သောဘ၏အစွမ်းဖြင့်။ဆင်သေကောင်၏ဝမ်းသို့ဝင်၍
တာရှည်စွာစားမိသဖြင့်၊ ဆင်းရဲပင်ပန်းစွာ၊ ထွက်သွားရသော
ကြောင့်။လောဘကိုနှိပ်အံ့သောငှာ။ စောင့်ပါသည်ဟုလျှောက်၏။ဝံ့
သဏ္ဍာဝါကိုမေးသောအခါအကျွန်ုပ်သည်။လောဘ၏ အစွမ်းအား
ဖြင့်။ လူဘို့ခရီးတိုင်အောင် ကျက်စားမိ၍။ ဗမ်းအိမ်းပေါ်ခတ်ရာမှ။
ထွက်ပြေးခဲ့ရ၍။လောဘကိုနှိပ်အံ့သောငှာ။ ဥပုသ်စောင့်ပါသည်
ဟုဆို၏။ထိုသဏ္ဍာဝါလေးရ့ဘို့ကား၊ သခါခသော့ကို ပြန်၍လျှောက်
ရာပါသည်လည်း၊မာနကိုနှိပ်၍။ ဥပုသ်စောင့်သည်ဟု၊ မိမိဘို့နှိပ်
သောတရားကို၊အသီးအသီးပြောကြား၍နေကြလေဟန်၊ ။ယခု
အခါ၊အနုရုဒ္ဓါသည်၊ထိုအခါ၊ခိုသဏ္ဍာဝါ၊ယခုအခါ။ ကဿပသည်၊
ထိုအခါ၊ဝံသဏ္ဍာဝါ၊ယခုအခါ၊မောဂ္ဂလာန်သည်၊ထိုအခါ။မြေခွေး။
ယခုအခါ။ သာရိပုတ္တရာသည်။ထိုအခါ။ မြွေသဏ္ဍာဝါ၊ယခုအခါ၊
ငါဘုရားသည်။ထိုအခါ၊ရသေ့။ ။

---

## ၃-{တစ္ဆသူကရဇာတ်။}

{၃} ပကိဏ္ဏကနိပါတ်၊ကိုးရမြောက်-တစ္ဆသူကရဇာတ်ကို၊
ဓနုဂ္ဂဟတိဿမထေရ်၏ စစ်ဆင်မှုနှိက်လိမ္မာသည်၏ အဖြစ်ကိုစွဲ
၍။ဇေတဝန်ကျောင်းတော်နှိက်။ဟောတော်မူသည်။ ။ဗာရာဏ
သီပြည်နှိက်၊ တဦးသောလက်သမားသည်။ ယော်စဉ်ကာင်၊ မိမိ
ကောက်သူမွေးအပ်သော- တစ္ဆသူကရမည်သောဝက်ကို။ ချမ်း
သာစေခြင်းငှာ။တောသို့သွား၍လွှတ်သတတ်။ထိုဝက်သည်။တော

သို့ရောက်သောအခါ။ ငါသည်၊အပေါင်းအဘော်နှင့် အတူတကွ။
နေမှလျော်ချိမ့်မည်ဟု။တောအုပ်သို့ဝင်ပြီးလျှင်၊အခွေအမျိုးကိုမှါ
ရာ။များစွာသောဝက်တို့ကိုတွေ့၍။ဝမ်းမြောက်ဝမ်းသာအတူတကွ
နေရပါမည့်အကြောင်းကို။ပြောဆိုသောကာလ။ အခွေ-ချမ်းသာ
ရာအရပ်ကိုရှာလေဦး။ ဤအရပ်၌ နေ့စဉ်မပြတ်လာ၍။ တခုသော
ကျားသည်၊ငါတို့အခွေအမျိုးဖြစ်ကုန်သောဝက်တို့ကိုစားကုန်၏
ဟု-ပြောဆိုကြသောအခါ။တစ္ဆသုကရဝက်သည်။ဤသို့ဆို၏။အခ
ွေတို့။သင့်မှာသော်လျှင်အစွယ်ရှိသည်မဟုတ်။ ငါတို့နှိုက်လည်း။
အစွယ်ရှိကြသည်ချည်းပင်ဖြစ်သည်။ ငါတို့အခွေအမျိုးအပေါင်း
တို့သည်။အရအရပြု၍။ရခံဖျက်ဆီးက။သင်းခံနိုင်တော့မည်မဟုတ်
သေဆုံးပရာသာ ရှိတော့သည်ဟု- ဆိုသောကာလ။ အလုံးစုံသော
ဝက်အပေါင်းတို့သည်။စိတ်နှလုံးညီညွတ်ကြကုန်သည်ဖြစ်၍။တစ္ဆ
သုကရ။သင်သည်ပင်၊စစ်ဆင်ခြင်းကို။စီရင်ပါလော့၊သင်ဆိုတိုင်း။
ငါတို့နားထောင်ပါတော့မည်ဟု- ခံဝန်တိုက်တွန်းကြသောအခါ၊
တစ္ဆသုကရဝက်သည်။ ကောင်း၏ဟု ဆိုပြီးလျှင်၊ဤအရပ်သည်။
မုန့်အောင်ရာအရပ်တည်းဟု သိသဖြင့်။ဝက်အပေါင်းတို့ကိုခေါ်ပြီး
လျှင်။နို့စို့ဝက်ငယ်တို့ကို၊အလယ်က-နေစေ၍။ချင်းတို့အမိတို့ကို
ပြင်ကထားပြီးမှ။ သားမဖွားသောဝက်မ-တို့ကို။ ခြံရံစေကုန်၏။
ထိုဝက်မတို့၏။ပြင်နှိုက်ကား။ဝက်ငယ်တို့ကိုထားပြန်၏၊ထို့ပြင်
နှိုက်ကား။အစွယ်တိုသောဝက်တို့ကို၊ထားပြီးမှ။အိုမင်းသောဝက်
တို့ကိုနေစေကုန်၏၊ထိုဝက်အိုတို့ပြင်မှ၊ သန်မာကုန်သော ထက်
သောအစွယ်ရှိကုန်သော ဝက်တို့ကိုဆယ်ခုစီ-ဆယ်ခုစီ-စသဖြင့်
အရအရဖွဲ့၍၊ခြံရံစေ၏။ မိမိနေရာအလို့ငှါ၊တခုသောကျင်းကို၊
တူးစေပြီးမှ။ကျားကို-ကျစိမ့်သောငှါတခုသော တွင်းလိုဏ်ကိုပြု
စေသတတ်။နှစ်ခုသောကျင်းတို့၏အလယ်တွင်၊မြေပလ္လင်ပြုစေပြီး
မှ။ပလ္လင်အပြင်သို့တက်၍။ဤသို့စည်းကြပ်၏။ ဤဝက်အပေါင်းတို့
တွင်အကြင်ဝက်သည်၊ရန်သူကိုမြင်၍။ ထွက်ပြေးအံ့။ထိုဝက်ကို၊
အသက်မှ-ရှုံးစေအံ့ဟု၊ ကတိကဝတ်ထားပြီးလျှင်။အစုအစားတို့

ကိုတပ်အတွင်း၊ သွတ်သွင်းစီရင်သဖြင့်။ ညဥ့်သည့်လင်းခြင်းသို့။ ရောက်လေ၏။ ဝက်မင်းသည်။ ပဒုမဗျူဟာစစ်ဆင်နည်းဖြင့်၊ ဗိုလ်ပုတပ်ရဲကို ဖွဲ့ထားပြီးလျှင်။ တပ်သို့-လှည့်လည်၍။ အိုစစ်သည်အပေါင်းတို့မစိုးရိမ်ကြကုန်လင့်၊ မကြောက်ကြကုန်လင့်ဟု-ထပ်ဆင့်* ကွပ်ကဲ့ရဲ့ဆေးဖြူး၍ နေလေဟန်။ ။ထိုအခါ။ ရန်သူကျားမင်းသည်။ တောင်ထိပ်မှသက်ဆင်း၍။ ဝက်ကိုဖမ်းယူအံ့သောငှါ။ ကိုယ်ကိုကုန်း၍ခါပြီးလျှင်။ နောက်သို့ဆုတ်ဟန်ပြု၍၊ ကျင်ငယ်ကိုစွန့်၏။ ဟန္တသုကရဝက်မင်းသည်။ သင့်အတူပြုကြကုန်လော့ဟု။ ဆိုသောအခါ။ ဝက်အပေါင်းတို့သည်။ တပြိုင်နက်တချက်တည်း၊ ကိုယ်ကိုကုန်းလျက်။ ခါတွက်ပြီးလျှင်။ ကျင်ငယ်စွန့်ကြလေကုန်၏။ ရန်သူဖြစ်သောကျားမင်းသည်။ ပြင်းစွာမြည်ဟန်း၏။ ဝက်တို့သည်လည်း။ ဟန်းကြကုန်၏။ ကျားမင်းသည်လည်း။ ယနေ့- စစ်ပြုခြင်းငှါမလျော်ဟုပြန်သွားပြီးလျှင်။ ရသေ့ဗည်းလဲအား၊ ဝက်တို့၏၊ အရအရပြု၍ရခံကြောင်းကိုပြောသေါအခါ။ အသူရာအမျာ်းကို။ သကြားတယောက်တည်းပင်၊ အောင်မြင်သည်မဟုတ်လော၊ သွား၍တိုက်ချေဦးဟု-စေခိုင်းသော့ကြောင့်။ ကျားမိုက်တဘန်။ ရောက်လာပြန်သည်ရှိသော်။ အရှင်သုကရတန္တ၊ ရန်သူလါပြန်ချေပြီဟုပြောဆိုညွှန်ပြသောအခါ၊ သင်တို့မစိုးရိမ်ကြလင့်။ ငါ့အရိုင်ကိုကြည့်ရှု၍။ သတိပြုကြဟု-ဆိုပြီးလျှင်။ မြေပလ္လင်သို့တက်၍။ နေလေ၏။ ကျားမင်းသည်၊ ပြင်းစွာမြိမ်းချောက်မြည်ဟန်းလျက်။ ဝက်မင်းကိုရည်ရူး၍။ ပြေးဝင်လာ၏။ ဝက်မင်းသည်၊ တူးထားအပ်သောတွင်းငယ်သို့၊ ခုန်သက်၍ဝပ်၏။ ရန်သူဖြစ်သောကျားသည်။ ပြေးလာသေအဟုန်ကို။ မသတ်နိုင်ရကား။ လိုဏ်နှင့်တူသောကျင်းသို့ကျဘိ၍။ ရှိုးသကဲ့သို့ နေလေ၏။ ထိုအခါ၊ တန္တသုကရ-ဝက်မင်းသည်၊ ပြင်းသောအရှိန်ဖြင့်* ရုတ်ချည်းထွက်၍။ နှစ်ဘက်သောပေါင်ကြားမှသည်၊ ရင်ဝ-တိုင်ပေါက်ခွဲ၍။ အသဲနှလုံးတို့ကို၊ ခဲသောကာလ။ ပဒုမ- စစ်သည်အပေါင်းတို့သည်။ *သောင်းသောင်းဝန်းပတ်၊ စားလတ် သောအခါ။ အမှုသာကို သိမှုသောဝက်သည်နည်း၏။ မစားရသောဝက်

သည်သာ၊ မျှားစွာရှိလေသတတ်။ ဝက်မင်းသည်။ အဆွေဝက် အပေါင်းတို့။ နှစ်ထောင်း ဝမ်းသာကြပါ၏. လောဟု- မေး သောအခါ။ အလွန်နှစ်သက်ကြပါပြီ။ သို့ရာတွင်။ သေလေသော ကျားနှင့်။ အပေါင်းအဘက်၊ ရသေ့ပျက်တဦး ရှိပါသေးသည်ဟု ဆိုပြီးလျှင်။ ရသေ့ပျက်ထံ သွားကြလေရာ။ ကျားဆရာ- ရသေ့ စဉ်းလဲးသည်လည်း။ ကျားလာ ါးသည်နှင့်။ သွားမြဲးရိးသို့သက် ၍။ကျားကိုမြော်ရာ။ ဝက်များစွာကိုမြင်တပြီးကား။ငါ့ အသးဘေး ဖြစ်လတ္တံ့ဟု တခုသောရေသဖန်းပင်သို့၊တက်၍နေလေ၏။ တစ္ဆ သုကရဝက်မင်းသည်။ အချို့သောဝက်အိုတို့ကို၊ ရေကိုငုံ၍သစ် ပင်ရင်းသို့ထွေးစေ၏။ ဝက်မျိုတို့ကို၊ အမြစ်ကို ကိုက်ဖြတ်စေ ၍။ရေသဖန်းပင်-လည်း သောကာလ။ ရသေ့စဉ်းလဲးကို။ ခဲးကြ လေကုန်၏။ဝက်အပေါင်းတို့သည်။ အလုံးမုံ-ရန်အောင်ပြီးသော အခါ။တစ္ဆသုကရ-ဝက်မင်းကို။ ဝက်မပျိုတခုနှင့်တကွ။ ရေသ ဖန်းတုန်းထက်-တင်လျက်။ ယခင်ရသေ့စဉ်းလဲး၏။ရေသောက် ခရုသင်းဖြင့်ရေကိုဆောင်ယူပြီးလျှင်။ ရေစင်သွန်းခြင်းဖြင့် မင်း အဖြစ်သို့တင်ကြ လေကုန်ဟန်။ ။ယခုအခါ၊ ဒေဝဒတ်သည်။ ထိုအခါ ရသေ့စဉ်းလဲး။ ယခုအခါ၊ ရှေပ္ပဟာတိသသည်။ ထို အခါတစ္ဆသုကရ။ ယခုအခါ၊ ငါဘုရားသည်။ ထိုအခါသစ်ပင် ယောင့်နတ်။

---

# ၄-{မဟာဝါဏိဇဇာတ်။}

{၄} ပဏ်ဏ္ဏကနိပါတ်၊ ဆယ်ခုမြောက်- မဟာဝါဏိဇ ဇာတ်ကို။ လောဘကို ချုပ်သိမ်းလျက်၊ အသက်မသေ၊ ပြန်လာ ကြသော ကုန်သည် အပေါင်းကို၊ အကြောင်းပြု၍။ ဇေတဝန် ကျောင်းတော်အတွင်း။ သီတင်းသုံး နေတော်မူစဉ်၊ ဟောတော် မူသည်။ ။ဗာရာဏသီပြည်နိုက်။ နေကုန်သောလှည်းကုန်သည် ငါးရာတို့သည်။ တရံရောအခါ။ ကုန်သွယ်ကြအံ့ဟု ပြည်မှထွက်

ကြလေကုန်သည်ရှိသော်။ ခရီးခဲအကြား၊ လမ်းမှားကြကုန်သည် ဖြစ်၍၊နဂါးသိမ်းဆည်းအပ်သော၊ပညောင်ပင်အောက်သို့ရောက် ကြသောအခါ။ ဆာလောင် မွတ်သိပ်ခြင်းဖြင့်၊ ပြင်းစွာနှိပ်စက်ရ ကား။အရှေ့သို့ သွားသော ညောင်ကိုင်းသည်။ ရေရှိယောင် တ ကားဟု၊ခုတ်ဖြတ် ကြသောအခါ၊ များစွာရေထွက်၍။ သောက် ချိုးသုံးဆောင် ကြရကုန်၏။ တောင်သို့ သွားသော ညောင်ကိုင်း ကို၊ ခုတ်ဖြတ်ကြသည်ရှိသော်။ များစွာသော ခဲဘွယ် ဘောဇဉ် တို့ကို၊ သုံးဆောင်စားသောက်ကြရကုန်၏။ အနောက်အရပ်သို့ သွားသော ညောင်ကိုင်းကို။ ခုတ်ဖြတ် ကြသော အခါ။ များစွာ သောမိန်းမတို့သည်။ ထွက်လာပြီးလျှင်။ တယောက် တယောက် သောကုန်သည်အား။ တယောက် တယောက်သော မိန်းမသည် ရောက်လာ၏။လှည်းမှူးကြီးအားကား။ နှစ်ကျိပ်ငါးယောက်ကုန် သောမိန်းမတို့သည်။ ခြံရံကြလေကုန်၏။ မြောက်သို့ သွားသော ညောင်ကိုင်းကို။ ခုတ်ဖြတ်သော ကာလ။ များစွာသော ရွှေငွေပု လဲ၊ပတ္တမြားနှင့်တကွ။ မွန်မြတ်သောအခင်းအရုံ၊ အခြုံအထည် တို့သည်၊ထွက်လာပေကုန်၏။ထို့နောင်မှ၊ကုန်သည်မိုက်တို့သည် ညောင်မြစ်ကိုတူး၍။ ဖြတ်လှည်းကြကုန်အံ့ဟု-ညောင်ပင်ရင်းသို့၊ ချဉ်းကပ်သော ကာလ။ လှည်းမှူးကြီးသည်၊ လက်အုပ်ချီလျက်၊ တောင်းပန်၏။ အိုအချင်းတို့ အမြစ်ကိုမတူးမဖြတ်ကြပါလင့်။ သင် တို့အား၊ များစွာသောရွှေငွေရတနာတို့ကို၊ ပေးပေသော သစ်ပင် ဖြစ်ပေသည်၊ အဆွေခင်ပွန်းကို၊ ဖျက်ဆီးရာ ရောက်တော့မည် ဟု-တောင်းပန် သော်လည်း။ ဖြတ်အံ့သော အချင်းအရာကိုသာ ပြုသောကာလ။ ညောင်ပင်စောင့် နဂါးမင်းသည်။ အမျက်ထွက် ရကား။ အင်္ဂါလေးပါးရှိသော စစ်သည်တို့ကိုထွက်စေ ပြီးလျှင်။ လှည်းမှူး ကြီးကိုထား၍၊ကြွင်းသောလှည်းသားတို့ကို ဖွဲ့ပြာဖြစ်စေ ကုန်၏။ အလုံးစုံသော လှည်းငါးရာတို့တွင်၊ ရတနာ ခုနစ်ပါးအ ပြည့်တင်ပြီးလျှင်။ လှည်းမှူးကြီး အိမ်အရောက်ပို့ချေဟု၊ နဂါး မင်းက၊ စေသည်ဖြစ်၍။ နဂါး လုလင် တို့သည်၊ လူ၏အသွင်

ဆောင်၍ပို့ကြလေဟန်။ ။ယခုအခါ။ သာရိပုတြာသည်။ ထိုအခါ၊နဂါးမင်း။ ယခုအခါ၊ ငါဘုရားသည်။ ထိုအခါ။ လှည်းမှူးပညာရှိ။ ။

---

## ၄-{သာဓိနဇာတ်၊}

{၅} ပကိဏ္ဏကနိပါတ်။ တဆဲ့တခုမြော်- သာဓိနဇာတ်တော်ကိုဥပုသ်သောက်တည်ကုန်သောဒါယကာတို့ကို။အကြောင်းပြု၍။ ဇေတဝန်မဟာဝိဟာရဝယ်ဟောတော်မူသည်။ ။မိထိလာပြည့်ရှင်-သာဓိန မင်းကြီးသည်။ အလှူတင်းကုပ် ခြောက်ဆောင်ပြုစေ၍ ဇမ္ဗူဒိပ်ကျွန်းသူလူအပေါင်းတို့အား။လယ်ယာမလုပ်မကိုင်စေဘဲ။ ကျွေးမွေးတော်မူခြင်း၊ *သီတင်းသီလ စောင့်ထိန်း ဘော်မူခြင်းတည်းဟူသော ကျေးဇူးဂုဏ်တော်သည် ပျံ့နှံ့ရကား။ သကြားနတ်မင်းစသော နတ်အပေါင်းတို့သည်၊ မြတ်လေးကြည်ညိုဖူးတွေ့လိုသည်ဖြစ်သောကြောင့်၊ သိန္ဓောမြင်းတဆောင်ကသောနတ်ရထားဖြင့်သွား၍ဆောင်ယူချေဟု-သကြားနတ်မင်းသည်ပေလွှတ်အပ်ရကား၊မာတလိနတ်သားသည်၊လပြည့်ဥပုသ်နေ့၊ ပြည်သူပြည်သားတို့၊ညစာစားပြီးအချိန်၊တံခါးကိုပယ်ရှား၍။ ရထား-ရတနာ၊လ-နှင့်လာလျှင်၊ကောသရောချို၊ ခြင်္သေ့ခံသေါ်တံခါးဝယ်ရပ်ထားပြီးမှ။အရှင်မင်းကြီး။တာဝတိံသာနတ်၊ပရိသတ်တို့သည်၊ အရှင်မင်းမြတ်ကို၊ကြည်ညိုမြတ်နိုး၊ရှိခိုးပူဇော်ပြီးသောကာလ။ တရားစကားကို၊ဆွေးနွေးမေးမြန်းလိုလှပါသောကြောင့်။ သကြားမင်းအာဏာဖြင့်၊ဆောင်လာရပါသည်၊ဝေဇယန္တာရထားထက်၊ တက်တော်မူပါဟု၊ရှိသေစွာလျှောက်ထားတင်ဆောင်ပြီးလျှင်။ တာဝတိံသာ၊သုဓမ္မာသဘင်သို့၊ဝင်စေတော်မူ၏။သကြားနတ်မင်းသည်လည်း။ အလွန်တရာနှစ်သက်ဝမ်းမြောက်တော်မူသဖြင့်၊ သကြားစည်းစိမ်ချမ်းသာကို၊ထက်ဝက်ဆက်သတော်မူ၏။သာဓိနမင်းကြီးသည်လည်း၊ လူတို့၏၊အရေအတွက်၊အနှစ်ခုနစ်ရာပတ်လုံး၊နတ်စည်းစိမ်ကိုခံစား၍ပြီးမှ၊

ငြီးငွေ့တော်မူရကား။လူ့ဘုံပြည်သို့။ပြန်လည်လိုကြောင်းကို၊ပြောဆိုသောအခါ၊မါတလိနတ်သားကိုခေါ်တော်မူ၍စေခိုင်းဆင့်ဆိုသဖြင့်၊ဝေဇယန္တာရထားထက်၊ တက်စေပြီးလျှင်။ဝင်းကြီးဥယာဉ်၊မင်္ဂလာရှိသောနေရာထက်ထားခဲ့ပြီးမှ၊ တာဝတိံသာသို့၊ ပြန်ရှာလေသတတ်။ထိုအခါ၊ သာဓိနမင်းကြီး၏။ ခုနစ်နှစ်မြော်ဖြစ်သောမြစ်တော်နာရဒမင်းကြီးသည်။သာဓိနမင်းကြီးထံလာ၍။ ပြည်ဖြင့်ဖိတ်သည်ကိုလည်း-ယူတော်မမူ။ ရက်လည်အောင်အလှူပေးပြီးမှ၊နတ်ရွာစံတော်မူဟန်။ ။ယခုအခါ၊အာနန္ဒာသည်။ထိုအခါ၊နာရဒမင်း၊ယခုအခါ၊အနုရုဒ္ဓါသည်။ထိုအခါ၊သကြားနတ်မင်း။ ယခုအခါငါဘုရားသည်။ထိုအခါ၊သာဓိနမင်း။ ။

—o—

၄-{ဘိက္ခာပရံပရဇာတ်။}

{၄} ပကိဏ္ဏကနိပါတ်၊တသဲ့သုံးခုမြောက်-ဘိက္ခာပရံပရဇာတ်တော်ကို၊ သူကြွယ်သည်၊ တရားကိုပူဇော်သော အဝတ်သင်္ကန်းဆွမ်းတို့သည်၊ အဆင့်ဆင့်အားဖြင့်။ ဘုရားထံသို့ရောက်လာသည်ဟု- ရဟန်းတို့ပြောဆိုကြသည်ကိုအကြောင်းပြု၍။ ဇေတဝန်မဟာဝိဟာရဝယ်။ ဟောတော်ရသည်။ ။ဗာရာဏသီပြည်၊ဗြဟ္မဒတ်မင်းသည်။တရားနှင့်အညီ၊ မင်းပြုတော်မူ၏။ တရံရောအခါ၊တို့အရှင်မင်းကြီးသည်။တရားနှင့်မညီတကါးဟု-ပြောကြားသောသူတို့သည်၊ ရှိမည်သောဟု၊ ပရောဟိတ်ပုဏ္ဏားကိုခေါ်ပြီးလျှင်အစည်သဖြင့်ရုံထော်ရော၊ တခုသောပစ္စန္တရာဇ်ရွာသို့ရောက်သဖြင့်။တခုသောစရပ်နှိက်နားနေလေ၏။ထိုအခါ၊ အခြံအရံများစွာနှင့်တကွ။ ကုဋေရှစ်ဆယ်ကြွယ်ဝသော-ထိုရွာသားသူဌေးသည်။ရေဆိပ်သို့သွားသည်ရှိသော်။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောမင်းကိုမြင်သောကာလ။မြင်သည့်နှင့်တကွနက်ရုံမက်မြတ်နိုးသည်ဖြစ်၍၊ စရပ်သို့ဝင်ပြီးလျှင်။ပဋိသန္ထာရစကားကို။ပြောဆိုခဲ့ပြီးမှ။အိမ်သို့ပြန်၍။အထူးထူးသောခဲဘွယ်ဘောဇဉ်တို့ကိုယူဆောင်

ဆက်သ၏။ထိုအခါ။စရင်ဝယ်-ရသေ့တပါး။ ပစ္စေကဗုဒ္ဓါဘုရား
တဆူရှိသတယ်၊ပြည့်ရှင်မင်းမြတ်သည်။ မိမိအလို့ငှာ။ သူကြွယ်
ဆက်ကပ်သောပွဲတော်ကို၊ ဆရာပုန်ဏားအားပေး၏။ ဆရာပုန်
ဏားသည်သည်း။ရသေ့မြတ်အား။ ကပ်လှူလေ၏။ ရသေ့မြတ်
သည်သည်း။ ပစ္စေကဗုဒ္ဓါအရှင်ဘုရားအား။ ကရားမှရေကို သွန်း
လျက်၊ရေစက်ချ၍လှူလေဟန်၊ ။ထို့နောင်။ပစ္စေကဗုဒ္ဓါသည်။
မိမိဆက်-မြတ်သောပုဂ္ဂိုလ်ကို။မမြင်ရကား။ အခြားသို့မပေးမူ၍
ဘုဉ်းပေးတော်မူလေ၏။ထိုအခြင်း အရာကို၊ သူကြွယ်မြင်၍။မင်း
ကြီးအားမေးလျှောက်ရာ။ ဤပုန်ဏားသည်။ငါ့အား သွန်သင်ပေ
သောဆရာဖြစ်၍။ ငါ့ပွဲတော်ကိုအွေးသည်၊ ပုန်ဏားကိုမေးမြန်းရာ
အရှင်ရသေ့သည်၊ အိမ်ရာမရှိ၊ ဆရာတို့ထက် မြတ်ပေသော
ကြောင့်။ကပ်လှူပါသည်။ဆိုပြန်သောကာလ။ ရသေ့မြတ်ကို၊မေး
လျှောက်ပြန်ရာ၊ပစ္စေကဗုဒ္ဓါအရှင်သည်၊ အလုံးစုံအာသဝေါကင်း
ကြွ၍-ဆခု့ဆက်အလှူနှံမြတ်ပေသောကြောင့်၊ ရေစက်သွန်းချ။
လှူရပေသည်ဟု-ပြောပြန်လေသည်။ပစ္စေကဗုဒ္ဓါကို၊ မေးလျှောက်
ရာ၊ဤပရိသတ်တွင်။ငါ့ဆက်မြတ်သောသူမရှိ၊ စင်ကြယ်သန့်ရှင်း
သောဆွမ်းဖြစ်သောကြောင့်။ဘုဉ်းပေး သုံးဆောင်သည်ဟု။ မိန့်
တော်မူပြီးလျှင်။သူကြွယ်အား။ ဆွမ်းအနုမောဒနာပြု၍။ နန္ဒမူလိုဏ်
သို့ ကြွတော်မူသောဟန်၊ ။မင်းပရောဟိတ်တို့သည်လည်း၊ဗာရာ
ဏသီပြည်သို့ပြန်လေဟန်။ ။ယခုအခါ တရားကိုပူဇော်သောသူ
ကြွယ်သည်။ထိုအခါ၊ကုဋုမ္ဗိက။ယခုအခါ။အာနန္ဒာသည်။ ထိုအ
ခါ။ဗာရာဏသီမင်း၊ယခုအခါ၊သာရိပုတ္တရာသည်။ ထိုအခါပရော
ဟိတ်။ယခုအခါငါဘုရားသည်။ထိုအခါရသေ့သူမြတ်။

---

၇-{စိတ္တသမ္ဘူတဇာတ်။}

{၇} ဝိသတိနိပါတ်၊ နှစ်ရမြောက်၊ စိတ္တသမ္ဘူတဇာတ်ကို၊
ရဟန်းနှစ်ယောက်တို့၏၊အတူတကွစားခြင်း။ [illegible]ခြင်း

၄၉၄၈
စာကြည့်တိုက်

ဖြင့်၊သင့်တင့်စွာနေကြသည်၏ အဖြစ်ကို၊အကြောင်းပြု၍၊ ဇေတဝန်မဟာဝိဟာရဝယ်၊စခွယ်တော်မူစဉ်၊ဟောတော်မူသည်။ ။

အဝန္တိတိုင်း-ဥဇ္ဇေနီပြည်ဝယ်၊အဝန္တိမင်း- မင်းပြုသောအခါ၊မြို့၏အပ၊ဒွန်းစဏ္ဍားရွာငယ်တွင်၊ ငါတို့ဘုရားအလောင်းတော်ကို၊ဖွားမြင်တော်မူသည့်ဘုရားအလောင်း၏မိထွေးမှလည်း။တယောက်သော သားကိုဖွားမြင်သည်၊ ထိုသူနှစ်ယောက်ရှိသည်၊စိတ္တဟူသောအမည်၊သမ္ဘူတဟူသော အမည်ကို ယူကြကုန်၏။ အတူတကွသာလျှင်၊ သွားလာလှည့်ပတ်ကြ၍။ အသွယ်သို့ ရောက်သောအခါ။ ဒိသာပါမောက္ခ အနေ့ဆံအတတ်ပညာသင်၍၊ ရသေ့ရဟန်းပြုကြပြီးလျှင်၊ ရဘော့ကျသောအာရုံနိုက်။ နေရဉ္ဇရာမြစ်နားတွင်သခင်ငယ်နှစ်ခုဖြစ်ကြ၍၊ အတူတကွ ကျက်စားပြီးလျှင်၊ တခုသော သစ်ပင်ရိပ်တွင်၊ဦးခေါင်းတင်ကာ၊ ဦးချိုယှက်ကာ၊နှုတ်သီးချင်းဘင်ကာ၊ကပ်ငြိကုန်လျက်၊ မြုံ့ခတ်၍နေကြရာ၊တဦးသောမုဆိုး၏လှံချက်ဖြင့်၊ဘဝပိုင်နက်သေပြီးနောက်၊ ဂင်္ဂါမြစ်နားဝယ်၊ပံသိုဌက်အမျိုးနိုက် ဖြစ်ပြန်၍၊ တယောက်သော ငှက်ခတ်မုဆိုးသည်၊ဆောင်၍သတ်သဖြင့်၊ ရကျေ့ဘဲ့ပြန်သည်ရှိသော်၊ စိတ္တပညာရှိသည်၊ကောသမ္ဗီပြည်နိုက်၊ ပုရောဟိတ်သားဖြစ်လှာ၏။ သမ္ဘူတပညာရှိသည်၊ ဥတ္တရပဉ္စာလမင်းသားဖြစ်လှာ၏။ စိတ္တာသုခမိန်သည်၊ တဆဲ့ခြောက်နှစ်ခြောက်သောအခါ၊ ဟိမဝန္တာသို့ဝင်၍၊ရသေ့ရဟန်းပြုလျှင်၊ မကြာမတင်၊ ဈာန်အဘိညာဉ်ကိုရလျက်၊ငြိမ်သက်စွာနေလေဟန်။ ။ထို့နောင်၊ သမ္ဘူတသည်လည်း၊ အဘခမည်းတော်လွန်သဖြင့်၊ မင်းအဖြစ်ကိုယူလေ၏။ ယူသောနေ့နိုက်ပင်၊မင်္ဂလာသီချင်းကိုသီတော်မူ၏။ ထိုမင်္ဂလာသီချင်းသည်မင်းချစ်အပ်သော သီချင်းတည်းဟု- အပျံ့အနှံ့သိကြကုန်၏။ ပရောဟိတ်သားဖြစ်သော နောင်တော် စိတ္တရှင်ရသေ့သည်လည်း။ဝါတော်ငါးဆယ် စေ့သောအခါ၊ ငါ၏ညီတော် ဥတ္တရပဉ္စာလမင်းသည်၊ သားသမီးတို့ဖြင့်များစွာပွားစီးခြင်းသို့ ရောက်ရာပြီ။ငါသွား၍တရားဟောအံ့ဟု ဟိမဝန္တာမှကြွလာ၍။ ဥယျာဉ်တော်

မင်္ဂလာရှိသောကျောက်ဖျာအပြင်၌နေတော်မူရာ။ ထင်းခေါင်အို့သောငှာလာသောသူငယ်တဦးသည်။မင်္ဂလာသိချင်းကိုသာ။ ထပ်ကာထပ်ကာ၊ အဖန်တလဲလဲ သီသည်ကို၊ စိဉ္စ သုခမိန်ကြားတော်မူ၍၊ မင်းကြီးထံ- သိချင်းထူးကို သိချေဟု လွှတ်တော်မူလိုက်၍။မင်းကြီးထံသိရောနေခင်တော်စိဉ္စသုခမိန်သည်၊ မင်္ဂလာဥသျှောင်နှိုက်ရှိသည်၏အဖြစ်ကိုသိတော်မူ၍၊ အလွန်ဝမ်းမြောက်ပမ်းသာ၊ အင်္ဂါလေးပါးရှိသော ပစ်သည်အပေါင်း ဖြိုရုံလျက်၊ ထွက်တော်မူပြီးလျှင်၊စိဉ္စသုခမိန်၏ခြေတော်ကိုရှိခိုး၍၊ ဤသို့ဆိုလေသတတ်။ အရှင်စိဉ္စသုခမိန်အား။အကျွန်ုပ်သည်၊ အလွန်ချစ်ခင်လေးမြတ်လှပါသည်။ အကျွန်ုပ်၏ ကာမဂုဏ် ပည်းစိမ်ကို-ထက်ဝက်ခွဲ၍ ပေးပါမည်။ ခံပါး သုံးဆောင်တော် မူလောဟု လျှောက်ထားသောကာလ။ ကာမ-ချမ်းသာကိုငါမလို၊ မိမိကိုယ်ကိုသာ၊ငါစောင့်တော်မူတော့မည်။ သင့်အား၀ါတို့၏ အသက်သည်ဖြစ်ပျက်ပေါက်လွှဲ။မခြိုင်းသတောရှိ၏၊ သင်နှင့်ငါသည်လည်းယှဉ်မာရွာသောငွေနှင်းစထူးညီနေခင်ဖြစ်ကြ၍၊ ဘင ပေါက်လွှဲပြန်လျှင်၊ သမင်နှစ်ခုဖြစ်ကြလျက်၊ ဝံလိုင်ငှက်ဖြစ်ငြိမ်၊ ယခုလူ့ဘဝကိုကြပြန်၏ဟု- လေးဘဝကို ပြန်ပြော၍၊ တရေး ဟောပြောသော်လည်း၊ တောထွက်ခြင်းငှာ၊ အလိုမပါရကား။စိဉ္စသုခမိန်သည်၊ မင်း၏ဦးခေါင်းထက်၊ဘဝါးမှမြည်ကဲ့သို့ ချသက်ဲ့သို့ပြု၍၊ ငါမဝဉ္စသို့ ပြန်လေဟန်။ ။ပြည့်ရှင်မင်းမြတ် သည်လည်း။ ထိတ်လန့်တော်မူသဖြင့်၊သားတော်ကြီးအား၊ ထီးနန်းအရိုက်အရာကိုလွှဲလျက်၊တောသို့ဝင်၍ ရသေ့ပြုသဖြင့်၊ စိဉ္စသုခမိန်ကဆီး၍ကြိုဆိုဟန်။ ။ယခုအခါ၊အာနန္ဒာသည်၊ထိုအခါ။ သမ္ဗုဒ္ဓယခုအခါ၊ငါဘုရားသည်။ထိုအခါစိဉ္စသုခမိန်။ ။

—0—

၈-{ ဗုဒ္ဓဟံသဇာတ် }

{၈} ဝိသတိနိပါတ်ခြောက်ခုမြောက်၊ဗုဒ္ဓဟံသဇာတ်ကို အရှင်

အာနန္ဒာ၏ မြတ်စွာဘုရားကိုယ်တော်မှားအသက်စွန့်ခြင်း ကိုပင်လျှင်အကြောင်းပြု၍။ ဝေဠုဝန်ကျောင်းတော် အတွင်း၊ သီတင်းသုံးနေတော်မူစဉ်ဟောတော်မူသည်။ ။ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းလက်ထက်၊ ငါတို့ဘုရားအလောင်းတော်သည်။ တေရဋ္ဌဟင်းသာမျိုးနွယ် ဖြစ်တော်မူ၍ အခြံအရံကိုးသောင်း ခြောက်ထောင်နှင့်တကွ။စိတ္တကုဋ တောင်နိုက်နေတော်မူ၏။ တရံရောအခါ၊ဗြဟ္မဒတ်မင်းကြီး၏ ခေမာအမည်ရှိသောမိဖုရားကြီးသည်။ရွှေဟင်းသာမင်း၏ တရားကို နာရသတတ်ဟု- အိပ်မက်မြင်သဖြင့်။ ချင်ခြင်းဖြစ်ရကား။နာယောင်မူသဖြင့်အိပ်စက်၏။ ဗြဟ္မဒတ်မင်းကြီးသည်၊ အဘယ်မိဖုရား၊ သင်အားမချမ်းသာသည်ကား၊ အကြောင်းအသို့နည်းဟု–မေးတော်မူသောကြောင့်၊ အိပ်မက်ကိုပြန်ပြောရာ။အဘယ်မိဖုရား၊မစိုးရိမ်လင့်ဟု။သက်သါရာရစေပြီးလျှင်မြို့တော်မှ မနီးမဝေးသော အရပ်၌ခေမာအမည်ရှိသော၊ ရေအိုင်ကိုတူးစေလျက် ကြာမျိုးငါးပါး၊ပဒါးပြောင်းပဲစသည်တို့ဖြင့်ပြည့်စုံစေပြီးလျှင်၊အလုံးစုံသောသားငှက်အပေါင်းတို့အား၊ ဘေးဘျမ်းမရှိစားသောက်စေဟု- ခေမာမည်သောမုဆိုးသည် ကြွေးကြော်ပြီးလျှင်။ ထိုအိုင်တွင်စောင့်နေရလေ၏။ မည်သည့်ငှက်မျိုးလာကြောင်းများကိုလည်း။မင်းကြီးအားမပြတ်ကြားရ၏။တရံရောအခါ။တေရဋ္ဌရွှေဟင်းသာမင်းသည်။ဟင်းသာအပေါင်း-ကိုးသောင်းခြောက်ထောင်နှင့်တကွ။ခေမာအိုင်သို့သက်၍။ ကျက်စားတော်မူလာ၏။ ခေမာမုဆိုးသည်လည်း။မင်းကြီးထံပြန်၍ လျှောက်ထားရာ၊အနေခင်မုဆိုး။ထိုသို့တပြီးကား။ ရအောင်ထောင်ယူပါ-မမေ့မလျော့ပါလင့်ဟုမှာတော်မူပြီးလျှင်။ များစွာသော အသပြာတို့ကိုပေး၍–လွှတ်တော်မူလိုက်၏။ ခေမာအမည်ရှိသော မုဆိုးသည်။ တေရဋ္ဌဟင်းသာမင်း၏ ခြေချရာကိုအသေအချာမှတ်သား၍။လျှော်တံဖျားဖြင့် ကြော့ကွင်းကို ချထား၏။ တေရဋ္ဌ ဟင်းသာမင်းသည်၊ ဟင်းသာ ငှက်အပေါင်း ခြံရံလျက်။ ကျက်စား လာသောအခါ၊ခေမာမုဆိုး၏ ကြော့ကွင်းသို့ သွင်းတော်မူမိဟန်။ ။

ထို့နောင်ဓတရဋ္ဌ ရွှေဟင်းသာမင်းသည်လည်း။ သုံးကြိမ်ငင်ရှုန်းတော်မူသဖြင့်။မုဆိုး၏ကြော့ကွင်းသည်။ အငြေအသားအကြောတို့ကို ဖြတ်လျက်အရိုးကိုး ထိ၍တည်လေ၏။ ထိုအခါကြံ့တော်မူသတတ်။ ငါသည် အကယ်၍ ကျင်နာသော အသံကို ပြုအံ့။ အခြွံအမျိုးတို့သည်။ ရေစာမဝ၊ပျံကြကုန်လတ္တံ့ဟု ကြံသဖြင့် သည်းခံတော်မူပြီးမှ။ ရေစာဝသောအခါ ကျင်နာသံကိုပြုတော်မူ၏။ငှက်အပေါင်းတို့သည်လည်း။သုံးရပြု၍ပျံကြလေကုန်၏။သုမုခအမည်ရှိသော စစ်သူကြီးဟင်းသာမင်းသည်။ ငှက်အပေါင်းတို့တွင်ဓတရဋ္ဌဟင်းသာမင်းကို ကြည့်ရှုရှာဖွေသည်ရှိသော်မတွေ့မမြင်ရကား။ ယခုရောက်သော ဘေးသည်။ဟင်းသာဘုရင်အရှင်မင်းကြီးဘေးတည်းဟုသိသဖြင့်။ဟင်းသာမင်းထံပျံခဲ့ပြီးလျှင်။ အနီး၌ကပ်နေလာ၏။ထိုအခါဟင်းသာမင်းသည်။သုမုခအား။ ရွှေအဆင်းရှိသောစစ်သူကြီး။အဘယ့်ကြောင့် ဤအရပ်သို့ပျံလာဘိသနည်း။အခြားသောဟင်းသာတို့ကဲ့သို့ဘေးရန်လွတ်ရာသွားဘိလောဟုဆိုသောကာလ။အရှင်မင်းကြီး၊အကျွန်ုပ်၏အသက်သည်၊ အရှင်မင်းကြီးနှင့်စပ်၍ဖြစ်၏။ဤသို့အစရှိသည့်ဖြင့်အထွေထွေအပြားပြားပြောဆို၍နေကြကုန်စဉ်။ခေမာမုဆိုးသည်၊ လှံတံကိုစွဲကိုင်၍ပြေးလာသောကာလ။သုမုခစစ်သူကြီးသည်။ ဟင်းသာမင်းအား-နှစ်သိမ့်စေခြင်းငှာ။မုဆိုး၏ရှေ့သို့အရိုအသေသွားပြီးလျှင်။ဓတရဋ္ဌရွှေဟင်းသာမင်း၏ဂုဏ်ကျေးဇူးစကားကိုများစွာဆိုလေ၏။ခေမာမုဆိုးသည်လည်း။နူးညံ့သောစိတ်ရှိသည်ဖြစ်၍။ ဘုရားလောင်းထံကပ်ပြီးလျှင်၊ပညာရှိပါလျက်၊ ကြော့ကွင်းကိုအဘယ့်ကြောင့်မမြင်သနည်းဟု-မေးသည်ရှိသော်။အဆွေမုဆိုး။ အကြြင်သတ္တဝါအား။အကြြင်အခါ၌- ပျက်စီးချိန်ရောက်လာ၏။ ထိုအခါထိုသတ္တဝါအား။ပိုက်ကြော့ကွင်းတို့ကိုမမြင်ပြီဟု၊ ဤသို့စသည်ဖြင့်တရားစကား ပြောကြားသောအခါ။ ခေမာမုဆိုးသည်။ ကြော့ကွင်းမှဖြေ၍။ အရေအသားတို့ကိုဆုပ်နယ်သည်ရှိသော်။ ပကတိအတိုင်းဖြစ်လေ၏။ထို့နောင်မှ-ခေမာမုဆိုးသည်။ အရှင်တို့ပျံကြကြလေ

ကော့ဟု– လွှတ်သောအခါ ဝေတရဠဟင်းသာမင်းသည်။ မှုဆိုး အားဤသို့ကြားစေတော်မူပြန်၏။ အဆွေမုဆိုး သင်၏အလိုဖြင့် ငါတို့ကို ထောင်သလော။ စေသူရှိသလောဟု၊ စစ်ကြောတော်မူ သောအခါ။မင်း၏အလိုဖြစ်ပါကြောင်းနှင့်၊ လျှော်ဆိုသောကာလ၊ ငါတို့နှစ်ပါးကို၊ မင်းကြီးအားပြဦးဟု–စေတော်မူသဖြင့်။ မင်းထံ ဆောင်၍ဆက်သရာ။ ဗာရာဏသီမင်းမိဖုရားနှစ်ပါးတို့သည်။ အ လွန်မေတ္တာသက်ဝင်ကြသဖြင့်။ ရွှေအင်းပျင်တွင် ထားလျက်။အ စားအသောက်တို့ကိုရှိသေစွာကျွေးပြီးမှ။ညဉ့်သုံးယာမ်ပတ်လုံး။တ ရားတော်ကိုနာကြကုန်၏။ဓတရဋ္ဌဟင်းသာမင်းသည်လည်း။ နေ အရုဏ်တက်သည့်တိုင်အောင်တရားဟောပြီးမှ။မမေ့မလျော့ကြ လင့်ဟု။ အဆုံးအမပေးတော်မူပြီးလျှင်။ မြောက်လေသာပြူတင်းမှ ထွက်၍၊စိတ္တကုဋတောင်သို့ညီနောင်နှစ်ပါးပျံသွားကြလေဟန်။ ။ ထိုအခါ၊မုဆိုးသည်။ယခုအခါ၊ဆန္နအမတ်။ထိုအခါမင်းကြီးသည် ယခုအခါ၊သာရိပုတ္တရာ။ထိုအခါ၊ ခေမာမိဖုရားသည်။ ယခုအခါ။ ခေမာဘိက္ခုနီ။ထိုအခါ၊ရွှေဟင်းသာမင်းပရိသတ်သည်။ယခုအခါ ငါဘုရားပရိသတ်။ထိုအခါ၊သုမုခစစ်သူကြီးသည်။ ယခုအခါ၊အာ နန္ဒာ၊ထိုအခါ၊ဓတရဋ္ဌဟင်းသာမင်းသည်။ယခုအခါ၊ငါဘုရား။ ။

— -o- —

၉–{သဗ္ဗဒိဂုမ္ဗဇာတ်။}

{၉} ဝိသတိနိပါတ်။ခုနစ်ခုမြောက်–သဗ္ဗဒိဂုမ္ဗဇာတ်တော်ကို ငါ့ရှင်တို့၊ ဒေဝဒတ်သည်ယုတ်မာ၏။ ယုတ်မာသောပရိသတ်ရှိ၏ဟု။ရဟန်းတို့ပြောဟောသောစကားကိုအကြောင်းပြု၍။ မဒ္ဒကုစ္ဆိ တောင်နိုက်ဟောတော်မူသည်။ ။ဥတ္တရပဉ္စာလမြို့၌–ပဉ္စာလ မင်း–မင်းပြုသောအခါ၊ဘုရားအလောင်းတော်သည်။ကျေးငှက်အ မျိုးနိုက်ဖြစ်တော်မူ၍။တခုသောတောင်ယံ၊လက်ပံပင်ကြီးနိုက်၊အ မိအဘတို့နှင့် တကွ၊မပျံတတ်သေးရကား။ကျေးသားငယ်နှစ်ခုတို့ သည်အတူနေကြကုန်၏။လေဥဒအရပ်နိုက်ခိုးသားငါးရာလေကြ

အရပ်နိုက်ရသေ့ငါးရာတို့သည်နေကြကုန်သတတ်။တရံရောအခါ၊လေဖွလေဝန်းတိုက်ရကား။ ကျေးသားငယ် နှစ်ခုတို့သည်လွင့်တက်၍။တခုသောကျေးသားသည်။ခိုးသူတို့ရွာလက်ကြားနိုက်ကျသဖြင့်။သတ္တိဂုမ္ဗ- ဟူသောအမည်ကိုမှည့်ထား၍၊ ခိုးသားတို့သည်မွေးမြူကုန်၏။တခုသောကျေးသားသည်။ရသေ့တို့၏အရံအတွင်းပန်းခင်းနိုက်ကျသဖြင့်။ပုပ္ဖက-ဟူသောအမည်ကိုယူစေ၍။ရသေ့တို့သည်မွေးမြူကြကုန်၏တရံရောအခါ။ပဥ္စာလမင်းကြီးသည်။မှူးမတ်ဗိုလ်ပါနှင့်တကွ၊တောသို့ဝင်ပြီးလျှင်၊ တာဝန်းပိုင်းခြား၍သားကိုလိုက်ကြရာမင်းကြီးနံပါးဖြင့်၊သမင်ထွက်ပြေးရကား။ ရှက်စနိုးတော်မူသည်ဖြစ်၍။ရထားကိုစီးနင်းလျက်။ အပြင်းလိုက်လေသည်ရှိသော်။ မှူးတော်မတ်တော်တို့သည် ကျန်ရစ်လေ၏။ မွန်းတည့်သောအခါ-သမင်ကိုမမြင်သည်ဖြစ်၍။ ဆုတ်နစ်ခဲ့ပြီးမှ။ ခိုးသူတို့၏ရွာအနီး။ တခုသောသစ်ပင်ရိတ်တွင်။ အပင်အပန်းဖြေလျက်၊အိပ်စက်တော်မူလေ၏။သတ္တိဂုမ္ဗကျေးသားသည်လည်း၊ ပြည့်ရှင်မင်းမြတ်၏။ပတ္တမြားနားဒောင်းစသောမင်းဝတ်တန်းဆာတို့ကိုမြင်သောအခါ။ပဒိုကောလုမ္ဗ-အမည်ရှိသောသူကိုတိုက်တွန်းနှိုးဆော်၏။မင်းနှင့်ရထားထိန်းသည်၊ သန်းခေါင်အခါကဲ့သို့ အိပ်ပျော်၏။နှစ်ယောက်လုံးကိုသတ်ပြီးလျှင်။အဝတ်တန်းဆာတို့ကို ယူကြကုန်အံ့ဟုဆို၏။ပဒိုကောလုမ္ဗသည်-မသင့်သောစကားကို ဆိုဘိသည်ဟုကျေးသားကို၊တားမြစ်မောင်းမဲ၏။ထိုအခါ၊ မင်းကြီးသည်နိုးတော်မူသည်ဖြစ်၍။ ဤအရပ်သည်ဘေးဘျမ်းရှိသော အရပ်။မနေအပ်သောနေရာတည်းဟု၊ ရထားကိုကစေပြီးလျှင်။ ရထားနှင့်ပြေးကြလေဟန်။ ။ထို့နောက်-ရသေ့ကျောင်းသို့ ဆိုက်တော်မူ၍။ရသေ့တို့မွေးမြူကြသော၊ပုပ္ဖကကျေးသားသည်။ အရှင်လာသည်ကောင်းလေစွ။ဧးမြသောဤရေကိုသောက်တော်ခေါ်ပါ။ချိုနိုးရေ-ရာသောဤသစ်သီးကို၊ ပွဲတော်ကြီးပြုတော်မူပါဟု။ သာယာသောစကားကိုဆို၍၊ခရီးဦးကြိုလေ၏။ရသေ့အပေါင်းတို့သည်လည်း၊သစ်သီးသစ်ဥအလို့ငှာ။နံနက်စောစောကပင်။ တောသို့ဝင်ကြသ

တဘ်။မင်းကြီးသည်ပုပ္ဖကကျေးသားကိုဆို၏။ အလျင်ငါတို့တွေ့သောကျေးသားသည်ကား။ သင်ကဲ့သို့မဟုတ်။ ကြမ်းကြုတ်သောစကားဖြင့်။ငါတို့အားသတ်ဖြတ်ပြီးသောအခါဥစ္စါကိုယူကုန်လောဟု-ဆိုဘိ၏။ သင့်မှာမူကား၊ပျူငှာလောကဝတ်နှင့်တကွ။ ချမ်းမြသောစကားကိုဆိုပေသတည်းဟု။ ချီးမွမ်းသောကာလ။ ပဉ္စာလပြည့်သခင်အရှင်မင်းကြီး၊ ယခင်သတ္တိဂုမ္ဗကျေးသားသည်၊ အခြားသူမဟုတ်အကျွန်ုပ်၏ညီပင်တည်း။လေ၏အဟုန်ဖြင့် လွင့်ကြရာ။ သူခိုးရွာသို့ချင့်မှာ ရောက်လေသောကြောင့် ကြမ်းတမ်းပါသည်။ အကျွန်ုပ်မှာမူကား။ ဆရာရသေ့တို့၏အထံသို့ရောက်ရ၍။ နူးညံ့သိမ်မွေ့ပါသည်-ဟူသည်ဖြင့်၊ပြောကြား၍တရားဟောစဉ်ပင်။ အရှင်ရသေ့တို့ခေါ်လာသဖြင့်။မင်းကြီးသည် အလွန်နှစ်သက်ကြည်ညိုသည်ဖြစ်၍။ ရသေ့ငါးရာတို့ကို- ပုပ္ဖကကျေးသားနှင့်တကွ။ ပဉ္စာလ-မြို့သို့ပင့်ဆောင်လျက်၊ အသက်ထက်ဆုံးလုပ်ကျွေးတော်မူဟန်။ ။ထိုအခါ၊ သတ္တိဂုမ္ဗကျေးသားသည်။ ယခုအခါ။ဒေဝဒတ်၊ ထိုအခါ ခိုးသားငါးရာတို့သည်။ ယခုအခါ၊ ဒေဝဒတ်၏ပရိသတ်၊ ထိုအခါပဉ္စာလမင်းသည်။ ယခုအခါ အာနန္ဒာ၊ထိုအခါ၊ရသေ့အပေါင်းသည်။ယခုအခါငါဘုရားပရိသတ်။ ထိုအခါပုပ္ဖကကျေးသားသည်၊ယခုအခါငါဘုရား။ ။

## ၁၀-{ဟတ္ထိပါလဇာတ်။}

{၁၀} ဝိသတိနိပါတ်တဆဲ့သုံးခုမြောက်၊ ဟတ္ထိပါလဇာတ်တော်ကို၊ ရှင်တော်ဘုရား၏၊ နိက္ခမပါရမီတော်ကို အကြောင်းပြု၍။ဇေတဝန်ကျောင်းတော်အတွင်း၊ သီတင်းသုံးနေတော်မူစဉ်ဟောတော်မူသည်။ ။ဗာရာဏသီပြည်ရှင် ဧသုကာရီမင်းကြီးနှင့်၊ ပရောဟိတ်ပုဏ္ဏားသည်။ အလွန်အကျွမ်းဝင်သတတ်။ တရံရောအခါမင်းနှင့် ပုဏ္ဏားနှစ်ပါးတို့သည် တိုင်ပင် ကြကုန်၏။ အကယ်၍ သင့်အိမ်၌သားရအံ့။ ပြည့်ရှင်ဖြစ်လတ္တံ့။ အကယ်၍

ငါ့ခြွနန်းတော်၌သားရအံ့။ သင့်အိမ်၌ဥက္ကာတို့၏ အရှင်ဖြစ်လတ္တံ့။ ဤသို့ ကတိကဝတ် ထားကြကုန်၏။ တရံရော အခါ ဆရာပုန်ဏားသည်။ မိမိစားသောရွာမှပြန်လာရာ၊ တောင်တံခါး၏အပ၌။ ဗဟုပုတ္တက မည်သောသူဆင်းရဲမကိုတွေ့၍။ ဤခုနစ်ယောက်သော သားတို့ကို သင်အဘယ်အကြောင် ဖြင့်ရသနည်းဟုမေးမြန်းသော အခါ၊ ဆင်းရဲမအား စွဲလှမ်းရာမရကြ၊ ဤညောင်ပင်စောင့် နတ်သည် ပေးပါသည်ဟုဆိုလေ၏။ ပုန်ဏားသည် ညောင်ပင် ရင်းသို့ချဉ်းကပ်ပြီးကာလ။ ညောင်ခက်ကို ဆွဲကိုင်လှုပ်ပြီးလျှင်၊ ဟယ်ညောင်ပင်စောင့်နတ်။ သင့်အားနှစ်စဉ်မပြတ်. တထောင်တ ထောင်သော ဥက္ကာကိုပွဲနံ့သွတ်၍။ ငါဘို့မင်းမြတ်က၊ ပသပူဇော် သည်။ငါဘို့ခင်းမြတ်အား၊သားကိုအဘယ့်ကြောင့်မပေးသနည်း၊ ယနေ့မှခုနစ်ရက်မြောက်လျှင်၊ နင့်သစ်ပင်ကို အမြစ်အရင်းနှင့်တ ကွ၊တူးဆွဖျက်ဆီးမည်ဟု မောင်းမဲ၍သွားလေ၏။ ညောင်ပင် စောင့်နတ်သည်လည်း။ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် ပသည်ဘို့ကို လျှောက်ထား၍ အခွင့်မရကြ။ သကြားမင်းထံ လျှောက်ထားလေ၏။ သကြားနတ်မင်းသည်၊ ပညောင်စောင့်နတ်။ သားလေးယောက်ပင်ရလတ္တံ့ဟု- ဝန်ခံလေလော။ ငါသည်သားလေး ယောက်ပေးပေအံ့ဆို၍။ လွှတ်တော်မူလိုက်၏။ ပုန်ဏားသည် လည်း။ရက်စဉ်အတိုင်းမောင်းမဲဆွဲလှုပ်လျှင်။ ခုနစ်ရက်မြောက် သောကာလ၊သားမပုဆိန်စသည်တို့ကို ဆောင်ခဲ့စေ၍ သားမပေး က- သင့်ဗိမာန်ကို ဖျက်ဆီးတော့အံ့ဟု၊ ခြိမ်းခြောက်သောအခါ။ သားတယောက်သာ မက၊ လေးယောက်တိုင်အောင်၊ သင့်အား ပေးမည်ဆို၍။ ကိုယ်ထင်ပြလျက် ဝန်ခံလေဟန်။ ။ထို့နောင် ဘုရားလောင်း နတ်သား သည်လည်း။ သကြားနတ်မင်း သည် တောင်းပန်အပ်သည် ဖြစ်သောကြောင့်။ ပုန်ဏားမဝမ်းနှိုက်၊ပဋိ သန္ဓေစွဲနေတော်မူလေ၏။ ဖွားတော်မူလတ်သော်။ ဆင်ထိန်းတို့ ထံအပ်နှံလေ၏။ဟတ္ထိပါလမင်းသားခြဲဖြင့်သွားတတ်သောကာ လ။ ပုန်ဏားမအားသားတယောက်ကို ဖွားပြန်သောအခါ။ မြင်း

ထိန်းတို့ထံအပ်နှံလေ၏။ သုံးယောက်မြောက်ဖွားမြင်သောသား
ကို။ နွားထိန်းတို့ထံ အပ်နှံလေ၏။လေးယောက်မြောက် ဖွားမြင်
သောသားကို။ ဆိတ်ထိန်းတို့ထံ အပ်နှံလေ၏၊ အစဉ်အတိုင်း။
ဟတ္ထိပါလ၊ အဿပါလ၊ ဂေါပါလ၊ အဇပါလ- ဟုထင်ရှားလေ
၏။ ကာသိတိုင်းအလုံး၌ရဟန်းသူတော်တို့ကိုလည်း ရှောင်လွှဲစေ
၏။ဟတ္ထိပါလသတို့သား တသဲ့ခြောက်နှစ်ရှိသောအခါ။မင်းနှင့်ပ
ရောဟိတ်ပုဏ္ဏားတို့သည်။ ရသေ့အသွင် ဖန်ဆင်းလျက် ရုံစမ်း
အံ့သောငှါ၊ ဟတ္ထိပါလအိမ်တံခါးနိုက် ချဉ်းကြကုန်သတတ်။ဟတ္ထိ
ပါလသတို့သားသည်။ နှစ်ပါးသော ရသေ့ကိုမြင်သည်ရှိသော်၊အ
ရှင်ဘုရားတို့။ကောင်းသော ဂုဏ်ကျေးဇူးရှိပေသောအရှင်ဘုရား
တို့အား။တသဲ့ခြောက်နှစ်ကြာ၍။ အကျွန်ုပ်မြင်ရပေသည်။ ဤခြေ
ဆေးရေဖြင့်။ ခြေကိုဆေးတော်မူပါ၊ ဤနေရာနိုက်နေတော်မူပါဟု
အလုံးစုံဘိတ်ကြားကုန်၏။ ထိုအခါ မင်းပုဏ္ဏားနှစ်ပါးတို့သည်။
ငါတို့ကား။ အခြားသူမဟုတ်၊သင်၏အဘတို့တည်း။ ချစ်သားသင်
သည်ရဟန်းအသွင်ကိုမြင်သော်၊ရှင်ပြုလိုသည်လော။ မပြုလိုသည်
လောဟု၊ရုံစမ်းလိုသည်ဖြစ်သောကြောင့်၊ ရဟန်းအသွင်ဖြင့်သင့်
ထံလာပါသည်၊ အကယ်၍ရဟန်းမပြုသည်ဖြစ်အံ့။ ပြည်စည်းစိမ်
ကိုခံစားသုံးဆောင်ပါဟု တိုက်တွန်းကြကုန်၏။ ထိုအခါဟတ္ထိပါ
လသတို့သားသည်၊ ပြည်စည်းစိမ်ကိုအလိုမရှိပါ။ ခမည်းတော်တို့
နှင့်ပြောဟောစဉ်ပင်။ ဇာတိ၊ဇရာ၊ ဗျာဓိ၊ မရဏာ ဘေးတို့သည်၊
အကျွန်ုပ်ရှေ့သို့၊ ကပ်ရောက်လာပါသည်။ အကျွန်ုပ်ကို ခွင့်ပေး
တော်မူကြကုန်လော့။ မမေ့မလျော့ကြ ကုန်လင့်ဟု အဆုံးအ
မပေးပြီးလျှင်။ တယူဇနာမျှလောက်သော ပရိသတ်ကို ဆောင်
ယူထွက်သွား၍။ ဂင်္ဂါနားသို့ ရောက်လတ် သည်ရှိသော်။ အာ
ပေါကသိုဏ်းကို စီးဖြန်းသဖြင့်၊ ဈာန်ကို ရတော် မူလေ၏။
ဟတ္ထိပါလရှင်ရသေ့သည်၊ နောက်လာ လတ္တံ့သော ပရိသတ်
သတ်တို့ကိုငံ့တော် မူလျက်- ဤအရပ်တွင်ပင် ဆိုင်း၍ နေတော်မူ
လေဟန်။ ။ထို့နောင်-ညီတော်သုံးပါး၊ ခမည်းတော်၊မယ်တော်

ဧသုကာရီမင်းကြီး။ မိဖုရားကြီးတို့ သည်လည်း။ ဖြစ်ပျက်ခြင်း တရားသဘောကိုနှလုံးသွင်းမိကြသဖြင့်။ တိုင်းသားပြည်သူနှင့်တကွ။ ဟတ္ထိပါလရသေ့ထံသို့ချည်း၊ သွားကြလေကုန်၏။ ဟတ္ထိပါလရှင်ရသေ့သည်လည်းကောင်းကင်မှနေ၍။ အလုံးစုံသောပရိသတ်တို့အား။ တရားခြေချွတ်တော်မူပြီးလျှင်၊ များလှစွာသောပရိသတ်ကိုယူ၍။ တဆဲ့နှစ်ယူဇနာရှိသောဗာရာဏသီပြည်ကြီးကို အချည်းနှီးပြုလျက်။ ဟေမဝန္တာသို့ဝင်ပြီးလျှင်၊ သကြားသည် ပေးအပ်သောအလျားသုံးဆဲ့ခြောက်ယူဇနာ၊ အနံတဆဲ့ငါးယူဇနာရှိသော၊ ရဟန်းတို့၏ သုံးစွဲးရာ။ ပရိက္ခရာနှင့်တကွသော ကျောင်းကိုတွေ့၍။ အလုံးစုံသော ပရိသတ်တို့အား နေရာချထား၍။ နေတော်မူဟန်။ ။ထို့အတူ ဗာရာဏသီပြည်၏ အနီး၊ ခုနစ်ဦးသောပြည်ထောင်မင်းတို့သည်လည်း ပြည်ကိုစွန့်၍။ ဟတ္ထိပါလ ရသေ့ထံ။ သွားရောက်တောထွက်ကြလေကုန်ဟန်။ ။ထိုအခါ၊ ဧသုကာရီမင်းကြီးသည်။ ယခုအခါ၊ ဗုဒ္ဓပိတာ။ ထိုအခါ၊ မိဖုရားကြီးသည်။ ယခုအခါ၊ ဗုဒ္ဓမာတာ။ ထိုအခါ၊ ပုရောဟိတ်ပုဏ္ဏားသည်။ ယခုအခါ မဟာကဿပထေရာ၊ ထိုအခါ၊ ပုဏ္ဏေးမသည်။ ယခုအခါ၊ ဘဒ္ဒကာပိလာ။ ထိုအခါ၊ အဇပါလသည်။ ယခုအခါ၊ အနုရုဒ္ဓါ၊ ထိုအခါ၊ ဂေါပါလသည်။ ယခုအခါ၊ မောဂ္ဂလာနထေရာ။ ထိုအခါ၊ အဿပါလသည်၊ ယခုအခါ သာရိပုတ္တရာ။ ထိုအခါ၊ ကြွင်းသောပရိသတ်သည်၊ ယခုအခါ၊ ဗုဒ္ဓပရိသာ။ ထိုအခါ၊ ဟတ္ထိပါလသည်။ ယခုအခါ သုံးဘုံသူ့ထွတ်၊ တမွတ်ကျော၊ ဘုရားငါ။ ။

———X———

## ၁၁-{ကိံဆန္ဒဇာတ်}

{၁၁} တိံသနိပါတ်၊ ရှေးဦးစွာကိံဆန္ဒဇာတ်ကို။ ဥပုသ်စောင့်ကုန်သော-ဥပါသကာ၊ ဥပါသိကာတို့ကိုအကြောင်းပြု၍။ ဇေတဝန်မဟာဝိဟာရဝယ်၊ စံပယ်တော်မူ၍ဟောတော်မူသည်။ ။ဗာရာဏသီပြည်ကြီးရှင်ဗြဟ္မဒတ်မင်းကြီးသည်၊ မိမိလည်းဒါန-သီ

လကိုအားထုတ်တော်မူ၏။မှူးမတ်ပုန္နားအား၊ ပြည်သားပြည်သူတို့ကိုလည်းအားထုတ်စေ၏။တရံရောအခါ၊ဥပုသ်ယူတော်မူပြီးလျှင် ဥပုသ်သုံးကြကုန်၏လောဟု၊မှူးမတ်တို့ကိုမေးတော်မူပြီးနောက်။ ပရောဟိတ်ပုန္နားကိုမေးတော်မူ၏။ပရောဟိတ်ကြီးသည်။နံနက်အခါတရားကိုတံဆိုးစား၍လည်းဆုံးဖြတ်ခဲ့၏။မင်းကြီးအါးလည်း ချအ်ယွင်းသောစကားဖြင့်။သီလစောင့်ပါ၏ဟုဝန်ခံ၍။ ပြာသာဒ်မှ သက်ဆင်းခဲ့၏။တဦးသောအမတ်သည်၊ပရောဟိတ်ကိုမြင်၍။ ဆရာဥပုသ်မသုံးသည်မဟုတ်လောဟု၊မေးသောအခါ၊ ငါကားနံနက်အခါနှိုက်သာစား၏။ ညအခါမစားမူ၍။ သီလကိုစောင့်ပြီးလျှင်။ ထက်ဝက်သော ဥပုသ်ကိုဖြစ်စေအံ့ဟူ၍စောင့်၏။ တဖန်သောနေ့၌။ပရောဟိတ်တရားဆုံးဖြတ်ရာ။တရားဆိုလှာသော၊ သီလရှိသော မိန်းမသည်။မိမိအိမ်သို့ပြန်ခွင့်မရသောကြောင့်၊ ဥပုသ်သုံးခြင်းအမှုကို၊မလွန်စေအံ့ဟုနှုလုံးသွင်း၍။မွန်းတည့်ခါနီးလတ်သော်၊ ခံတွင်းကိုဆေးအံ့ဟုအားထုတ်၏၊ ထိုမိန်းမ၏သီလသည် အဖြစ်ကို။ပရောဟိတ်သိရကား။ ဤသိရက်သီးကိုစား၍။ ဥပုသ်သုံးပါဟုပေးသောအခါ။ ။ထို့နောင်-ထိုမိန်းမသည်လည်းစားပြီးလျှင်၊ ဥပုသ်သုံးလေ၏။ဤသိရက်သီးမျှကိုပေးခြင်းသည်။ပုန္နား၏ အနည်းငယ်သောကောင်းမှုဖြစ်သတတ်။ နောက်အတ္တဘော၌ ပုန္နားသေ၍ဟေမဝန္တာအရပ်ဝယ်။ကောသိကီမည်သောမြစ်ထိပ်နှိုက်။ သုံးယူဇနာရှိသောသိရက်ဥယျာဉ်ဝယ်။ရွှေဗိမာန်ထက်။အိပ်ပျက်သေါသူသည် နိုးသကဲ့သို့ဖြစ်လေ၏။ တသောင်းခြောက်ထောင်သော နတ်သမီးအခြံရံနှင့်တကွ။ ညအတ္တဘော၌စံစားပြီးမှ။ နေအရုဏ်လာသောကာလ သိရက်ဥယျာဉ်သို့ဝင်ရသဖြင့်။နတ်၏ကိုယ်ကိုစွန့်ပစ်၍။အတောင်ရှစ်ဆယ်ပမာဏရှိသော။ ရဲရဲသောင်သော အငွေ့ဘောက်ရ၍။ လက်နှစ်ဘက်တို့နှိုက် တချောင်းစီသာရှိသဖြင့်၊ ပေါက်တူးကြီးပမာဏရှိသောလက်သည်းတို့ဖြင့်။မိမိကျောက်ကုန်းသားကိုခွဲနှုတ်၍စားလျက်။မမေ့တွက်နိုင်သေါဆင်းရဲကိုခံစားရလေ၏။နေဝင်သည်ရှိသော်၊ ထိုကိုယ်၏အဖြစ်ကိုစွန့်၍။ နတ်တို့၏ပည့်စိမ်ကို

လကိုအားထုတ်တော်မူ၏။မှူးမတ်ပုန်ဏားပြည်သားပြည်သူတို့ကိုလည်းအားထုတ်စေ၏။တရံရောအခါ၊ဥပုသ်ယူတော်မူပြီးလျှင်ဥပုသ်သုံးကြကုန်၏လောဟု၊မှူးမတ်တို့ကိုမေးတော်မူပြီးနောက်။ပရောဟိတ်ပုန်ဏားကိုမေးတော်မူ၏။ပရောဟိတ်ကြီးသည်။နံနက်အခါတရားကိုတံဆိုးစား၍လည်းသုံးဖြတ်ခဲ့၏။မင်းကြီးအါးလည်းချဉ်ယွင်းသောစကားဖြင့်။သီလစောင့်ပါ၏ဟုဝန်ခံ၍။ ပြာသာဒ်မှသက်သင်းခဲ့၏။တဦးသောအမတ်သည်၊ပရောဟိတ်ကိုမြင်၍။ ဆရာဥပုသ်မသုံးသည်မဟုတ်လောဟု၊မေးသောအခါ၊ ငါကားနံနက်အခါနှိုက်သာစား၏။ ညအခါမစားမူ၍။ သီလကိုစောင့်ပြီးလျှင်။ထက်ဝက်သော ဥပုသ်ကိုဖြစ်စေအံ့ဟူ၍စောင့်၏။ တဖန်သောနေ့၌။ပရောဟိတ်တရားသုံးဖြတ်ရာ။တရားဆိုလာသော၊ သီလရှိသောမိန်းမသည်။မိမိအိမ်သို့ပြန်ခွင့်မရသောကြောင့်၊ ဥပုသ်သုံးခြင်းအမှုကို၊မလွှနံစေအံ့ဟုနှလုံးသွင်း၍။မွန်းတည့်ခါနီးလတ်သော်၊ ခံတွင်းကိုဆေးအံ့ဟုအားထုတ်စဉ်၊ ထိုမိန်းမ၏သီလသည် အဖြစ်ကို။ပရောဟိတ်သိရကား။ ဤသိရက်သီးကိုစား၍။ ဥပုသ်သုံးပါဟုပေးလေသတည်း ။ထို့နောင်-ထိုမိန်းမသည်လည်းစားပြီးလျှင်၊ဥပုသ်သုံးလေ၏။ဤသိရက်သီးမျှကိုပေးခြင်းသည်။ပုန်ဏား၏ အနည်းငယ်သောကောင်းမှုဖြစ်သတတ်။ နောက်အဘိုဝ်၌ ပုန်ဏားသေ၍ဟောမဝန္တာအရပ်ဝယ်။ကောသိကိမည်သောမြစ်ထိပ်နှိုက်။ သုံးယူဇနာရှိသောသိရက်ဥယာဉ်ဝယ်။ရွှေဗိမါန်ထက်။အိပ်ပျော်သောသူသည်နိုးသကဲ့သို့ဖြစ်လေ၏။ တသောင်းခြောက်ထောင်သော နတ်သွီးအခြံရံနှင့်တကွ။ ညအဘိုဝ်စံစားပြီးမှ။ နေအရုဏ်လာသောကာလသိရက်ဥယာဉ်သို့ဝင်ရသဖြင့်။နတ်၏ကိုယ်ကိုစွန့်ပစ်၍။အတောင်ရှစ်ဆယ်ပမာဏရှိသော။ ရဲရဲသောင်သော အဆင်းတောက်ရ၍။လက်နှစ်ဘက်တို့နှိုက် တချောင်းစီသာရှိသဖြင့်၊ ပေါက်တူးကြီးပမာဏရှိသောလက်သည်းတို့ဖြင့်။မိမိကျောက်ကုန်းသားကိုခွဲနုတ်၍စားလျက်။မနေ့တွက်နိုင်သောဆင်းရဲကိုခံစားရလေ၏။နေဝင်သည်ရှိသော်၊ ထိုကိုယ်၏အဖြစ်ကိုစွန့်၍။ နတ်တို့၏စည်းစိမ်ကို

ကိုသုံးဘူးသောကြောင့်။ညအခါတသောင်းခြေခံထောင်သော နတ်သ္မီးအခြံအရံနှင့်တကွ။ရွှေဗိမာန်တွင်စံရပေါသည်။ သိတင်းသည်မအားသိရက်သီးကို ပေးဘူးသောကြောင့်။ သိရက်ဥယျာဉ်ကိုရပေါသည်ဟုလျှောက်ပြီးမှ။အရှင်ဘုရားသည်အဘယ့်ကြောင့်ဤအရပ်သို့ကြွလာသနည်းဟုမေးသောအခါ။ရသေ့သည်လည်း။ ရောက်လာခြင်း၏အကြောင်းကိုအလုံးစုံပြန်ကြားပြောဆိုလေ၏။ဝေမာနိကပြိတ္တာသည်လည်း။ ဤအရပ်တွင်အရှင်နေတော်မူအံ့လော ပြန်အံ့လောဟုမေးသောကာလ။ဤအရပ်တွင်မနေလို၊ ပြန်အံ့ဟုဆိုသည်ရှိသော်၊မိမိတန်းခိုးဖြင့်ပို့လိုက်၍။ရသေ့သည်ဈာန်အဘိညာဉ်ရ၍ဖြ[illegible]ပြည်သို့လားသည်တိုင်အောင်။ သိရက်သီးမှည့်တို့ဖြင့်လုပ်ကျွေး၍။ဝေမာနိကပြိတ္တာသည်။ချမ်းသာဆင်းရဲကို။ခံစားစံစား၍နေရပါန်။ ။ယခုအခါ ဥပလဝဏ်သည်။ ထိုအခါ ဂင်္ဂါစောင့်နတ်သ္မီး။ယခုအခါငါဘုရားသည်။ထိုအခါရသေ့သူမြတ်။

—— ၈ ——

## ၁၂-{ကုမ္ဘဇာတ်။}

{၁၂} တိံသနိပါတ်၊ နှစ်ရာမြောက်ကုမ္ဘဇာတ်ကို။ အရှင်ဘုရား၊အရှက်အကြောက်ကို ဖျက်ဆီးတတ်သော်ဤသေသောက်ခြင်းသည်။အဘယ်ကာလမှစ၍ဖြစ်သနည်းဟု၊ ဝိသာခါဒါယိကာမသည်။ ဘုရားအားမေးလျှောက်သည်ကို အကြောင်းပြု၍။ ဇေတဝန် မဟာဝိဟာ ရဝယ်၊ စံပယ်တော်မူစဉ် ဟောတော် မူသည်။ ။ဗာရာဏသီပြည်နိုက်။ ဗြဟ္မဒတ်မင်း။ မင်းပြု သည်ရှိသော်။ ကာသိတိုင်းသား၊တောသွားမုဆိုးတယောက်သည်။ ဟိမဝန္တာသို့ရောက်၍။ တခုသောသစ်ခေါင်းကြီးနိုက်။ မိုးရေသည်တင်သဖြင့်။ ကြဇ ဖန်းခါး သလေးစပါးစသည်တို့သည်ကျသည်ဖြစ်၍၊ နေပူကြောင့် ကျက်ကုန်သော သေရည်ကို၊ ကြက်ငှက်ခွေးမျောက်စသောသတ္တဝါတို့သည်။ သောက်စား ယစ်ဝကုန်သောအခါ။ စဉ်းငယ်အိပ်၍။ ပျော်ရွှင်မြူးတူး ရင့်ကြူး ပျံဝဲကြသည်

ကို၊ ထိုမုဆိုးမြင်သောကာလ။ ဤသစ်ခေါင်းခြေည်သည်။ အခဆိပ်
ရည်ဖြစ်က၊ ဤသတ္တဝါတို့သည် သေကုန်ရာသည်။ သတ္တဝါတို့
နှိက် တရံတခုသောအန္တရာယ်သည်မထင်၊ ငါလည်းသောက်ရ
သော်ကောင်း၏ ဟုကြံပြီးလျှင်။သောက်လေ၍၊ ယဇ်မူးသောကာ
လ။ ထိုသစ်ပင်ရင်းတွင် ယဇ်သည်ဖြစ်၍ အိပ်ကုန်သောကြက်
ငှက်တို့ကို၊ သတ်ညှစ်ဖုတ်ကင်စားပြီးမှ၊ ဝရုဏရသေ့ ထံသို့၊
သေနှင့်တကွသောအမဲကင်ကို ဆောင်ယူပြီးလျှင်။ အရှင်ဘုရား၊
ဤအမဲးကိုစား၍- ဤအချော်ကိုသောက်ကုန်လောဟု ပေးလေသ
တတ်။ထို့နောင်မုဆိုးနှင့်-ရသေ့တို့သည်၊ ထိုသေကိုယူ၍၊ပစ္စန္တ
မင်းအား ဆက်ကုန်၏။ ဤသို့သော နည်းဖြင့်၊ နှစ်ကြိမ်သုံးကြိမ်
ဆက်ပြီးလျှင်။ တောသို့သွား၍၊ သေဖြစ်ခြင်း၏ အကြောင်းကို
မှာ်သားပြီးမှ၊ ပြည်သို့ရောက်သော ကာလ။ အိုးကြီးအိုးငယ်တို့
ဖြင့်၊သေကိုဖေါက်၍ သောက်ကြသည်ရှိသော်။ မေ့သျော့ခြင်းသို့
ရောက်ကုန်ကြသည်ဖြစ်၍။ မြို့သည် သုည်းသက်ဲ့သို့ ဖြစ်လေ၏။
ထို့နောင်– ဝရုဏရသေ့နှင့်- မုဆိုးတို့သည်၊ ထိုပြည်မှထွက်
ပြေးသဖြင့်။ ဗာရာဏသီမြို့သို့ ရောက်ကုန်ကြ၍၊ ရှေးနည်းအတူ၊
သေကိုသောက်စေသဖြင့်။ မြို့သည်သုည်းသက်ဲ့ဖြစ်သို့၍။ သာကေ
တပြည်သို့ ပြေးကြလေကုန်၏၊ သာကေတမှသည်၊ သာဝတ္ထိ
ပြည်သို့ ရောက်လာကြသောအခါ၊ သဗ္ဗမိတ္တမည်သောမင်းသည်၊
ထိုမုဆိုးရသေ့တို့အား၊ သလေးမုန့်ညက်ပေသော၊ အလုံးရုံသော
အဆောက်အဦးတို့ကိုပေး၍။ အိုးစရည်းကြီးငါးရာတို့ဖြင့်သေကို
ပြုစေ၏၊ ထိုမုဆိုးတို့သည်။ ကြွက်သတ္တဝါတို့ဖျက်ဆီးမည်စိုးရ
ကား။အိုး၏အရေအတွက်ဖြင့်၊ ကြောင်တို့ကိုနှောင်ဖွဲ့၍ထားလေ
ဟန်။ ။ထို့နောင်– ကြောင်တို့ သည်လည်း၊ အိုးမှဝေကျလှာ
သောသေရည်တို့ကိုလျက်သဖြင့်၊ တွေဝေမိန်းမောခြင်းသို့ရောက်
ကြလေကုန်၏။ ကြွက်တို့သည်လည်း။ တွေဝေယဇ်မူးကုန်သော
ကြောင်တို့၏ နားနှာခေါင်းစသည်တို့ကို ကိုက်ခဲစားသောက်၍
သွားကြကုန်သတတ်။ မှူးမတ်တို့သည်လည်း။ သေကို သောက်

မိသော ကြောင့်။ ကြောင်တို့သည် သေကုန်၏ ဟု၊ မင်းအား
ကြား လျှောက်ကုန်၏။ ထိုအခါမင်းမြတ်သည်၊ အဆိပ် ရည်ဟု
ထင်မှတ်သဖြင့်။ သေကို စီရင်သော သူနှစ်ယောက်၏ ဦးခေါင်း
ကိုဖြတ်လေ။ သေအိုးတို့ကိုလည်း ရိုက်ခွဲးလေဟု- စေတော်မူ
လိုက်၍။မင်းချင်းယောကျ်ားတို့သည်၊ သူနှစ်ယောက်၏ ဦးခေါင်း
ကိုဖြတ်၍ သေအိုးတို့ကို ခွဲးကြလေကုန်၏။ နှောင်ဖွဲ့အပ်သော
ကြောင်းဘို့သည်လည်း။ အယဇ်အမူးပြေသောကာလ။မြူးထူးကြ
ကုန်၏။ထိုအခါမင်းသည်- အဆိပ်မဟုတ်သောအဖြစ်ကိုသိ၍။မှူး
မတ်တို့ကိုရဝေးပြီးလျှင်၊သေဟူသည်ကား- အလွန်မြိန်မြတ်သော
အရသာရှိ၏။ ငါသည်သောက်အံ့ဟု၊ ထီးမြူ ဆောက်အင်သေးရာ
ဇပလ္လင်သို့တက်ပြီးလျှင်။ သေကိုသောက်အံ့ဟု အားထုတ်သော
အခါ၊သကြားနတ်မင်းသည်၊ပုဏ္ဏားအယောင်ဆောင်၍၊ သေအိုး
ကိုလက်ဝါးအပြင်တင်ထားလျက်။မင်းကြီးရှေ့တော်ကောင်းကင်
၌ရပ်ပြီးမှ၊ဤအိုးကိုဝယ်လော့ဟု-ဆိုသောအခါ။ သဗ္ဗမိတ္တမင်းကြီး
သည်ကောင်းကင်မှသင်နေသည်၊ သင်သည်အသူနည်း။သင်၏အိုး
သည်။ အဘယ်ဝတ္ထုဖြင့်ပြည့်သောအိုးနည်းဟု-မေးတော်မူသော
အခါ။မြတ်သောမင်းကြီး- ဤအိုးသည်။ ထောပတ်ဆီဥစသည်တို့
ဖြင့်ပြည့်သောအိုးမဟုတ်။ဤအိုး၏အပြစ်တို့သည်များစွာရှိကုန်၏
နာတော်မူလော့ဟု ဆိုပြီးလျှင်။ မြတ်သောမင်းကြီး ဤအိုးနှိုက်။
သေရည်တည်း။ ဤသေကို သောက်ကုန်သောသူတို့အား။ ဘဝါး
လှမ်းတိုင်းလှမ်းတိုင်းလည်း။ မကောင်းသောအမှုဟူသမျှတိုင်းကို
လည်းပြုတတ်ကုန်၏။ဤသို့စသည်ဖြင့်။ သေ၏အပြစ်တို့ကိုပြော
ပြီးမှ။ကောင်းမြတ်သောဘောဇဉ်တို့ကိုစား၍။တရားကိုကျင့်လော
ဟုဆုံးမပြီးလျှင်။မိမိနေရာတာဝတိံသာနတ်ပြည်သို့ ပြန်လေသာန်။
သဗ္ဗမိတ္တမင်းသည်လည်း သေအိုးကိုခွဲး၍ တရားကိုစောင့်တော်မူ
ဟန်။ ။ယခုအခါ အာနန္ဒာသည်။ ထိုအခါ သဗ္ဗမိတ္တမင်း။ ယခု
အခါ။ငါဘုရားသည်။ထိုအခါသိကြားနတ်မင်း။

## ၁၃-{ဆဒ္ဒန္တဇာတ်။}

{၁၃} တိံသနိပါတ်လေးခုမြောက်။ ဆဒ္ဒန္တဇာတ်တော်ကို။ ရဟန်းမိန်းမငယ်တယောက်၏ ပြင်းစွာရယ်ခြင်း၊ ပြင်းစွာငိုခြင်းကိုအကြောင်းပြု၍။ ဇေတဝန်ကျောင်းတော်၌၊ သီတင်းသုံးနေတော်မူစဉ်ဟောတော်မူသည်။ ။ဟိမဝန္တာအရပ်နိုက် ဆဒ္ဒန်အိုင်ကိုမှီ၍။ ရှစ်ထောင်သော ဆဒ္ဒန်ဆင်မျိုးတို့သည် နေကုန်၏။ ဘုရားအလောင်းတော်သည်။ ထိုဆင်အပေါင်းတို့၏ မင်းဖြစ်တော်မူ၏။ အစောက်အားဖြင့် ရှစ်ဆယ့်ရှစ်တောင်မြင့်၏။ အလျားအားဖြင့် အတောင်တရာ့နှစ်ဆယ်ရှိ၏။ နှာမောင်းတော်သည်ကားအလျားငါးဆယ့်ရှစ်တောင်ရှိ၏။ အစွယ်သည်ကား၊ လုံးပတ် တဆဲ့ငါးတောင်။ အလျားအတောင် သုံးဆယ်ရှိ၏။ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ ဟူသောဆင်မိဖုရားနှစ်ပါးနှင့်တကွ။ ရှစ်ထောင်သောဆင်တို့သည်ခြံရံအပ်သည်ဖြစ်၍၊ မွေ့လျော်နေတော်မူသတတ်။ တရံရောအခါ။ များစွာသောဆင်အပေါင်းခြံရံလျက်။ ဆဒ္ဒန်ဆင်မင်းသည်။ အင်ကြင်းပန်းတောသို့သွားသည်ရှိသော်၊ ကောင်းစွာပွင့်သောတခုသောအင်ကြင်းပင်ကိုဦးကင်းဖြင့်တိုက်ဘိ၏။ စူဠသုဘဒ္ဒါသည်လေညာနံပါး၌နေ၏။ မဟာသုဘဒ္ဒါသည်၊ လေကြေနံပါးနိုက်နေ၏။ ထိုအခါမဟာသုဘဒ္ဒါမိဖုရားကိုယ်ပေါ်၌ကား။ ဝတ်မှုံဝတ်ဆံပန်းချပ်တို့သည်ကျကုန်၏။ စူဠသုဘဒ္ဒါမိဖုရား ကိုယ်ပေါ်နိုက်ကား။ သွေ့ခြောက်သော သစ်ခက် သစ်ရွက်တို့သည်ငှင်း။ ခါချဉ်ထုပ်သည်ငှင်းကျကုန်၏။ စူဠသုဘဒ္ဒါသည်။ မိမိချစ်သောမယားအပေါ်နိုက်။ ပန်းဝတ်ပန်းမှုံတို့ကိုကျစေ၏၊ ငါ့အပေါ်၌ကား။ ခါချဉ်ထုပ်စသည်တို့ကိုကျစေဘိသည်၊ သိစေလတ္တံ့ဟု၊ ရန်ငြိုးဖွဲ့လေ၏။ တရံရောအခါ၊ တစ်းသောဆင်သည်။ ဆဒ္ဒန်အိုင်မှ ဂုဏ်းဘိးပမာဏရှိသော၊ သတ္တုဒ္ဒြကြာကို ယူဆောင်၍ ဆဒ္ဒန်ဆင်မင်းအားဆက်သရာ။ ဆင်မင်းသည်။ ထိုကြာကိုယူတော်မူ၍။ ဝတ်ဆံဝတ်မှုံတို့ကိုမိမိဦးကင်းနိုက် ကြဲပြီးလျှင်။ မိဖုရားကြီး မဟာသုဘဒ္ဒါအား

ပေးလေ၏။ ထိုအခါလည်း၊ စူဠသုဘဒ္ဒါသည်။ ဆင်မင်းအားတ
ကြံ၍ရန်ငြိုးထားပြန်လေ၏။တနေ့သ၌ဘုရားလောင်းသည်။ သစ်
သီးကြီးငယ်ကြာခွယ်ကြာရင်းတို့ဖြင့်။ အရှင်ပစ္စေကဗုဒ္ဓါတို့အား
လှ၍ကျွေးလှူဒါန်း၏။စူဠသုဘဒ္ဒါသည်လည်း။နောင်သောအခါလင်
ဖြစ်သောဆင်မင်း၏စွယ်တော်ပုံကို၊ ယူနိုင်လိုသောဟု ဆုပတ္ထ
နာပြီးလျှင်။ သစ်သီးကြီးငယ်တို့ကို ပစ္စေကဗုဒ္ဓါ အရှင်တို့အားလှူ
ဒါန်းဟန်။ ။နောက်အဘို့။ စူဠသုဘဒ္ဒါမိဖုရားသည် သေဆုံးပြီး
သောအခါ၊မိမိပတ္ထနာအားလျော်စွာ၊ ဗာရာဏသီမင်းကြီး၏ချစ်
လှစွာသောမိဖုရားဖြစ်၍။ဇာတိဿရဉာဏ်ကိုရသဖြင့်။ ဆဒ္ဒန်ဆင်
မင်းကိုသတ်လိုရကား။ဖျားနာယောင်မူ၍ညောင်စောင်းငယ်ထက်
အိပ်စက်လေ၏။ ထိုအခါ ဗာရာဏသီမင်းမြတ်သည်။ အဘယ်
မိဖုရား။မချမ်းသာသည်ကား၊ အဘယ်သို့ အကြောင်းရှိသနည်းဟု
မေးသောကာလ။ အရှင်မင်းမြတ်၊ အကျွန်ုပ်၏ ချင်ခြင်းသည်အ
လွန်ရခဲပါသည်၊ ယူဇနာသုံးရာရှိသော ကာသိတိုင်း၌။ မုဆိုးတို့
ကိုစုံစုပါဦး။မုဆိုးတို့အလယ်၌ပြောကြားပါမည် ဟုဆိုသောအခါ
လျင်စွာနှိုးဆော်လျက်၊မုဆိုးတော်ခြောက်သောင်းတို့ကို။စုံပေါင်း
၍ပြလေ၏။ ထိုအခါစူဠသုဘဒ္ဒါမိဖုရားသည်။ မိမိ၏ချင်ခြင်းကို
ပြောဆိုပြီးမှ၊မုဆိုးတို့၏ အလယ်၌။ အလွန်ကြီးမား ကြမ်းကြုတ်
သော၊ သောနုတ္တရမုဆိုးကို၊ ပြာသာဒ်ထက်သို့ ခေါ်သွားပြီးလျှင်။
ဆင်မင်း၏နေရာခရီးလမ်းတာ စသည်တို့ကို။ အသေအချာညွှန်
ပြပြောဆိုလျက်၊ထိုမုဆိုးအား ဆုလပ်အသပြာများစွာပေး၍။ တ
ကုမ္ဘာဟုဆိုအပ်သော။ နှစ်ဆဲ့ခုနစ်တင်းနှစ်စိတ်ဝင်သော။ရိက္ခာစား
နပ်၊ပဲခွပ်-ခေါ်မ။လှံကြီး လှံငယ်စသည်တို့ဖြင့် ပြည့်သောသားရေ
အိတ်ကိုအပ်၍။ မြောက်ချပ်ဟိမဝန္တာသို့သွားစေတော်မူ၏။ သော
နုတ္တရ မုဆိုးသည်သည်း၊ သနားတော်မူသော သားရေအိတ်ကြမ်း
ကွမ်းလုပ်ငယ်ပမာ၊ကောက်ခါလွယ်ယူလျက်၊ အထက်မှာထား
ရင်းအတိုင်း။ တောတောင်ပုပ္ပေါင်း၊ချောင်းမြောင်းမြစ်ကြီး။ ခရီး
အတန်တန်တို့ကို။ အားအန်ကြိုးကုတ်။ ထွင်ရုတ်ကူးသန်း၊ လမ်း

နွံတို့ကိုခွါလွှန်၍။ သုဝဏ္ဏပဗ္ဗတတောင်သို့တက်လေ၏။ ဆင်ပြောင်ငါးစီးအားကိုဆောင်နိုင်သည်ဖြစ်၍။ ဗိုလ်တထောင်နိုင်၊ လေးကြိံ့ခိုင်ကို၊ တင်နိုင်ချနိုင်သော၊ သောနုတ္တရမုဆိုးသည်။ ဆင်မင်း၏သွားရော၊ ရပ်ရာအရပ်ကို မှတ်သားပြီးလျှင်။ တွင်းကို စီရင်လေ၏။ မိုးသောက်သောနေ့နက်။ ရသေ့အသွင်၊ ဖန်ရည်တင်သောအဝတ်ကိုယူဆောင်၍။ ဆဒ္ဒန်ဆင်မင်း ရပ်ရာအောက်မှအဆိုင်လုံးသော လေးမြားတို့ကိုယူ၍ချောင်းလေသတတ်ဆဒ္ဒန်ဆင်မြတ်သည်လည်း ရှစ်ထောင်သောဆင်အပေါင်းခြံရံလျက်။ ရေသန့်ရာမှတက်လတ်၍ ရပ်တော်မူသောအခါ။ ပြင်းစွာပစ်လွှတ်လေ၏။ ထိုမုဆိုး၏ ဆိပ်လူးမြားသည်။ ချက်တော်မှပေါ် ထွင်း၍၊ အဖုဦးသရေကျက်ရွက်တို့ကိုမှုန့်မှုန့်ညက်ညက်ကြေပျက်စေလျက်။ ကျောက်ကုန်းကိုထွက်လေ၏။ ဆင်မင်းသည်အလွန်ကျင်နာသဖြင့်။ သုံးကြိမ်ဟည်းတော်မူ၏။ ဆင်အပေါင်းတို့သည်လည်း၊ သေဘေးမှကြောက်ကုန်သည်ဖြစ်၍၊ ပဲ့တင်ထပ်မျှဟည်းကြပြီးသောအခါ။ ရန်သူရှာအံ့ဟု။ ထိုထိုအရပ်သို့သွားကြကုန်၏။ သုဘဒ္ဒါမိဖုရားမှာကား။ နံပါးတွင်နေလျက်၊ သက်သာရာကို ရစေတော်မူ၏။ ဘုရားလောင်း ဆင်မင်းသည်၊ အောက်အရပ်မှမြားလာကြောင်းကိုသိတော်မူလတ်၍၊ မဟာသုဘဒ္ဒါမိဖုရားကို။ သင်သည်-ငါ့ရန်သူကိုမရှာမဖွေ-နေဘိ၏ဟု- နှင်တော်မူလျှင်။ ကောင်းကင်သို့တက်၍ရှာလေဟန်။ ။အလောင်းတော်မြတ်သည်လည်း ခြေတော်ဖြင့်မြေကိုရှပ်သောအခါ။ ပျဉ်ချပ်ပေါ်လာသည်ဖြစ်၍။ သူညစ်မုဆိုးကိုမြင်တော်မူသောကာလ။ ပြင်းပြစွာအမျက်ထွက်သဖြင့်။ သတ်အံ့ဟုကြံတော်မူပြီးမှ။ အရဟတ္တဗိုလ်၏တံခွန်ဖြစ်သော။ ဖန်ရည်ဆွတ်သောအဝတ်ကို မြင်ရကား၊ ဒေါသကိုသိမ်းတော်မူ၍ မုဆိုးအားလာခြင်း၏ အကြောင်းကိုမေးတော်မူလျှင်။ ကာသိကရာဇ်မင်း၏မိဖုရားကြီးသည်၊ အရှင်၏စွယ်တော်ချောင်းကို။ နားမှောင်းပွတ်၍ဝတ်လိုသည်ဟု-စေခိုင်းသောကြောင့်၊ ယူဆောင်လာပါသည်ဟု-လျှောက်ကြားသောအခါ ဘေးတော်- ဘိုးတော်တို့၏ စွယ်တော်ရုံရှိသည်ကို။ သင်းအသိ

ဖြစ်လျက်။အမျက်နိုင်ငံသို့လိုက်၍။ အရိက်မ-သည်၊ ငါ့ကိုသတ်
စေဘိ၏။အနောင်မူဆိုး၊ငါမသေမီငါ၏အစွယ်ကိုလွှဖြင့် ဖြတ်ယူ
လောဟုဆိုတော်မူ၍။ လွှဖြင့်တိုက်ဖြတ်ရာ။ခံတွင်းတော်မှ။ချောင်း
ငယ်ကျသကဲ့သို့-သွေးတဖြင်ဖြင်ယိုစီးလျက်၊ ဆင်းရဲကြီးစွာရောက်
တော်မူသတတ်။ ထိုအခါ ဆင်မင်းမြတ်သည်။ အချင်းမူဆိုး-နှာ
မောင်းကို သင်ကြွ၍၊ ငါ့ကိုလွှပေးလော့ဟု တောင်းတော် မူပြီး
မှ၊လွှဖြင့်တိုက်ပွတ်သောကာလ၊ စွယ်တော်အရုံသည်။ သစ်မြစ်နု
ကဲ့သို့ပြတ်လေ၏။ထိုအခါစွယ်တော်ရုံကို နှာမောင်းဖြင့် ပွေ့ပိုက်
လျက်။ မူဆိုးလက်သို့ထည့်ပြီးလျှင်။ သဗ္ဗညုတ ဉာဏ်တည်းဟူ
သောအစွယ်ကို ရလိုသောဟုဆုပတ္ထနာ၍၊ မူဆိုးအားလှူတော်မူ
ပြီးမှ။သင်မူဆိုးသည်။ငါ၏ အထံသို့အဘယ်မျှကြာ-လာရသနည်း
ဟု-မေးတော်မူသောအခါ။ အရှင်ဆင်မင်းမြတ်၊အကျွန်ုပ်သည်-
ခုနစ်နှစ်၊ခုနစ်လ၊ ခုနစ်ရက်ယနေ့ပေ့ပါငြိဟု လျှောက်ကြားသော
ကာလ၊ ငါ၏အစွယ်တန်းခိုးကြောင့်၊ ခုနစ်ရက်မျှဖြင့်သင်ရောက်
လတ္တံ့။အရိက်မ-အားလည်း။သင့်လင်ဆင်မင်းမြတ်ကို၊ ငါသတ်
၍အစွယ်ကို ဆောင်ခဲ့ပါငြဟု- ငါမှာလိုက်ကြောင်းကို ပြော၍
ဆက်လေ။ အဆွေအပြား- မှာထားတော် မူလိုက်ပြီးလျှင်၊ ငွေ
တောင်ကြီးပြိုသကဲ့သို့။ကိုယ်တော်ပန်းဟိုက်၊ တုန်တုန်ရိုက်လျက်
ဖိုက်ဖိုက်လည်း၍ ပုတေတော်မူလေ၏။ မဟာသုဘဒ္ဒါမိဖုရားအ
မှူးရှိသော ရှစ်ထောင်သောဆင်တို့သည်လည်း၊ သည်းစွာငိုကြွေး
လျက်။ ပစ္စေကဗုဒ္ဓါအရှင်တို့ကိုပင့်ဘိတ်ပြီးမှ။ ဝိသာလမာလက
အရပ်နိုက်။ နံ့သာထင်းတို့ဖြင့်သင်္ဂြိုဟ်ပြီးလျှင်။ အသီးအသီးပြန်
သွားကြလေကုန်ဟန်။ ။သောနုတ္တရ မူဆိုးသည်လည်း၊ ခြောက်
ရက်မျှဖြင့်ရောက်၍။အရှင်မိဖုရားဆဒ္ဒန်ဆင်မင်းကို အကျွန်ုပ်သတ်
ခဲ့ပြီ။ ဤအစွယ်ကားဆင်မင်း၏အစွယ်တည်း ဟုဆို၍ ဆက်၏။
မိဖုရားသည်လည်းရောင်ခြည်ခြောက်သွယ်တို့ဖြင့် တင့် တယ်သော
ဆင်မင်း၏စွယ်တော်မြတ်ကို။ ပတ္တမြားစီသောယပ်ဖြင့် ခံပြီးလျှင်
ရင်ခွင်နိုက်ထားလျက်။ မှားခြင်းကြီးမှားလေပြီ။ ဤသို့တင့်တယ်

ခြင်းအရသို့ရောက်သော ချစ်လင်မြတ်ကို။ သတိမိလေပြီဟု။ ကွဲ
ကြေသောနှလုံးဖြင့်၊ယူကျုံးမရငိုကြွေး၍။သေဘေးသို့ ရောက်လေ
ဟန့်။ ။ယခုအခါ၊သည်းစွာငယ်ခြင်း၊သည်းစွာငိုခြင်းသို့ရောက်
သောရဟန်းမိန်းမငယ်သည်၊ထိုအခါ၊ရုဍ္ဎသုဘဒ္ဒါမိဖုရား။ ယခုအ
ခါ၊ငါဘုရားသည်။ ထိုအခါ၊ ဆဒ္ဒန်ဆင်မင်း။ ယခုအခါဒေဝဒတ်
သည်။ထိုအခါ၊သောနုတ္တရမုဆိုး။ ။

———X———

## ၁၄-{ သမ္ဘဝဇာတ်။ }

{၁၄} တိံသနိပါတ်၊ငါးခုမြောက်-သမ္ဘဝဇာတ်တော်ကို။ပညာ
ပါရမီကိုအကြောင်းပြု၍။ဇေတဝန်ကျောင်းတော်အတွင်း၊သီတင်း
သုံးနေတော်မူစဉ်ဟောတော်မူသည်။ ။ဣန္ဒပတ္တနဂိုရ်မြို့နက်။ ဓ
နဉ္စယကောရဗျမင်းသည်မင်းပြု၏။သုစိရတမည်သောပရောဟိတ်
ပုန္ဏားသည်။ အကျိုးအကြောင်းကို ပြ၍ ဆုံးမသတတ်။ထိုမင်း
သည်တနေ့သန္နိက်။ ဓမ္မရာဂမည်သော ပြဿနာကိုစီရင်၍၊ပရော
ဟိတ်အားမြတ်သောနေရာနှိက် နေစေလျက်။ သက္ကာရကိုပြုသဖြင့်
မေး၏။အရှင်မင်းကြီး။ ဤပြဿနာကား။ သဗ္ဗညုဘုရားကိုသော်
၎င်း။ သဗ္ဗညုဘုရားလောင်းတို့ကို သော်၎င်း။ မေးခြင်းငှာသင့်
၏။အကျွန်ုပ်တို့ဖြေဆိုခြင်းငှာမတတ်နိုင်ပါ။ မတတ်နိုင်ငြားသော်
လည်း၊ ငါပညာရှိဟု-မာန်မာနကိုမပြုမူ၍။ မစွမ်းနိုင်သည်၏အ
ဖြစ်ကိုကြားပြီးမှ။ ဤဓမ္မရာဂပြဿနာကို။ ဝိဓုရသုခမိန်အား-မေး
ကြားရသဖြင့်၊သင့်ပါမည့်အကြောင်းကိုလျှောက်ထားလျှင်။ထိုသို့
တပြီးကား။ရွှေစင်နိက္ခတထောင်ကို-ဆောင်ယူသွား၍။ ဆရာစား
ပူဇော်လျက်။ဤပြဿနာကိုမေးပါချေဟု။ သုစိရတပုန္ဏားကို၊ဝိ
ဓုရသုခမိန်ထံစေလွှတ်လေ၏။ပရောဟိတ်ပုန္ဏားသည်လည်း၊တ
ပည့်သားခြံရံလျက်။ ဗာရာဏသီပြည်၊ ဝိဓုရ သုခမိန်ထံသို့သွား
ရောက်၍။ ပြဿနာမေးလိုကြောင်းကိုပြောသောအခါ။ ဆရာသုစိ
ရတ။အကျွန်ုပ်၏သား၊ဘဒြကာရသည်ပညာကြီးလှ၏။ဘဒြကာရ

ထံသွား၍။ ၄င်းပြဿနာကိုမေးပါလေဟုစေလွှတ်ပြန်ရကား၊ သုစိရတပုဏ္ဏားသည်။ဘဒြကာရထံသွား၍၊ ပြဿနာမေးလိုကြောင်းကိုဆိုသောကာလ၊ဘခင်၊အကျွန်ုပ်သည်၊ယခုအခါစိတ်နှောင့်ရှက်သည်ဖြစ်၍မဖြေဆိုနိုင်ပါ၊အကျွန်ုပ်ညီသဋ္ဌယသည်။ အလွန်ပညာကြီးပါသည်။ သဋ္ဌယထံ သွား၍ မေးတော်မူပါလေဟု၊ စေပြန်သောကြောင့်၊ **သုစိ**ရတပုဏ္ဏားသည်။ သဋ္ဌယထံ လာခြင်း၏အကြောင်းကိုပြောဆိုသောကာလ။ဘခင်–အကျွန်ုပ်သည် ယနေ့အခါ။ပရေဒါရကံကိုပြုမိသောကြောင့်။နှောင့်ရှက်သောစိတ်ရှိသည်ဖြစ်၍၊မဖြေဆိုနိုင်လတ္တံ့။ အကျွန်ုပ်ညီသမ္မဝသတို့သားသည်။ ဘခင်ပြဿနာကို ဖြေပါလိမ့်မည်။ သမ္မဝထံကြွ၍ မေးတော်မူပါဟု–လက်ကိုအနှံ့၍ညွှန်ပြလေဟန်။ ။ထိုအခါသုစိရတပုဏ္ဏားသည်အချင်းတို့၊ ဝိဓူရသုခမိန်သားအဘသုံးယောက်တို့သည်လည်း။ ဤပြဿနာကိုမဖြေဆိုကြ။ဤလောက၌။ဤပြဿနာကို ဖြေဆိုနိုင်သူမရှိယောင်ဘကား။ သမ္မဝသူငယ်ကို၊ ငါတို့ မေးခြင်းငှာ မနှစ်သက်နိုင်ဟု–ဆိုသော ကာလ၊ သဋ္ဌယသုခမိန်သည်၊ ဤသို့ဆိုလေသတတ်၊ဘခင်သုစိရတ။သမ္မဝသတို့သားကို။ရှစ်နှစ်အရွယ်၊ ငယ်လှသည်ဟု မှတ်တော်မမူလင့်။ အကျွန်ုပ်တို့ထက်၊ ရာထောင်သိန်းသန်းမက။ပညာအရာကဲလွန်သူဖြစ်ပါသည်။ သမ္မဝသို့ကပ်၍ပြဿနာကိုမေးပါဦးဟု၊ဆိုသောကာလ။ သမ္မဝကို ညွှန်ပြစေပြီးလျှင်သမ္မဝရှေ့တွင်ရပ်လေ၏။ ထိုအခါသမ္မဝသတို့သားသည်သုစိရတပုဏ္ဏားကို၊ဘခင်အဘယ်အကြောင်းကြောင့်။ အကျွန်ုပ်ထံလာပါသနည်းဟု–မေးသောအခါ။ ဣန္ဒပတ္တနဂိုရ်ပြည့်ရှင်–ကောရဗျမင်းကြီးက၊ဓမ္မရာဂပြဿနာကိုမေးချေဟု စေတော်မူလိုက်၍။ချစ်သားထံရောက်ပါသည်။ပြဿနာကိုဖြေပါဟု ဆိုသောကာလ။သမ္မဝသတို့သားသည်။ ပခုံးနှိုက်ထားသော ခါးဝတ်ပုဆိုးကိုဝတ်လျက်၊ လက်နှိုက်ရှိသော မြူအညစ်အကြေးကို ခါပြီးလျှင်။ခရီးလမ်းဆုံအလယ်နှိုက်ရပ်လျက်။ဘခင်ပြဿနာကိုဖြေကြားပါမည်ဟု၊သာသာသာရွာဝနိဓံသောအသံသည်။ တဆဲ့နှစ်ယူဇနာရှိသောဗာ

ရာဇာသိပြည်ကြီးအလုံးကို၊လွှမ်းဖုံး၍တည်လေ၏။ ထိုအခါ-အိမ်ရှေ့မင်းစသော ပြည်သူပြည်သားအပေါင်းတို့သည်၊ ရဝေးကြမိသည့်ရှိသော်။သမ္ဘဝသတို့သားသည်၊ ကောင်းကင်ပြင်နိုက်၊ လ-ဝန်းကိုထွက်စေဘိသကဲ့သို့၊ထင်ရှားလှစွာ၊ ပြဿနာကိုဖြေကြား၍။တရားဟောတော်မူသောအခါ၊ သုစိရတပုန်ဏားသည်၊ ရွှေပြားအသက်၊အက္ခရာကိုရေးမှတ်၍။ ရွှေစင်နိက္ခတထောင်ကိုပူဇော်ပြီးလျှင်၊မိမိအရှင့်ထံပြန်၍ဆက်သ-လေဟန်။ ။ယခုအခါ၊အာနန္ဒာသည်။ထိုအခါ၊ဓနဥ္စယကောရဗျမင်း။ယခုအခါ၊ အနုရုဒ္ဓါသည်။ထိုအခါ၊သုစိရတပုန်ဏား။ ယခုအခါ၊မဟာကဿပသည်။ ထိုအခါဝိဓူရသုခမိန်။ ယခုအခါ၊မောဂ္ဂလာန်သည်၊ထိုအခါ၊ ဘဒြကာရ။ယခုအခါသာရိပုတ္တရာသည်။ထိုအခါသဉ္စယ။ယခုအခါ၊ ငါဘုရားသည်။ထိုအခါ-သမ္ဘဝ၊ ။

## ၁၅-{ သမ္ဗုလဇာတ် }

{၁၅} တိံသနိပါတ် ကိုးခုမြောက်သမ္ဗုလ ဇာတ်တော်ကို။ မာလ္လိကာမိဖုရားသည်၊ကောသလမင်းကြီးအားအလွန်ရိုသေလေးမြတ်သည်ကိုအကြောင်းပြု၍။ဇေတဝန်ကျောင်းတော်ဝယ် စံပယ်တော်မူစဉ်ဟောတော်သည်။ ။ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးသည်။ သားတော်သောတ္ထိသေနမင်းသားကို အိမ်ရှေ့နှင်းအပ်တော်မူ၍။ သမ္ဗုလမည်သောအိမ်ရှေ့မိဖုရားနှင့်။ ချမ်းသာစွာနေသတတ်။ တရံရောအခါ။ အိမ်ရှေ့မင်းနိုက်-ကုဋ္ဌရောဂါ စွဲကပ်သည်ဖြစ်၍၊ငါ့အားမင်းအဖြစ်ဖြင့်အဘယ်အကျိုးရှိအံ့နည်း။ လူသူမနီးသောတောအရပ်သို့ သွားပြီးလျှင်၊ ကိုးကွယ်ရာမရှိသောသေခြင်းဖြင့်သေတော့အံ့ဟု- ထွက်သွားရာ။ အိမ်ရှေ့မိဖုရားသည်။အစစဉ်တစိုက် လိုက်ပြီးလျှင်။ တောအရပ်သို့ရောက်သောအခါ။ သစ်ရွက်မိုးသောကျောင်းကိုဆောက်လုပ်၍။အိမ်ရှေ့မင်းအား-အထူးထူးအပြားပြားသော၊သစ်သီးကြီးငယ်တို့ဖြင့်လုပ်ကျွေးခြင်း၊သေခံ

ရေသုံးရေတို့ကို ရွက်ဆောင်ခြင်း။ မျက်သစ်ဒန်ပူကပ်ဆက်ခြင်း။ စွဲချောက်ကပ်ငြိသော ရောဂါကိုချမ်းသာစေခြင်းငှာ၊ အထူးထူးသောဆေးတို့ဖြင့်သုဘ်လိမ်းကြိတ်မံ၊ ဒန်ရည်ဆေးခြင်း စသည်တို့ဖြင့်၊ ကျင့်ပဘ်တရေးငါးပါးနှင့် ပြည့်ပုံအောင် ရွက်ဆောင်လေသတဘ်။ တရံခါအခါသမ္ဘူလမိဖုရားသည်။ ချင်းတောင်းချိတ်တချို့ကိုသူပြီးလျှင်၊ သစ်သီးကြီးငယ်အလို့ငှာသွားရော၊ ကြည်လင်စွာသောရေရှိသောချောင်းငယ်တခု၌၊ ဆင်းသက်၍ရေချိုးပြီးလျှင်၊ နီလွင်လှပသောကျော်တေဝတ်လဲးကိုသဲးတော်မူသောအခါ၊ ဆည်းစာအရောင်ကဲ့သို့၊ တောတောင်ခပင်း၊ လင်းကြကုန်၏။ ထိုခါအခါ၊ ဆံကျစ်ရနစ်ထုံးထုံ့လျက်၊ ခေါ်ခေါ်ထွက်သော အစွယ်တို့ဖြင့် ကြောက်မက်ဘွယ်ရှိသော ဒါနဝရက္ခိုသ်သည်၊ ဆိုက်ရောက်လာသည်နှင့်၊ သမ္ဘူလမိဖုရားကိုမြင်လျှင်၊ ချစ်ခင်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ သင်၏ အမျိုးအမည်ကိုငါဒါနဝဘီလူးအား ကြားပါလေသော ဟု ဆိုသောကာလ။ သောတ္ထိသေန အမည်ရှိသော– အိမ်ရှေ့မင်း၏ မိဖုရားသမ္ဘူလ– ဖြစ်ပါသည်။ ချစ်လင်မင်းသား–မချမ်းမသာ– ကုဋ္ဌရောဂါစွဲးကပ်၍။ တောအရပ်နိုက် ကုသပါသည်ဟု– ပြောဆိုသောအခါ၊ လှပစွာသောသမ္ဘူလ၊ ကုဋ္ဌနာရှိသော မင်းသားဖြင့်၊ သင့်အားအဘယ်အကျိုးရှိအံ့နည်း။ ငါ၌ရှိပောင်းမိဖုရား လေးရောတွင်၊ သင်မိန်းမမြတ်အား– အထွတ်ထားပါမည်။ ငါ့ဇာ ကားကိုနားထောင်ပါဟု ဆိုသောကာလ၊ သမ္ဘူလ–မိဖုရားသည်၊ ဘီလူးအားဤသို့ဆိုလေသတတ်။ အမောင်ဒါနဝဘီလူး၊ အကျွန်ုပ်ထက် အရောင်အဝါရှိသော သူကိုသာရှာပါလေဟု၊ ဖွဲးသွေပြောဆိုသောကာလ၊ ဒါနဝရက္ခိုသ်သည်။ စိတ်မိုက်ဝင်သည်နှင့်၊ အဆောတလျင်ကပ်လျက်– လက်ကိုကိုင်ငြီးလျှင်။ လင်ပြုရမည့်အကြောင်း။ မပြုလိုလျှင်–ဤတွင်ပင် စားမည့် အကြောင်းနှင့်မောင်းမဲ ငြမ်းချောက်၍ နေလေဟန်။ ။ထိုအခါသမ္ဘူလ– မိဖုရားသည်၊ ဘီလူးစား၍သေသည်ထက်၊ အသက်သခင်မင်းသား၏၊ ဝိတ်ထားတွေးပုံ၊ မယုံဖေါက်လွှဲ။ သည်ဆင်းရဲးသာ၊ ခက်ခဲးလှသည်ဖြစ်

ပါ၍။ လောကကိုစောင့်တော်မူသော အရှင်နတ်မြတ်တို့။ အကျွန်ုပ်
အားသနားသဖြင့်၊ ချမ်းသာခွင့် ကိုပေးတော်မူပါဟု- ဆိုသောကာ
လ။ သမ္ဘုလ-မိဖုရား၏ သီလတန်ခိုးအားဖြင့်၊ သကြားနတ်မင်း
သည်၊ သက်သင်းရောက်လာ၍။ [illegible] သော [illegible]
နက်နှင့်၊ ဒါနဝတီသူ၏ ဦးခေါင်း ထက်၌ [illegible]
ရက္ခိုသ်သည်၊ သမ္ဘုလ-မိဖုရားကိုသွက် [illegible]၏ သကြားနတ်မင်း
သည်လည်း။ ဒါနဝရက္ခိုသ်ကို နှောင်အခါနှိုက် မိုက်ရာချေသေး
သည်ဟု၊ နတ်တို့ခြေချင်းသုံးဆင့်ခတ်၍။ တောင်သုံးလုံးတို့၏ အ
လွန့်ဘိုင်အောင် ဆောင်သွားပြီးလျှင်။ တရသောတောင်ကြား၌
လွှတ်ထားခဲ့၍။ မိမိနေရာသို့ ပြန်လေသတတ်။ သမ္ဘုလ- မိဖုရား
သည်လည်း။ ကြယ်၏ အရောင်ဖြင့်၊ မောင်တော် မင်းသား၏ အ
ထံသို့ပြန်လေရာ၊ မင်းသားကိုမတွေ့ရကား။ နတ်တို့အား တိုင်ကြား
ပြီးလျှင်၊ သည်းထန်ပြင်းပြစွာငိုလေ၏။ သောတ္ထိသေနမင်း သည်။
အကယ်၍ ငါ့ကိုယ်ကို မပြသည်ဖြစ်က။ သမ္ဘုလ-မိဖုရားသည်
ဝမ်းပါး၍ သေချိမ့်မည်ဟု။ မိမိကိုယ်ကိုပြပြီးမှ။ ကာလမြင့်ကြာ
သည်ကိုမေးတော်မူသောအခါ။ ဒါနဝတီလူးဖမ်းမိခြင်း အကြောင်း
သကြားနတ်မင်းမြိမ်းချောက်ပြီး လျှင်။ ဒါနဝတီလူးကိုခြေချင်းခတ်
၍- လွှတ်သိုက်ခြင်းအကြောင်းများ ကို၊ ပြောဆိုသော ကာလ။ မိန်း
မတို့မည်သည်။ ယုံဘွယ်စကား-အလွန်ရှား၏။ ဤတောအတွင်း
နှိုက်သည်း၊ ရသေ့ဇော်ဂီ- တပသီ ဝိဇ္ဇာတို့သည်၊ အလွန်များ
ပြားကုန်၏ဟု-ဆိုသောအခါ။ မိဖုရားသည်၊ အကျွန်ုပ် သစ္စာမှုပါ
တော့မည်ဟု၊ ကြည်လင်လှစွာသောရေကိုယူဆောင်လျက် အရှင်
မင်းသားမှတပါး- အခြား သူကိုမကြင်မချစ်ပါ။ မဖေါက်မပြားတ
ရားစောင့်ပါ၏။ ဤဆိုသောစကား သည်မှန်သည်ဖြစ်အံ့။ အရှင်မင်း
သား၏ ရောဂါသည်၊ ကင်းကွာမှုက်မှောက်၊ ပျောက်စေသော
ဟု-ဆို၍။ မင်းသား၏ ဦးခေါင်းနှိုက် ရေကိုလောင်းသောအခါ၊
ချဉ်ချည်တို့ဖြင့် တိုက်ပွတ်၍ဆေး အပ်သော ကြေးနီကဲ့သို့။ ကုဋ္ဌ
ရောဂါ၊ ရှင်းကွာမချွတ်၊ ကင်းလွတ်ပျောက်ပြယ်သတည်း။ အိမ်

ရှေ့မင်းရောဂါကင်းလွတ်သည် ရှိသော်၊ အိမ်ရှေ့ မိဖုရားနှင့်တကွ။ တိုင်းပြည်သို့ပြန်ကြ၍။ဥယျာဉ် တော်အတွင်းနေစဉ်၊ခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည်။ ။သားတော်ထံလာ၍။ ဗာရာဏသီပြည်ကြီးကို အပ်ပြီးလျှင်။ ခမည်းတော်မင်းကြီးရသေ့ ပြုလုပ်၍။ တောသို့ဝင်တော်မူလေ၏။ နောက်အဘိုနိုက်။ မင်းမိဖုရားနှစ်ပါး မသင့်မတင့်ရှိကြပြန်သောအခါ၊ခမည်းတော် ရသေ့သူမြတ်သည် ဆုံးမ၍။သောတ္ထိသေနမင်း။သမ္ဗုလာ- မိဖုရားနှစ်ပါးတို့။ အလွန်နှစ်သက်ဝံ့ မက်ကြသဖြင့်၊ တိုင်းပြည်ထီးနန်းကို ထိန်းသိမ်းစိုးအုပ်၍၊တရားနှင့်အညီမင်းပြုကြဟန်။ ။ယခုအခါ၊မာလ္လိကာ မိဖုရားသည်။ထိုအခါ၊ သမ္ဗုလာ-မိဖုရား။ယခုအခါ၊ ကောသလမင်းကြီးသည်၊ထိုအခါ၊သောတ္ထိသေနမင်း၊ယခုခါငါဘုရားသည်။ ထိုအခါ၊။ အဘရသေ့။ ။

—–○–—

၁၆-{တေသကုဏဇာတ်}

{၁၆} ပဏ္ဏာသီသနိပါတ်၊ ရှေးဦးစွာ- တေသဂုဏဇာတ်ကို၊ကောသလမင်းကြီးအား ဆုံးမခြင်းကိုအကြောင်းပြု၍။ ဇေတဝန်မဟာဝိဟာရဝယ် စံပယ်တော်မူစဉ် ဟောတော်မူသည်။ ။ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းကြီးအား။ သားတော်-သမီးတော်တို့သည်မရှိကုန်၊တခံရောအခါ၊ ဥယျာဉ် သို့ထွက်တော်မူပြီးလျှင် မင်္ဂလာရှိသောအင်ကြင်းပင်အောက်၊ ကြက်သရေရှိသော နေရာထက်အိပ်စက်၍ နိုးတော်မူသောကာလ။ အင်ကြင်းပင်ထက်ငှက်သိုက်ကိုမြင်တော်မူသည်ရှိသော်။ မြင်ခြင်းနှင့် တကွနက်။ရုံမက်တော်မူရကား။ မင်းချင်းယောကျ်ားကို ယူစေ၍။ ရှေ့တော်သို့ရောက်လှသော၊ ငှက်ဥသုံးလုံးတို့ကို။ မည်သည့်အနွယ်ဖြစ်မည်ကို။ ခြားနားစိစစ်မေးမြန်းတော်မူရာ၊ တလုံးသောဥသည်-ခင်ပုပ်ဥ၊တလုံးသောဥသည်-ဆက်ရက်ဥ။ တလုံးသော ဥသည်-ကျေးဥဖြစ်ပါကြောင်းနှင့်၊ မှုဆိုးတို့က ခွဲခြမ်းတင်လျှောက် သောအခါ

ငါ၏သားတော်သမီးတော်တို့ကို။ ကောင်းစွာစောင့်ထိန်း၍။ ဥဒ္ဓံ မှပေါက်သောကာလ။ငါ့အားကြားလျှောဘိဟုမျူးမတ်တို့အား၊ အခ် ထားတော်မူလေ၏။ တခံ့ရောအခါခင်ပုပ်ဥ ပေါက်လတ် သည်ရှိ သော်၊ ဥကိုစောင့်ထိန်းသူအမတ်က မုဆိုးကိုပြ၍။ အမဖြစ်မည် အဘိုဖြစ်မည် မေးမြန်းရာ၊ အဘိုဖြစ်ပါသည်ဟု ပြောဆိုသည်ရှိ သော်။ဥကိုထိန်းသောအမတ်သည်။ မင်းကြီးထံသွား၍။သားတော် ဖွားမြင်ပါပြီဟု၊အခမိန့်တော်ခံသောအခါ။ အလွန်ဝမ်းမြောက်ဝမ်း သာရှိတော်မူသည်နှင့်။ များစွာသောပစ္စည်းဥစ္စာတို့ကိုပေးတော်မူ ၍။ကောင်းစွာ မွေးကျွေးလေ။အမည်ကိုလည်း။ ပေသန္တရာတွင် ပေးဟု၊ မှာထားတော်မူ၍။ လွှတ်တော်မူလိုက်ဟန်။ ။ထို့နောင် ဆက်ရက်ငယ် ပေါက်ဖွားသောအခါနိုက်လည်း။ အထက်နည်း ဥကိုထိန်းသောအမတ်သည်။ မုဆိုးကိုမေးမြန်း၍။ မင်းကြီးထံအ မိန့်တော်ခံရာ။ ပစ္စည်း ဥစ္စာများစွာပေးကမ်း တော်မူ၍။ ငါ့သမီး တော်ကိုကောင်းစွာမွေးကျွေးလော။ အမည်လည်း။ ကုဏ္ဍလီတွင် ပေးဟု-မှာထားတော်မူ၍ လွှတ်တော်မူလိုက်၏။ ထို့နောင်ကျေး သားငယ်ပေါက်ဖွားသောအခါနိုက်လည်း၊ ဥကိုထိန်းသောအမတ် သည်။အထက်နည်းမုဆိုးကိုမေးမြန်း၍။ မင်းကြီးထံအမိန့်တော်ခံ ရာ။ပစ္စည်းဥစ္စာများစွာပေးကမ်းတော်မူ၍ငါ့သားတော်ကိုကောင်း စွာမွေးကျွေးလော၊ ဇမ္ဗုက- ဟူ၍လည်း။ အမည်တွင်ပေးဟု-မှာ ထားတော်မူပြီးလျှင်လွှတ်တော်မူလိုက်၏။ တရံရောအခါ၊ ဗြဟ္မ ဒတ်မင်းကြီးသည်။မှူးမတ်တို့၏အလယ်နိုက်နေတော်မူ၍။ငါ့သား တော် ဝေသန္တရာကို ပုစ္ဆာမေးလိုသည်။ ဆောင်ယူခဲ့ရမည်ဟု၊ ဥက်ထိန်းအမတ်ကိုပေးလျှင်။ ရွှေအင်းပျဉ်နှင့်တကွ ပင့်ဆောင်၍၊ မင်းကြီးရှေ့တော်သို့ ရောက်သောအခါ။ ဗြဟ္မဒတ်မင်းကြီးသည် ဤသို့မိန့်တော်မူ၏။ သားတော်ဝေသန္တရာ ပြည့်ရှင်မင်းတို့ကျင့် ရာသောတရားကို၊ ဟောကြားပါလောဟုမိန့်တော်မူသည်ရှိသော် ခမည်းတော် မင်းကြီးမေ့လျော့တော်မူလေစွ။ ယခုမှမေးတော်မူ ဘိသည်ဟု၊အပြစ်တင်ပြီးလျှင်။ ရှေးမင်းကောင်းမင်းမြတ်တို့ကျင့်

ထုံးကျင့်နည်းဖြစ်သောတရားတို့ကို၊ ဟောကြားလေသတတ်။ ထို အခါ များစွာသောပရိသတ် အပေါင်းတို့သည်။ ကောင်းချီး ပေး ကြကုန်၏။ ထို့နောင်ကုဏ္ဍလီမည်သောသင်္ချိုးတော်ကိုခေါ်၍။ ပရိ သတ်အပေါင်းနှင့်တကွ။ တရားနာကြ ပြီးလျှင်။ ရှေးနည်း အတူ ကောင်းချီး ပေးကြ ကုန်၏။ တတိယ အကြိမ်နိုက်ကား။ ဘုရား အလောင်းဖြစ်သော သားတော် ဇမ္ဗူကကျေးသားသည်။ ခမည်း တော် ဗြဟ္မဒတ်မင်းကြီးအား။ ရာဇဓမ္မ၊ရာဇတန္တ္ရ ရာဇပဝေဏီ မသော၊ များစွာသော တရားစကားတို့ကို၊ ဟောကြားတော်မူပေ ၏။များစွာသော ပရိသတ်အပေါင်း တို့သည်လည်း။ ကောင်းချီး ကိုယ်စီပေးကြကုန်၏။ဗြဟ္မဒတ်မင်းကြီးသည်လည်း။ငှက်သုခါန် သုံးဦးတို့အား။ ထိုက်လိုက်လျော် ပြည်ဝန် တိုင်းဝန်ကို ရွက် ဆောင်စီရင်စေရန်၊ ရာကြီးထူးကြီးခန့်အပ်၍။ များစွာသောစည်း စိမ်ချမ်းသာ။များစွာပေးအပ်တော်မူပြီးလျှင်။ကြမ္မာအလျော်နတ်ရွာ စံတော်မူလေ၏။မှူးမတ်အပေါင်းတို့သည်လည်း၊ အလောင်းတော် ကိုသဂြိုဟ်လေဟာန်။ ။သဂြိုဟ်ပြီးနောက်၊ခုနစ်ရက်မြောက်သောနေ့၌။ သားတော်ဇမ္ဗူကကျေးမင်းကို။ပြည်နိုင်ငံကိုချုပ်အုပ်၍။ မင်းလုပ် ပါမည့်အကြောင်းနှင့် မှူးမတ်အပေါင်းတို့တောင်းပန်ကြသောအ ခါ၊။ရွေပြားတွင်၊အဆုံးအမ။ ဩဝါဒများစွာရေးသားပေးအပ်ခဲ့ပြီး လျှင်၊တောသို့ဝင်လေဟာန်။ ။ယခုအခါ အာနန္ဒာသည်၊ထိုအခါ။ ဗြဟ္မဒတ်မင်း။ယခုအခါဥပလဝဏ်သည်။ ထိုအခါကုဏ္ဍလီငှက်မ ယခုအခါ။သာရိပုတ္တရာသည်။ ထိုအခါဝေဿန္တရာ။ ယခုအခါငါ ဘုရားသည်။ထိုအခါဇမ္ဗူကကျေးသား။ ။

———o———

## ၁၇-{သရဘင်ဇာတ်။}

{၁၇} စတ္တာလီသနိပါတ်-နှစ်ဆယ့်ခြောက်ခု ... 

ကို၊ အရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုရာ။ များစွာသောပူဇော် သက္ကာရရှိသည်ကို အကြောင်းပြု၍။ ဝေဠုဝန်ကျောင်းတော်၌သီ

တင်းသုံးနေတော်မူစဉ် ဟောတော်မူသည်။ ။ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း၏ဆရာ။ ပရောဟိတ်၏သား ဇောတိပါလလုလင်သည်တက္ကသိုလ်ဆရာ့ထံလေးအတတ်ကိုသင်၍။ ခုနစ်ရက်မျှဖြင့် အပြီးအဆုံးသို့ရောက်လေသော်။တက္ကသိုလ်ဆရာသည်။ အလွန်နှစ်သက်သည်ဖြစ်၍။တပည့်ဇောတိပါလအား၊ ငါ့မိဥစ္စာဖြစ်သောသန်လျက်ရတနာကို၎င်း။စတ်ဆက်၍လုပ်အပ်သော- ဆိတ်ချိုလေးကို၎င်း။လေးတောင့်ကို၎င်း။ချပ်တန်ဆာကို၎င်း။သင်တိုင်းကို၎င်းပေး၍။ငါးရာကုန်သော တပည့်တို့ကိုလွှဲအပ်၏။နေခဲ့အတို့၌။ ငါဘထံပြန်လာသောကာလ။ဗြဟ္မဒတ်မင် ထံခစါးသဖြင့်။ရက်စဉ်အတိုင်း တထောင်သောအသပြာတို့ကို။ရကုန်သတတ်၊ တရံရောအခါ။မင်းချင်းယောက်ကျားတို့သည်။ ဤဇောတိပါလ လုလင်ကားများစွာသောအသပြာတို့ကိုသာယူ၍။ အစွမ်းသတ္တိကို မသိရဟု-ဆိုကြသည်ကို။ဗြဟ္မဒတ်မင်းကြီးကြားတော်မူ၍။ အမောင်ဇောတိပါလ သင်၏အစွမ်းသတ္တိကိုငါသိတော်မူလိုသည်၊ အတတ်ပြလော့ဟု မိန့်တော်မူပေ၏။အရှင်မင်းမြတ်၊ထိုသို့တပြင်းကား၊အကျွန်ုပ်သည်၊ လေးအတတ်ကိုပြပါအံ့။နိုင်ငံတော်တွင်ရှိသော်။ လေးသမားတို့ကို စည်းဝေးပါစေလောဟု-လျှောက်ထား၍သွားလေ၏၊ မင်းကြီးသည်၊ လေးသမားတော် ခြောက်သောင်းကိုးတို့စုဝေးစေပြီးမှ။ ချစ်သား ဇောတိပါလ။လေးသမားခြောက်သောင်းတို့သည်၊စုဝေးကြပြီဟု ခေါ်တော်မူသောအခါ။ဇောတိပါလလုလင်သည်။ ဒိသာပါမောက္ခ ဆရာပေးအပ်လိုက်သော၊ဆိတ်ချိုလေးစသော၊အဝတ်တန်ဆာတို့ ကို၊ပုဆိုးကြားမှဆောင်လျက်။ ဓားသန်လျက်ကို ယူခဲ့စေ၍၊ မင်းကြီးထံဝင်သဖြင့်။ သင့်တင့်သောအရပ်နိုက်။ ရိုသေစွာခစား၍နေလေ၏။ လေးသမားတော်တို့လည်း။ ဇောတိပါလ လုလင်သည်။ လေးအတတ်ကိုပြအံ့ဟု၊မင်းကြီးရှေ့တော်သို့ဝင်လာသည်၊ လေးမြားကိုလည်းမမြင်။ သင်တို့ငါတို့အား၊ ငှားရမ်းယောင်တကား။ ငါတို့လက်မှလေးကိုယူအံ့။ မပေးကြကုန်လင့်ဟု၊ ကတိကဝတ်ပြုကြကုန်သတတ်။ဗြဟ္မဒတ်မင်းသည်။ ဇောတိပါလလုလင်။လေးအ

တတ်ကိုပြဘိသောဟု-မိန့်တော်မူသောအခါ၌လှိုက်၊ အရှင်မင်းမြတ်၊ အက္ခဏာဝေဝိ-ပသောလေးသမားကျော်လေးယော်တို့ကို၊ အရပ်လေးမျက်နှာမှနေစေ၍။တယောက်တယော်လျှင် သုံးသောင်းသုံးသောင်းသောမြားဘို့ကို ရပုံလျက်။တပြိုင်နက်တချက်တည်း၊ အကျွန်ုပ်ကိုရွယ်၍ပစ်လွှတ်စေလော့။အကျွန်ုပ်သည်။တစင်းသောမြားဖြင့်သာလျှင်၊ ကာဆီးတားမြစ်ပါအံ့ဟုဝန်ခံပြီးမှ။ ကန့်လန့်ကာအတွင်းသို့ဝင်ပြီးလျှင်။ သင်တိုင်းချပ်တန်ဆာတို့ကို ဝတ်ဆင်လျက်။ သင်းကျစ်ကို ဦးခေါင်းနှိုက်စွပ်၍။ ဆိတ်ချိုလေးတွင်။ သန္တာအဆင်းရှိသော။လေးညှို့ကိုတင်လျက်။တောင့်ကိုလွယ်ပြီးလျှင်၊သန်လျက်ကို၊လက်ဝဲလက်ဖြင့်စွဲကိုင်၍၊အဖျားနှိုက်။ ဝဇိရ်နှံစဉ်းသွားတပ်သောမြားကို၊လက်သည်းခွံဖြင့် ပွတ်တိုက်ပြီးမှ။ မြေကိုခွဲ၍ထွက်သော။ တန်ဆာဆင်အပ်သော နဂါးလုလင်ကဲ့သို့။ ကန့်လန့်ကာကိုဖွင့်၍ထွက်ပြီးလျှင်။ ယခင်ဝန်ခံချက်အတိုင်း၊ လေးသမားလေးယောက်တို့၏အလယ်၌ရပ်၍နေလေဟန်။ ။ထို့နောင်မှ၊အက္ခဏာဝေဓိစသော- လေးသမား- လေးယောက်တို့သည်။ မြားသုံးသောင်းသုံးသောင်းစီ ကုံဆောင်။ တပြိုင်နက်တချက်တည်း၊ ပစ်လွှတ်ကြကုန်၏။ ဇောတိပါလလုလင်သည်။ မိမိ၏တစင်းတည်းသောမြားဖြင့်သာလျှင်။လာတိုင်းလာတိုင်းသောမြားတို့ကို ဆီးကာပစ်ချ၏။ထိုသို့ချအပ်သောမြားတို့ကိုလည်း။အမှတ်မဲ့မကျစေဘဲ၊ ပင်စစ်သော်ကား ဗောဓိအိမ်ကိုရံသောပွတ်တိုင်ကဲ့သို့။ မြားသွားတခုဖြင့်။မြားသွားတခုကို။မြားမြီးတခုဖြင့်၊ မြားမြီးတခုကို၊မြားရိုးတစင်းဖြင့်။မြားရိုးတစင်းကို၊မြားလွှတခုဖြင့်၊ မြားလွှတခုကို မလွန်စေမူ၍။ဆီးကာပစ်ချတော်၏။ လေးသမားလေးယော်တို့၏လက်၌။မြားကုံသည်ရှိသော်၊ မြားတိုက်ကိုမခိုက်မထိစေဘဲ။ ချန်လွှား၍ထွက်ခဲ့သတတ်။ ပြည်သူပြည်သား အပေါင်းတို့သည်။ အံလွန်ဝမ်းမြောက်ဝမ်းသာ နှစ်သက်လျက်။ လက်ပမ်းပေါက်ခတ်ကုန်လျက်။အရုံအရုံသောပုဆိုးအဝတ်စသောတန်ဆာတို့ကိုကြဲမြှောက်ပူဇော်ကြ၍။ တနေ့တာခြင်းဖြင့်သာလျှင်။ တဆဲ့ရှစ်ကုဋေ အမေအ

တွက်ရှိသောဥစ္စာတို့ကိုရကုန်သည်။ ဤသို့လျှင်၊ နွယ်ပတ်-ကြွေး ဆိုင်း၊တံတိုင်းတည်ဟန်။မြားချင်းမှန်သည်။ ရေကန်ရိပ်မြုံ။ပဒုမ္မာ ချပ်။မြားမလျှော့ပ်နှင့်။စက်လျှပ်ပြိုးဝေ။မြားမိုးရွေခြင်းစသော။ တဆဲ့ နှစ်ပါးသော မြားရေးကြီးတို့ကို ပြတော်မူရာ။ ဗြဟ္မဒတ်မင်းကြီး သည်၊ လွန်စွာမြတ်နိုးရုံမက်တော်မူရကား။ ချစ်သားဇောတိပါလ။ သင့်ကို စစ်သူကြီးအရာနှင့် ထားတော်မူမည်။ နက်ဖြန်ဆံရိတ် ဆိတ်ဘိသိက်ကို၊ဖြတ်ရိတ်၍ရေချိုးပြီးကာလ။ လာခဲ့လောဟု မှာတော် မူပြီးလျှင် အသပြာတထောင် ပေးတော်မူလိုက်၏။ ဇောတိပါလ လုလင်သည်။ ယခင်တဆဲ့ရှစ်ကုဋေသောဥစ္စာတို့ကို၊ ဥစ္စာရှင်တို့ အားပြန်ပေးခဲ့ပြီး၍။ ပြည့်ရှင်မင်းမြတ်ပေးတော်မူသော အသပြာ တထောင်ကိုသည်းပြန်ဆက်ခဲ့၍။ မိဘတို့အိမ်သို့ပြန်သွားပြီးလျှင်၊ ရိုးသေသသောအခါ။ဤစစ်သူကြီးအရာ၊ ဤဥစ္စာတို့ဖြင့်အဘယ် အကျိုးရှိအံ့နည်း။ သံသရာမှထွက်မြောက်ကြောင်းမဟုတ်လေဟု။ တယောက်အထီးတည်းသာလျှင်။ဂေါဓါဝရီမြစ်၏အနီး၊သီးတော ကြီးသို့သွားလေ၏။သကြားမင်းသည်လည်း၊ဇောတိပါလ-မှခိုနေ ထိုင်ခန်။သုံးယူဇနာရှိသော-သီးတောရဂုံနှင့်၊ ရသေ့ရဟန်းတို့ ၏ အသုံးအဆောင်နှင့်တကွသောကျောင်းဝိသုကြုံနတ်သားကိုစေ လွှတ်ဖန်ဆင်းစေ၏။ ဇောတိပါလ-လုလင်သည်လည်း။ ကျောင်း သို့ဝင်၍။ရသေ့ရဟန်းပြုလျက်။ခုနစ်ရက်အတွင်းနှင့်။သမာပတ် ရှစ်ပါး၊အဘိညာဉ်ငါးပါးတို့ကိုရလေ၏။ ဗြဟ္မဒတ်မင်းကြီးသည် လည်း။ဇောတိပါလ-လုလင်ရသေ့ရဟန်းဖြစ်သည်ကိုကြားတော် မူ၍။သုလင်၏မိဘတို့ကိုခေါ်ပြီးလျှင်။များစွာသောမှူးမတ်ဗိုလ်ပါနှင့် တကွ၊ တောထွက်ကြသောကာလ။ ဘုရားလောင်းရသေ့သည်။ ဂေါဓါဝရီမြစ်မှဆီး၍၊ ခရီးဦးကြိုဆိုပြီးလျှင်။ ကောင်းကင်ကရပ် တန့်လျက်။နှစ်သက်ဘွယ်သောတရားစကားတို့ကို။ဟောကြားပြီး ကာလ။ မင်းနှင့်တကွသောပရိသတ်တို့ကို။ သီးတောကျောင်းသို့ ကြည်းဆောင်ခေါ်ယူရောက်သောအခါ။မင်းနှင့်တကွသောမှူးမတ် ဗိုလ်ပါတို့အား။ တရားနှုးညွှတ်၊ချေချွတ်သဘင်ပွဲ။ စပြီးကာလ။

ရသေ့အဝတ်ကို။ လဲးလှယ်ဝတ်ပေတော်မူဟန်၊ ။ထို့နောင်
မှ။ဓမ္မဒီပါကျွန်းအပြင်နိုက်ရှိသော၊ မင်းအပေါင်းတို့သည်လည်း။
ရသေ့သူမြတ်ယံလာကြကုန်၍၊ရသေ့။ရဟန်း ပြုကြလေကုန်၏။
အသိန်းမကသော အစည်းအဝေးတို့သည်၊ ဖြစ်လေကုန်သတတ်။
ဈာန်သမာပတ်သို့ချေံသော၊ တပည့်ရသေ့ကြီးတို့သည်ကားသာ
လိဿရ ရသေ့၊မေဏ္ဍိဿရရသေ့။ပဗ္ဗတရသေ့။ကာလဒေဝိလ
ရသေ့။ကိသဝစ္ဆရသေ့၊ အနုသိဿရသေ့၊ နာရဒရသေ့ဟူ၍ရ
နှစ်ပါးတို့တည်း။ နောက်အဘို့နိုက်- သီးတောကျောင်းသည်။ ရ
သေ့အပေါင်းဖြင့်ကျဉ်းမြောင်းရကား။ သာလိဿရရသေ့တပါး
ကိုချန်ထား၍၊ဂိုဏ်းသားတထောင်တထောင်စီနှင့်တကွ၊ သပ္ပါယ
ဖြစ်သော အရပ်သို့ဘပ်၍ နေထိုင်စေ၏။ ကိသဝစ္ဆရသေ့မှာမူ
ကား။ဒဏ္ဍကီမင်း၏နိုင်ငံ ကုမ္ဘဝတီမြို့နိုက်၊ စစ်သူကြီးကိုအမှီပြု
၍။ဥယျာဉ်နိုက် တယောက်ထီးသာနေတော်မူ၏။ တရံရောအခါ၊
ဒဏ္ဍကီမင်းသည်စစ်ထွက်သည်ရှိသော် ပြည့်တန်ဆာမနှင့်၊ပရော
ဟိတ်စကားကိုနာယူ၍ စစ်သူကြီးတားမြစ်ပါသော်လည်းမရ။ ကိ
သဝစ္ဆရှင်ရသေ့ကို၊ ကြက်သရေမရှိသော သူယုတ်မာဟူ၍၊
ထွက်သွားသော စစ်သည်အပေါင်းနှင့်တကွ၊ ကိသဝစ္ဆရသေ့သူ
မြတ်၏ဆံကျစ်ကြားဦးထိပ်ဖျားမှစ၍။ အလုံးစုံသောကိုယ်ကို၊ဒန်
ပူဗပ်အညစ်အကြေး။ နှပ်-တံထွေးချွဲခန်းစသည်တို့ဖြင့်။ ကိုယ်လုံး
နှစ်မျှ၊ဖွန့်ပစ်ကြ၍။စစ်မ- စစ်ကြီးချီတက်လေ၏။ ထို့နောင်စစ်သူ
ကြီးသည်၊အရှင်ဘုရား။ ဒဏ္ဍကီမင်းအားအသို့ဖြစ်လတ္တံ့နည်းဟု
မေးသောအခါ။ဒါယကာစစ်သူကြီး။ ငါကားအမျက်မရှိ၊ သည်းခံ
ခြင်းတရားကိုသာနှလုံးမူ၏။နတ်တို့ကားအမျက်ထွက်ကုန်ပြီ။ယခု
နေ့မှ၊ခုနစ်ရက်မြောက်သောနေ့နိုက်။ပြည်နိုင်ငံပျက်စီးလတ္တံ့၊ဒါယ
ကာသည်၊ တပါးသောအရပ်သို့၊ အလျင်ပြောင်းသွား လေလေဟု
မိန့်တော်မူလေ၏။ ဆရာဇောတိပါလ ရှင်ရသေ့သည်လည်း။ ထို
အကြောင်းကိုကြား၍။ ရသေ့ပျို့နှစ်ပါးကိုစေလွှတ်ပြီးလျှင်။ မိမိအ
လိုရှိရာ-ဂေါဓါဝရီမြစ်သို့၊ ညောင်စောင်းနှင့်တကွ ကောင်းကင်

ခရီးဖြင့်ဆောင်ယူခဲ့စေ၏။ ဒဏ္ဍကီမင်းကြီးသည်လည်း။ မကြာ
မတင်–ရန်အောင်မြင်၍။ မိမိ၏မြို့သို့ဆိုက်ရောက်သည် ရှိသော်
နတ်တို့သည် ရှေးဦးစွာရေကြည်မိုး။ ထို့နောင် သဲပွင့်မိုး။ နတ်
ပန်းမိုး။ပဲမိုး။ အသပြာမိုး။ နတ်ဝတ် တန်ဆာမိုးတို့ကို– ရွာစေ
ကုန်၏။ လူတို့သည်ဝမ်းမြောက်ဝမ်းသာ ကောက်ယူကြအံ့ဟု။
အားထုတ်ကြကုန်၏ ထိုအခါလူတို့၏အပေါ်၌ပြောင်ပြောင်တောံ
ကုန်သော လက်နက်မိုးကြီး။ ဇလွန်ကြီးကုန်သော– မီးကျီးခဲ
မိုး။တောင်ထွဋ်မိုးတို့သည်ရွာကုန်၏။ထို့နောင်–ဇတောင်ခြောက်
ဆယ်မြင့်အောင်သဲမိုးသည်ရွာ၏၊ ယူဇနာခြောက်ဆယ်ရှိသော
အရပ်သည်။ အကုန်ပျက်စီးခြင်းသို့ ရောက်လေ၏၊ ထို့နောင်ရ
သေ့သူမြတ်ကိုပြစ်မှားသော ဒဏ္ဍကီစသော မင်းလေးယောက်
တို့၏ လားရာဂတိကို မေးလိုသောကြောင့် ကလိင်္ဂစသောမင်း
သုံးပါးတို့သည်၊ ဂေါဓာဝရီမြစ်သို့သွားကြကုန်၏။ သကြားမင်း
သည်လည်း၊ ပြဿနာမေးအံ့သောငှာ။ ဘုရားလောင်းရသေ့ထံ
ကပ်ရောက်လာ၏။ ထိုနေ့နိက်လျှင်။ ကိသဝစ္ဆရသေ့သည်။သေ
လွန်လေ၏၊ ထိုသူမြတ်ကို သင်္ဂြိုဟ်အံ့သောငှာ။ အရပ်လေးမျက်
နှာတို့မှ။ အဆောင်မကသော ရသေ့တို့သည်။ စည်းဝေးလာကုန်
၏။ကိုးဆဲ့ကိုးတောင်မြင့်သော စန္ဒကူးထင်းပုံထက်သို့အလောင်း
တော်ကို တင်ပြီးလျှင်၊ များစွာသောပုဇော်သက္ကာရတို့ဖြင့်ပူဇော်
၍။ အလောင်းတော်ကို သင်္ဂြိုဟ်ကြလေဟန်။ ။သကြားမင်း
လည်း၊ ပြဿနာကိုမေး၍၊ နတ်ပြည်သို့ပြန်လေဟန်။ ။ကလိင်္ဂစ
သော မင်းသုံးပါးတို့လည်း၊ တရားရ၍ရသေ့ရဟန်း ပြုကြလေ
ဟန်။ ။ယခုအခါ၊ သာရိပုတ္တရာသည်။ထိုအခါ၊ သာလိဿရ၊
ယခုအခါကဿပသည်။ထိုအခါ၊မေဏ္ဍိဿရ။ယခုအခါ။အနုရုဒ္ဓါ
သည်၊ထိုအခါ၊ပဗ္ဗတ၊ယခုအခါ၊ ကစ္စာယနသည်။ ထိုအခါ ဒေဝိ
လ။ယခုအခါ၊အာနန္ဒာသည်၊ထိုအခါ၊အနုသိဿ၊ယခုအခါ၊မောဂ္ဂ
လာန်သည်။ ထိုအခါ၊ ကိသဝစ္ဆ။ ယခုအခါ။ ဥဒါယီသည်၊ထိုအ
ခါ။နာရဒ။ယခုအခါ၊ငါဘုရားသည်၊ထိုအခါ။ဇောတိပါလ။ ။

## ၁၈-{ဥမ္မာဒန္တီဇာတ်။}

{၁၈} ပဉ္စာသနိပါတ်- နှစ်ရမြောက်၊ ဥမ္မာဒန္တီဇာတ်ကို၊ သာဝတ္ထိပြည်တွင်းသို့၊ ဆွမ်းခံဝင်သော ရဟန်းတဦးသည်။တန်ဆာဆင်ယင်ခြင်းနှင့် ပြည့်သော၊ သတို့သမီးတယောက်ကိုမြင်၍၊ မိမိစိတ်ကိုမဘားဆီးနိုင်၊ ကြံမှိုင်သည်ကိုအကြောင်းပြု၍၊ ဇေတဝန်ကျောင်းတော်၌ကာ၊ သီတင်းသုံးနေတော်မူစဉ် ဟောတော်မူသည်။ ။အရိဋ္ဌပုရမြို့၌ကား၊ ငါတို့ဘုရားအလောင်းတော်။ သိဝိမင်းကြီးသည်၊ မင်းပြုတော်မူသောကာလ။ သရေဒအခါ၊ ပြည်ကိုတန်ဆာဆင်ပြီးလျှင်။ မြတ်သောရထားထက်။ တက်စီးလျက်။ဆံမီးတန်ဆောင်ဘို့ဖြင့်။ ထွန်းပြောင်စွာ ညှိပေပြီး၍။ သိဝိမင်းကြီးသည်၊ ပြည်ကိုလှည့်သည့်ခါ၊ စစ်သူကြီးအဘိပါရက၏ မယား။ ဥမ္မာဒန္တီကိုမြင်သောကာလ။ ဒဿနာဘာသာသည်။ လွန်စွာလွမ်းမိုးရကား။ ဥမ္မာဒန္တီ၌ကား၊ တပ်မက်သော စိတ်အဟုံဖြင့်။ ရောဂမွန္တက အဖြစ်သို့ ရောက်တော်မူ၍။ သုနန္ဒာ ရထားထိန်း။ ပြည်ကိုလှည့်လည်သဖြင့် အကျိုးမရှိပြီ။ ဤအရပ်မှ နန်းတော်သို့ ပြန်နှင်လော့ဟု၊ မိန့်တော်မူ၍။ နန်းတော်သို့ ဝင်တော်မူသောအခါ၊ ရတနာပြာသာဒ်သို့ တက်တော်မူလျက်။ကြက်သရေရှိသောတိုက်ခန်းအတွင်းရင်ကြီး ချူးငယ်၊ ရှည်သွယ်သိုးလျောင်းသိပ်ခွေ့ ပျောင်းသော။ မောင်းလက်ရုံးတို့ဖြင့်။ အဘယ်နံ့သောအခါ၊ ဥမ္မာဒန္တီရှင်မသည်၊ ငါ့ကိုပွေ့ဖိုက်ပါအံ့နည်း- ဟုသည်ဖြင့်။ မြတ်လေးမာလွှာစသောပန်းချုံတို့ကို၊ မ-လောနွှယ်ရစ်ပတ်သကဲ့သို့၊ တဘွဲ့တည်းဟူသော မာလောနွှယ်သည်။ ဘိစီးချစ်လွှမ်း၊ ယောင်ယန်းသောအဖြစ်ကို။ စစ်သူကြီးကြားသိ၍။မယားဖြစ်သော-ဥမ္မာဒန္တီကို၊ အလိလိအထပ်ထပ်၊ ဆက်သသောက်နှင်းသော်လည်း။ မသူတော်သဘောနှင့်။ ရောနှောဆက်ဆံ၊လက်ခံတော်မမူဘဲ။ သူတော်ကောင်းတရားဖြင့်၊ ဟန့်တားဖြေဆည်သော်မူပြီးလျှင်။ အဘိပါရကစစ်သူကြီးနှင့်။ ဓမ္မကသာ။တရားပ

ကားကို။ သာယာစွာပြောဟော၍နေကြဟန်။ ။အာနန္ဒာသည်။ ထိုအခါမှုထားထိန်း။ သာရိပုတ္တရာသည်။ ထိုအခါစစ်သူကြီး။ဥပလဝဏ်သည်။ထိုအခါဥမ္မာဒန္တီ။ငါဘုရားပရိသတ်သည်။ ထိုအခါ။အမျိုးအမတ်။ငါဘုရားသည်။ထိုအခါသိဝိမင်းမြတ်။ ။

---

## ၁၉-{ကုသဇာတ်။}

{၁၉} သဗ္ဗတိနိပါတ်၊ရှေးဦးစွာသောကုသဇါတ်ကို၊ သာဝတ္ထိပြည်တွင်းသို့ဆွမ်းခံဝင်ရာ။ တန်းဆာဆင်ယင်ခြင်းနှင့်စင်သဖြင့်။မြတ်သောအရောင်အဆင်း။ တင့်တယ်ခြင်း ရှိသောမာတုဂါမ၏။ခြေလက်အရ၊အနုဗျဉ္ဇနကိုအာရုံယူသဖြင့် လူထွက်လိုသောရဟန်းကို အကြောင်းပြု၍။ ဇေတဝန်မဟာဝိဟာရကျယ်၊ စံပယ်တော်မူစဉ် ဟောတော်မူသည်။ ။ကုသာဝတီ ပြည်ကြီးနိုက်။ ဥက္ကာကရာဇာမင်း မင်းပြုတော်မူသောအခါ။ နန်းလောင်းနန်းလျာမရှိရကား။ များစွာသော မောင်းမမိသံတို့ကို။ အကြံမကြံမအဖန်ဖန်၊သားဆုပန်လွှတ်ငြားသော်လည်း၊တဦးသော့သူမျှမရသည်ဖြစ်သောကြောင့်။ သီလဝတီအမည်ရှိသော မိဖုရားကြီးကိုလွှတ်တော်မူရာ၊ များစွာသော ပြည်သားပြည်သူတို့သည်။ ယူဆောင်လိုသည်ဖြစ်၍။ စည်းဝေးကြကုန်စဉ်။သကြားမင်းသည်။ ပုန်ဏားသူအိုအဟန် ဖန်ဆင်းလျက်၊ ပရိသတ်အတွင်းသို့ ဝင်ငြားသောကာလ။သီလဝတီမိဖုရား၏ လက်တော်ကိုကိုင်၍။ ငြိမ်နေရာတာဝတိန်သာနတ်ပြည်သို့ ဆောင်ယူလျက်။ နတ်တို့၏နေရာ။ ရေတနာဗိမာန်ရိပ်ဝယ်။ သိပ်ထားတော်မူလေ၏။ လူတို့အမြေအတွက်-ခုနစ်ရက်စေ့၍နိုးသောကာလ။သီလဝတီမိဖုရားသည်။ သကြားကိုရှိခိုးလျက် တည်လေ၏။ သကြားမင်းသည်လည်း။ သင်မိဖုရား၊ သားဆုကို လိုတပြီးကား။ သားကြီးသားထွေးကို၊ ငါပေးတော်မူမည်ဟု၊ ပြောဆိုပြီးသောကာလ။ ကော်ကနူဒ- နတ်စောင်းပသော၊ငါးပါးသော လက်ဆောင်နှင့်တကွ။ သီလဝတီမိဖုရားကြီး

ကို။ ဥက္ကာကရာဇ်မင်းကြီး၏ စက်မွေ့တော်မူရာ။ နေရာတစ်စိတ်ဝယ်။ သိပ်ထားတော်မူပြီးမှ။ လက်ယာလက်မဖြင့်။ မိဖုရားကြီး၏ ချက်ကိုသုံးကြိမ်ရစ်၍၊ သားဆုကို ပေးပြီးလျှင်၊ နတ်ပြည်သို့ပြန်လေဟန်။ ။နောက်သီလဝတီ မိဖုရားသည်။ ဆယ်လစေ့၍သားတော်ဖွားမြင်သောအခါ။ ခမည်းတော်မင်းကြီးသည်။ ကုသရာဇာဟူသောအမည်ကိုမှည့်တော်မူ၏။ နောင်တော်မင်းသား။ ခြေဖြင့် သွားတတ်သည် ရှိသော်။ မိဖုရားကြီးအား သားတော်တပါးဖွားမြင်ပြန်၏။ ခမည်းတော်မင်းကြီးလည်း။ သားတော်ကို၊ ဇယပတိ ဟူသောအမည်ကို မှည့်တော်မူ၏။ မင်းညီနောင်နှစ်ယောက်တို့သည်။ အရွယ်သို့ရောက်သောအခါ။ ခင်ပွန်းလျာမင်းသမီးအလို့ငှါ။ လှပစွာသော ရွှေရုပ်ကို သွန်းလုပ်စေပြီးလျှင်။ ရွှေထမ်းစင်ထက်တင်လျက်။ အရောင်အဆင်း လှပခြင်းတူသူမင်းသမီးကို။ မှူးမတ်အပေါင်းတို့လှည့်လည်ရှာဖွေ၍။ သာဂလပြည်သို့ရောက်ကာလ။ သာဂလမြို့ရေဆိပ်တွင်။ ရွှေရုပ်ကိုချထားရာ။ ပဘာဝတီ မင်းသမီး၏ အထိန်း ခုဇ္ဇာသည်။ ပဘာဝတီ မင်းသမီးမှတ်၍။ လက်ဖြင့် ပုတ်ခတ်သောအခါ။ ကုသာဝတီ ပြည်မှူးမတ်တို့ အလုံးစုံမေးမြန်းစုံစမ်း ကြားသိရသဖြင့်။ မဒ္ဒမင်းထံဝင်ရောက်ပြီးလျှင်။ ယခင်ရွှေရုပ်ကိုဆက်သ၍။ သမီးတော်မြတ်ပဘာဝတီနှင့်။ ဇမ္ဗူဒီပါကျွန်းအပြင်ဝယ်။ ထင်ပေါ်ပတ်လွှံ့။ ပျံ့နှံ့ထွန်းပသောဘုန်းကြက်သရေရှိသော။ ဥက္ကာကရာဇ်မင်း ကြီး၏၊ သြရသ်ရတနာ။ကုသရာဇာသားတော်မြတ်နှင့်။ လက်ထပ်မင်္ဂလာ။ ဇေယျာသဘင် စီစဉ်ကျင်းပပါမည့်အကြောင်းများနှင့်။ လျှောက်ထားပန်ဆင် ကြသောအခါ။ ရတနာ ရွှေရုပ်ပွားကို။ သိမ်းထားလက်ခံတော်မူ၍။ သင်တို့ အရှင်မင်းကြီးအား။ လိုအင်ဆန္ဒ။ကိုပြည့်စုံကြောင်းများကို။ ပြန်ကြားလျှောက်တင် ကြလေတော့ဟုမိန့်တော်မူပြီးလျှင် ပြန်လွှတ်တော်မူ၏၊ သံတော်မှူးမတ်တို့သည်လည်း။အလုံးစုံသေချာစေ့စပ်သောအကြောင်းမျိုးတို့ကို။ မိမိတို့အရှင့်ထံပြန်ကြားတင်လျှောက်ကြရာဥက္ကာကရာဇ်မင်းကြီးသည်။

အလွန်အားရတော်မူသဖြင့်၊ သီလဝတီမိဖုရားကြီးနှင့်တကွ၊ ပစ်
အင်္ဂါလေးပါး ခင်းကျင်းခြင်းရှိတော်မူ၍။ မဒ္ဒတိုင်းသာဂလပြည်သို့
ထွက်တော်မူသတည်း၊ သာဂလပြည့်ရှင်မင်းကြီးသည်။ ကောင်း
မွန်စွာခရီးဦးကြိုဆိုတော်မူ၍။ ဥက္ကာကရာဇ်မင်းကြီးအား။ ရိုသေ
လေးမြတ်စွာပူဇော်သက္ကာရနှင့်တကွ။သမီးတော်ပဘာဝတီကို။ သ
မီးပြုတော်မူရန်ခေါ်ယူဆက်သဘော်မူ၏။ကုသမင်း၏ မယ်တော်
သီလဝတီမိဖုရားသည်။သားတော်၏အဆင်းနှင့်- မပြည့်ရုံသည်
၏အဖြစ်ကြောင့်။သမီးတော်ပဘာဝတီသည်။သဘောမကျအံ့သည်
ကိုသိ၍။ပဘာဝတီကိုခေါ်ပြီးလျှင်။ချစ်သမီး။ ငါတို့ဝယ်အမျိုး၏
အကျင့်မှာ၊သားကောင်းရတနာတကြိမ်ဖွားမြင်ပြီးမှ။ သမီးခင်ပွန်း
တို့၏မျက်နှာကို၊ ကြည်လင်စွာကြည့်ရှုရမြဲဟု။ ဖွားလွှဲပြောဆို
သွန်သင်၍။ ရွှေထမ်းစင်သို့ တင်ပြီးလျှင်။ မှူးမတ် အပေါင်း
သောင်းသောင်းဝန်းရံလျက်၊ စံတော်မူရင်းကုသာဝတီပြည်သို့။
ခေါ်တော်မူခဲ့ကြကုန်၏။ဥက္ကာကရာဇ်မင်းကြီးသည်လည်း။ နေပြည်
တော်သို့ရောက်တော်မူသောအခါ။ကြီးစွာသောမင်္ဂလာသဘင်ကို၊
စီရင်ခင်းကျင်းလျက်။ ပြည်နိုင်ငံကိုနှင်းအပ်တော်မူပြီးလျှင်။ သား
တော်ကြီးကုသရာဇာ မင်းကို။သမီးတော်ပဘာဝတီနှင့်တကွ။ ရွှေ
ထီးရွှေနန်းကို။ သိမ်းမြန်းစိုးစံတော်မူစေဟန်။ ။ကုသမင်းသည်
လည်း၊ မယ်တော့ထံ သွား၍၊ ပဘာပတီ မင်းသမီးကို မြင်လို
ကြောင်းနှင့်၊လျှောက်ပန်ခွင့်တောင်းသောအခါ။ ပဘာဝတီမင်းသ
မီးကို။ ငါ့သားကြည့်လိုတပြီးကား။ ဆင်ထားရာတင်းကုပ်သို့သွား
နှင့်လေဦး။ငါသည်ပဘာဝတီကိုခေါ်ယူခဲ့အံ့ဟု။ ဖွင့်လိုက်ပြီး
သော်၊ မယ်တော်-ပဘာဝတီကို ခေါ်၍၊ ဆင်တော်ကြည့်သွား
လေသတတ်။ ကုသမင်းသည်လည်း။ ငယ်ယွယ်နုပျိုသောသူဖြစ်
သည်နှင့်၊ကျီစယ်ရွှန်ပြုံးလိုရကား။ပဘာဝတီကိုဆင်ချေးတုံးဖြင့်
ပစ်ဘိ၏။ ပဘာဝတီသည်လည်း။ပြင်းစွာအမျက်ထွက်၍။ ကုသ
မင်းကြီးထံ။အမိန့်တော်ခံပြီးလျှင်။နင်ဆင်ထိန်း၏လက်ကို။ ဖြတ်
စေအံ့ဟု။မကြည်မသာမောင်းမဲ၍။ ဆဲရေးတော်မူခဲ့၏။ ပဘာဝ

တီမင်းသမီးသည်။မြင်းထားရာတင်းကုပ်သို့၊ မယ်တော်နှင့်အတူ ထွက်သွားပြန်ရာလည်း။ရှေးနည်းအတူ မြင်းချေးတုံးနှင့်ပစ်ပြန်လေသျှင်။ပဘာဝတီလည်းယခင်ကဲ့သို့ပင်–မေါင်းမဲးတော်မူခဲ့သတတ် တခဲ့ချေအခါ။ပဘာဝတီသည်၊ မယ်တော်မိဖုရားထံသို့ သွားပြီးသျှင်။ မောင်တော်ကုသမင်းမြတ်၏မျက်နှာတော်ကို။ ဖူးမြော်လိုကြောင်းနှင့်လျှောက်ကြားသောအခါ၊ကာလမတန်သေးဟု– အဖန်ဖန်ပြောဆိုသော်လည်းမရနိုင်ရကား၊နက်ဖြန်နေ့ကြည့်ရလတံ့ဟု၊ မိန့်တော်မူပြီးသျှင်။ ညီတော်ဇယပတိမင်းသားကို၊ ကုသမင်းအသွင်ယူစေလျက်။ဆင်ကျောက်ကုန်းထက်စီးစေပြီးသျှင်၊ ပြည်ကိုလှည့်လည်စေရာ။ရတနာရောင်ရှင်။ခြင်သေ့ခံသောနန်းပြူတင်းမှ။ ပဘာဝတီမင်းသမီးကြည့်ရှုရာ၊ငါသည်ကြက်သရေမင်္ဂလာ။အခခင်းအင်္ဂါ။လှပတင့်တယ်စွာသောခင်ပွန်းကောင်းကို။ရတော်စွတကားဟုနှစ်သက်ခြင်းဖြစ်သဖြင့်မယ်တော်နှင့်တကွ။ သာရဏီယစကားကို။ပြောကြား၍နေစဉ်။ဆင်ကျောက်ကုန်း၏နောက်အဘို့နှိုက်စီးသောကုသမင်းသည်။အနီးမျက်မှောက်။ ရောက်လတ်သောအခါ။ ပဘာဝတီအား–လက်ကိုကောက်တကျစ်ပြုလုပ်ပြပြီးသျှင်၊ တင်နှံးရှု၍သွားလေ၏။ထိုအခါပဘာဝတီသည်၊ဤသို့အကြံဖြစ်၏၊ ဆင်ေတာ်၏နောက်အဘို့နှိုက်စီးသောသူသည်ပင်ကုသမင်း ဖြစ်ရာသတတ်၊အခြားသူဖြစ်က၊ ငါသို့သောသူကို။ မရိုမသေပြုခြင်းငှာမဝံ့ရာဟု။အထိန်းချစ္စာကိုခေါ် ပြီးသျှင်။ဆင်စီးသော သူနှစ်ယောက်တို့တွင် မည်သူကားအချင်းမည်သူကားမင်းဟု။အလျင်ဆင်းနောက်သက်ကို၊ ကွယ်ဝှက်ပုန်းအောင်း။ချောင်း၍ ကြည့်ချေပေတော်မူလိုက်သောအခါ။အထိန်းတော်ချစ္စါသည်၊ကုသမင်း၏အလျင်ဆင်းသက်သည်၏အဖြစ်ကိုသိလျက်။ကွယ်ဝှက်သောစကားဖြင့်။ ကုသမင်းဘက်သားဖြစ်၍။ရှေ့နေရာ၌နေသော–ဇယပတိမင်းသားကိုပင်။ ရှေ့သျှားသက်ဆင် ကြောင်းနှင့်။ ပဘာဝတီ မင်းသမီးအားလျှော်ဘင်လေ၏။တနေ့သ၌လည်း။ကုသမင်းသည်။ မယ်တော်အားပဘာဝတီမင်းသမီးကို၊ထင်ရှားပြပါဦးဟု၍လျှော်ထါးပြန်လေသော်

မယ်တော်လည်းသားတော်ကုသမင်းအားချစ်သားနက်ဖြန်နေ့ရော့သောအခါ၊မင်္ဂလာရှိသောဥယျာဉ်တော်သို့။မထင်ရှားသောအသွင်ဖြင့်သားတော်သွားနှင့်လော့၊ပဘာဝတီနှင့်အတူ ငါလာအံ့မိန့်တော်မူပြီးလျှင်။မယ်တော်မိဖုရားသည်။ပဘာဝတီနှင့်အတူ၊ မင်္ဂလာဥယျာဉ်တော်သို့ထွက်တော်မူပြီးလျှင်။တနေ့ပတ်လုံးလှည့်လည်ပျော်ပါးစေ၏။ကုသမင်းသည်လည်း။ မင်္ဂလာရေကန်အတွင်း။ လည်ရင်းတိုင်အောင်ဆင်းသက်၍။ကြာဘက်ကိုဆောင်းသဖြင့်။တပွင့်သောကြာပန်းကိုကိုက်ငုံပြီးလျှင်။ပဒုမာကြာပင်ပြု၍နေလင့်၏။နေမွန်းသက်ရှိန်၊နေရှိန်ညှို့ပျောင်း။နေစောင်းငဲ့တိမ်း၊ နေငြိမ်းလုသောအခါဝယ်။ပဘာဝတီမင်းသမီးသည်။ ရွှေရံမျှားစွာနှင့်မင်္ဂလာရေကန်အတွင်း။သက်ဆင်း ကစားတော်မူလေ၏။ ပဘာဝတီ မင်းသမီးသည်။ကုသမင်း၏ခံတွင်းနှိုက်ကိုက်ထားသောကြာပန်းကို၊လှမ်းယူဆွတ်သောအခါ၊ငါကုသမင်းတရားဟု–လက်ကိုဆွဲသောကာလဒကရေကျို့သံ၊ဘီလူးမိုက်သည်၊ကိုက်စားတော့မည်ဟု ကျည်ကျည်ကျိုကျိုဆိုငိုမြည်တမ်းလျက်။ ယောင်ယမ်းတွေဝေ လေသတော်။ထို့နောင်မှ။ အထိန်းအယတို့သည်။ မ–စခြံရံလျက်ပြန်ကြလေ၏၊ ထို့နောင် ပဘာဝတီသည်၊ ဆင်တင်းကုပ် မြင်းတင်းကုပ်စသည်တို့ဝယ်။ ပြက်ရယ်အမှုပြုသမျှသည်အခြားသူမဟုတ်။ ဤအရုပ်ဆိုးကုသမင်းချည်းပင်ဖြစ်သည်။ အသက်ရှည်သဖြင့်သင့်တင့်လျောက်ပတ်သော ခင်ပွန်းတယောက်ကို။ ရလောက်ပါသေး၏ဟု။မိမိအသွေးအရည်ကို ယုံတော်မူသဖြင့်။ ကုသာဝတီပြည်ကြီးဝယ်ငြိုးငွေ့တော်မူရကား၊မင်းကြီးထံပန်ကြားလျက်။အထိန်းတော်ချစ္စာစသောပရိသတ်နှင့်တကွ။ သာဂလပြည်သို့ပြန်ကြလေဟန်။ ။ကုသမင်းသည်လည်း။ပဘာဝတီမရှိက၊ကုသာဝတီပြည်ကြီးနှင့်တကွ။ရွှေဘိုးရွှေနန်းကို၊အချည်းနှီးထင်တော်မူသဖြင့်။ မယ်တော်မိဖုရားအားတိုင်းပြည်ကိုအပ်ခဲ့၍။ လက်နက်ငါးပါးနှင့်တကွကော်ကနုဒမည်သော စောင်းကိုပိုက်၍။ ယူဇနာတရာ ကွာဝေးသောသာဂလပြည်သို့၊နေ့ခြင်းရောက်ထွက်သွားတော်မူ၍။ ညအ

ဘို့ဝယ်။အိမ်ငယ်တခုတွင်တဲခို အိပ်စက်တော်မူပြီးကာလ။ နက်ဖြန့်ညရောက်သောအခါ။ ရွှေနန်းတော်အတွင်း ဆင်တင်းကုပ်သို့ဝင်၍အိပ်ပြီးလျှင်၊ စောင်းတော်ကို တီးလေ၏။ အလွန် သာယာသောစောင်းသံသည်။ သာဂလမြို့အလုံးလွှမ်းဖုံး၍ တည်လေ၏။ ထို့နောင်ကုသမင်းသည်။ ဤဆင်တင်းကုပ်သည်။ ပဘာဝတီကိုမြင်ရာအရပ်မဟုတ်သေးဟု။နတ်ပေးသောစောင်းကို သိမ်းတော်မူ၍။အိုးထိန်းတပည့်ခံပြီးလျှင်။ မိမိအရပ်-ပဘာဝတီအရပ်-ရဇ္ဇာအရပ်သဏ္ဌာန်တို့ကို၊ဆက်သရန်အိုးငယ်တွင်၊ အသွင်တူအောင်လုပ်ဆောင်ပြီးလျှင်။ အိုးထိန်းသည်ကြီးကိုအပ်နှံ၍။ မင်းကြီးထံဆက်စေရာ။ ခမည်းတော်မင်းကြီးက။ သမီးတော်ပဘာဝတီအထံသို့ပေးစေတော်မူသည်။အိုးငယ်တွင် အရုပ်သုံးခုကိုလည်း။ပဘာဝတီမှတပါး။အခြားသူတို့မမြင်လေ။ထို့နောက်တဖန်။ ကုသမင်းသည်၊ ဤအချပ်လည်း မလျော်ပတ်လေသေးဟု။ ကျူထရံယက်သူတို့၏အထံ။ ပန်းတော်ကုံးသူတို့၏အထံသို့ဝင်ပြီးလျှင်။ ယခင်နည်းအတူးတူးသော အရုပ်တို့နှင့်တကွ။ ပါအောင်လုပ်ဆောင်ဆက်သသော်သည်း။ ငွေတော်ကိုသာရှင့်။ ပဘာဝတီကို မမြင်ရသဖြင့်။နောက်အတို့နိုက်၊စားတော်ချက်အိမ်သို့ဝင်ပြီးလျှင်။ နတ်ဩဇာနှင့်တူသော စားတော်ကိုချက်ပြုတ်ဆက်သပေးသဖြင့်၊ မဒ္ဒရာဇ်မင်းကြီးသည် အလွန်နှစ်သက်တော်မူသည်ဖြစ်၍။ ပစ်ကြောမေးမြန်းတော် မူသောအခါ။ စားတော်ချက် အရာလိမ္မာ သူရှိပါကြောင်းကိုလျှော်ထားသောကာလ။ မင်းကြီးလည်းငါ၏အတို့အရာစားတော်ကို၊သင်ဆောင်ယူပြီးလျှင်။ငါ့သမီးတော်အတို့အရာကို။ စားတော်ချက်လိမ္မာသောသင့်တပည့်ကိုင့်ဆက်စေဟု။ မိန့်တော်မူသောစကားကို။ကုသမင်းကြားသောကာလငါ၏နှလုံးအလိုသည်သည်အခါပြည့်ပေတော့မည်ဟု၊ အလွန် ရွှင်လန်း ဝမ်းမြောက်တော်မူလေသည်။နက်ဖြန်နံနက်ရောက်သောအခါ။ကုသမင်းသည်။ ပဘာဝတီ၏စားတော်အုပ်ဖုံကိုထမ်း၍ ပဘာဝတီ၏ရွှေနန်းသို့တက်တော်မူလေ၏။ပဘာဝတီသည်၊ကုသမင်းကိုမြင်သောအခါ၊မဖွယ်မရာ

ပြည့်ရှင်မင်းစင်လျက်၊ ကျွန်အမှုကိုပြုလေဘိ၏တကား။ အကယ်
၍ငါ့စကားမဆိုသည်ဖြစ်အံ့၊ သူ့ကိုနှစ်သက်၍၊ မဆိုသည်ထင်ရန်
ရှိချေသည်၊ မြန်မြန်မောင်းခဲ့။ အရှက်ခွဲ၍၊ နေမြဲသူ့ပြည်သို့ပြန်
စိမ့်မည်ဟု၊ ရည်ကြံဘော်နူပြီးသောအခါ၊ လေသာတံခါး၊ မှက်တ
ဘက်ကိုသာလှစ်ဖွင့်၍၊ သီးချင့်ဖွာသောစကားကိုဆိုတော်မူသည်၊
ကုသမင်း၊ ရောဂါဘည်းဟူသော ကောက်ကျစ်သော စိတ်ရှိသည်
ဖြစ်၍၊ ကြီးစွာသောသဝန်းပိုးနှင့်၊ ထမင်းအုပ်ခွက်ဘို့ကို၊ ထမ်းပိုးပုံ
ဆောင်ရသဖြင့်၊ ခံ့ညားဘက်သုံးဆင်းရဲသို့ရောက်ရ၏။ ငါ့ဘို့နေရာ
သာဂသမြို့မှာ၊ ပနေ့လာပါနှင့်၊ ကုသာဝတီပြည်ကြီးသို့သာ အ
လျင်အမြန် ပြန်လေပါ၊ သင်၏မျက်နှာ၊ သင်၏အရုပ်အဆင်း
ကို မမြင်လိုပါဟု- ဆဲရေးသော ကာလ၊ ကုသမင်း လည်း၊
ခြောက်ပြစ် ကင်းကွာ၊ ငါးဖြာကြွန်ညီ၊ ရှုဘွယ်မဝ၊ ရမရသော
ရှင်မ ပဘာဝတီ၊ ပြည့်ရှင် မင်းဖျား။ တရားစောစစ်၊ ဖြစ်ပေ
လျက်ဘဲ့နှမိဇက်နှင့်၊ ရေမက်ငါးသွင်၊ ပုံပြင်မသန္တင်း။ သင့်အဆင်း
တည်းဟူသော ရုပါရုံသည်၊ ရှစ်ခြံ့ဖြားယောင်းအပ် သည့်ဖြစ်၍
ချစ်ဖိတ်ခပြေငါ့ဘို့နေသည့်၊ နန်းမြေပြည်ထဲ။ မပြန်ဘဲလျှင်၊ အမြဲး
ဟာရှည်၊ သင့်ဘ-ပြည်တွင်၊ ရုပ်ရည်သွယ်နွဲ့၊ သင့်ကိုရှုရ၍၊ ယခု
ငါနေတော်မူတော့မည်ဟု၊ နုတ်ရည်ချိုး၊ စကားကို့ပေးတော်မူ
၏၊ ထိုအခါ- ပဘာဝတီမင်းသမီးသည်၊ တံခါးကိုပိတ်၍၊ ဆိတ်
ဆိတ်နေလေဟန်။ ။တရံ ရာအခါန္ဒိက်။ ကုသမင်းသည်၊ ပွဲး
တော်အုပ် ရန်ပုံကို ထမ်းဆောင်၍။ ပဘာဝတီမင်းသမီး၏နန်း
ဆောင်ဘော်တံခါးဝတွင်။ အုပ်ခွက်ပန်းကန်တို့ကို။ အသံနှင့်တ
ကွပ်ချလိုက်ပြီးလျှင်၊ ထမ်းပိုးကြီးကို လည်နိုက်တင်ထား၍။ အ
လျားမှောက်ရှန်း။ တုန်တုန်ခိုက်ခိုက်၊ ဟိုက်ဟိုက် ဟောဟော်။ ညှပ်
ချော် ယောင်ယမ်းမှုသဖြင့်- လည်းလေ၏။ ပဘာဝတီမင်းသမီး
သည်လည်း၊ ညည်းတွားသောအသံကိုကြား၍။ ထွက်ခဲ့ပြီးလျှင်။
ကုသမင်းအနီးသို့ကပ်၍ကြည့်ရှုရာ၊ မင်းသမီးမျက်နှာကို၊ တံတွေး
ဖြင့်ထွေး၍ထွက်သွားလေ၏၊ ထိုပြီးနောက်မှ၊ အထိန်းတော်ရဖ္လာ

သည်။ပဘာဝတီ၏ ဆံတော်ကိုရှင်းရာ။ ကုသမင်း၏ဂုဏ်ကျေးဇူးစကားကို ဖြားယောင်းပြောဆို၊အချုပ်အသာ၊ သွန်သင်ပါသော်လည်း၊မင်းသမီးသည်ယွယ်ရည်ဖြင်လျာ။ လက္ခဏာကောင်းခြင်း။အသင်းဖြင့်မာန်မူရကား၊ ရန္တာသျှာဖျားကို၊ခံးဖြင့်ဖြတ်မည်ဟု၊ ကြိမ်းချောက်ပြောဆိုသောကြောင့်၊ အထိန်းတော်ရန္တာသည်။မင်းသမီး၏လည်ကုပ်ကို။ ကိုင်ဆုပ်တွန်းပစ်၊ဆုဘ်နှစ်ပြန်သွားလေ၏။ ထိုအခါကုသမင်းသည်၊ ဤသို့အကြံဖြစ်သဘတ်။ ငါသည်၊ပဘာဝတီအထံသို့လာပြီးလျှင်။ ကျွန်အမှုကိုရွက်ဆောင်ရသဖြင့်။ ရန်စ်လဘိုင်ဘိုင်ဆင်းရဲခြင်းသို့ရောက်ရပြီဟု။ စိတ်လက်ငြစ်ငြူးခြင်းဖြစ်ရကား။ဤပဘာဝတီဖြင့်အဘယ်အကျိုးရှိအံ့နည်း။ငါဘို့နေရာ။ကုသာဝတီပြည်သို့ပြန်၍။ မယ်တော်ကိုသာ မပြတ်သုပ်ကျွေးမှုဇော်ဖူးမြော်ပါတော့အံ့ဟု။ စိတ်လက်လျှော့တော်မူလေ၏။ ထိုအခါသကြားမင်းသည်။ ကုသမင်း၏ ဆင်းရဲငြိုငြင်ပင်ပန်းသောအဖြင့်ကိုရင်း။ စံနေတော်မူရင်း၊ကုသာဝတီပြည်သို့ ပြန်လိုသည်၏အဖြစ်ကိုငင်း၊ သိရကား၊ ပဘာဝတီမင်းသမီးကို၊ ကုသမင်းအားပေးအံ့ဟု-ကြံတော်မူသဖြင့်၊ ရန်စ်ပြည်ထောင်သောမင်းတို့၏၏အထံ၊ မဒ္ဒရာဇ်မင်း-သံ ပြုလုပ်၍။ ကျွန်ုပ်သမီးပဘာဝတီသည်။ကုသာဝတီပြည်ကြီးရှင်။ဘုရင်မင်းကြီးကိုစွန့်ခွဲ၍။နေမြဲမိဘတို့ထံသာဂလပြည်သို့ပြန်ခဲ့ပါပြီ။အလိုတော်ရှိတပြီးကား၊ သမီးတော်ပဘာဝတီနှင့်။မင်္ဂလာသဘင်၊စီရင်းခင်းကျင်း၊ဆောင်နှင်းလက်ထပ်ပါမည့်အကြောင်းများနှင့်သဝန်လွှာရေးသားပေးအပ်။နှတ်တမန်တို့ကို။ရန်စ်ပြည်ထေါင်မင်းတို့သို့၊အသီးအသီးခွဲဝေပေလွှတ်တော်မူကြသို၏။ထိုအခါ။ပြည်ထောင်သဋ္ဌနှင်း။ မင်းရန်စ်ဦးတို့သည်။ရွှင်မြူးစိတ်ဝမ်း။ အားခုမ်းနှစ်သက်စွာ။ လက်ဆောင်ပဏ္ဏာများစွာနှင့်။အင်္ဂါလေးမည်။စစ်သည်ရဲမက်အပေါင်းခြံရံလျက်။ကြက်ပျံမကျ၊ စည်ပင်လှသော၊ သာဂလပြည်သို့။ အသီးအသီး။ သွီးတောင်းဆိုက်ရောက်ကြကုန်၏။ ထိုအခါမကိုဋ္ဌထီးစင်း၊ မင်းရန်စ်ဦးဘို့သည်၊မင်းတပါးလာသောအခြင်းအရာကိုးမင်းတပါးမသိ

ကြသည်နှင့်-မေးမြန်းကြသောကာလ၊သမီးပေါ် ပဘာပတီမင်း
သ္မီးနှင့်၊မင်္ဂလာသဘင်။ကြိုရင်ခမ်းနား။ ထိမ်းမြားလက်ထပ်ပေါ်မှု
မည့်အကြောင်းအရာကို။ရာဇပဝေ။သာဂလပြည့်ရှင်မင်း၏၊ သ
တင်းယာရောက်ကြောင်းကို။ အသီးအသီးဖြန့်ကြားပြောဆိုကြရာ။
ပြည်ထောင်မင်းတို့အလုံးစုံသိကြပြီးနောက်။ အဆွေမင်းမြတ်တို့။
မဒ္ဒရာဇ်မင်းကြီးသည်။ သမီးတယောက်ကိုစင်လျက်။ ဘုရင်ထီးစင်း
မင်းခုနစ်ပါးကို၊ယောင်ပြုစိမ့်မည်ဟု၊ ရှယ်ရှည်ကြံဆောင်သောအ
ကျင့်။မသင့်တကားဟု၊ တိုင်ပင်ပြောဆိုကြပြီးလျှင်။ ဒေါသနှင့်တ
ကွချိတက်ကြ၍။ ဆင်မြင်း ရထား စသော-စစ်အင်္ဂါလေးပါးတို့
ဖြင့်။သာဂလပြည်အလုံးကို၊ဆင်ထပ်ပေါင်းရုံး။ပတ်ကုံးခြံမြို။ ဝန်း
ရံပိတ်ဆို့ပြီးလျှင်။သ္မီးပေးစစ်ထိုး၊ဆိုရိုးမပျက်။သည်နှစ်ချက်တွင်။
နှက်သက်ရာကောက်ယူ။ ရွေးတော်မူ-ဟူသော စကားဖြင့်။မဒ္ဒ
ရာဇ်မင်းကြီးထံ၊ သံပြန်၍ပေးလွှတ်တော်မူကြဟန်။ ။သာဂလ
ပြည့်ရှင်မင်းမြတ်သည်လည်း၊ မှူးမတ်တို့နှင့်တိုင်ပင်ပြီးလျှင်။ စစ်
ကြီးဆင်ရမည်လည်း၊ အားအင်မတူ၊ဖြစ်ခဲ့ရကား၊ စစ်တက်ပြိုင်
ဆိုင်ခြင်းငှာလည်း၊ မလျောက်ပတ်ရာ။ ပဘာဝတီသည်။ သင့်
အရပ်အဆင်းကို စွဲမှီ၍။ ကုသာဝတီ ပြည်ကြီးရှင်ကိုလျက်။မ
နှစ်မသက်။ အဘက်မတန်ဟု။ မသန်မူ၍ ပြန်လာသည်။ သင့်ကို
ပင်-ခုနစ်ပိုင်းပိုင်း၍။ ခုနစ်တိုင် ခုနစ်ပြည်မင်းတို့သို့ ပို့တော့မည်
ဟု၊ မိန့်တော်မူသည် ရှိသော်၊ ပဘာဝတီလည်း။ ထိုစကားကို
ကြား၍။ မယ်တော်ထံ သွားပြီးလျှင်။ အထူးထူး အထွေထွေ၊
ကြက်သရေ အခုဖြစ်သော၊ အကျွန်ုပ်၏ ကိုယ်သည်။ ကျီးစွန်
လင်းတတို့၏ အစာဖြစ်ပါရတော့မည်ဟု။ ကျည်ကျည် လောင်
လောင်ငိုကြွေး၍။ ခြေခြေသာသာလျှောက်သောအခါ။ မယ်တော်
မိဖုရားသည်လည်း။သမက်တော်ကုသဘုရင်သည်၊ တို့ပြည်တွင်
ရှိပါတပြီးကား။သူတပါးတို့၏အနှိပ်အစက်ကိုမခံရလေဟု၊ တသ
တော်မူလေ၏။ ထိုအခါသ္မီးတော်သည်လည်း။ စားတော်ပွဲ့အိမ်
အတွင်းနိုက်၊ ရှင်းလင်းသုတ်သင်။ အိုးအင်စသည်တို့ကို သိမ်း

ဆည်း၍နေသော၊ ဘုရားလောင်းကုသမင်းကို။ လက်ညှိုးညွှန်၍။
မယ်တော်ကိုပြသောကာလ။ မယ်တော်သည် မင်းကြီးထံသွား၍
သမက်တော်ကုသမင်း၊ မြေနန်းတော်အတွင်းရှိကြောင်းနှင့် တင်
လျှောက်ရာ။မင်းကြီးလည်း၊ ပဘာဝတီအမိုက်မ။ သွား၍တောင်း
ပန်ချေဟု၊စေတော်မူ၏။ကုသမင်းလည်း၊ ပဘာဝတီလာအံ့သည်
ကိုသိသည်နှင့်။ယနေ့မူကား၊ပဘာဝတီ၏မာန်မာနကို၊ငါချတော်
မူမည်ဟု၊ကြံတော်မူပြီးလျှင်၊ ကျယ်ဝန်းလှစွာသောမြေအပြင်ကို။
တံပတ်တည်း ရွှံ့ညွှန်အတိပြုပြီးကာလ။ စင်ကြယ်သောအရပ်နှိုက်
နေတော်မူ၏။ ပဘာဝတီမင်းသမီးသည်။ အခြွေအရံနှင့်တကွလာ
ပြီးသော်။ကုသမင်း၏ခြေရင်း၊ညွှန်ပျောင်းတွင်း၌ ဝင်နေပြီးလျှင်။
အရှင်ကုသမင်းမြတ်။ အရှင့်ကျွန်မသည်။ မလိမ္မာသေးအားဖြင့်၊
ပြစ်မှားမိသမျှ အပြစ်ကို။ အကျွန်ုပ်အား၊ သနားတော်မူသဖြင့်
သည်းခံတော်မူပါ။ အရှင့်ကျွန်မကို၊ခုနစ်ပိုင်းပိုင်း၍။ ခုနစ်တိုင်း-ခု
နစ်ပြည့်ရှင်။ မကိုဋ္ဌဆင်မင်းအပေါင်းတို့ထံ။ အပ်နှံပို့သပါလိမ့်
မည်၊ ကြည်လင်ရုံမက်။ မေတ္တာဆက်၍။အသက်ကိုကယ်ဆယ်
တော်မူပါဟု။ခွင့်ပန်လျှောက်ထား၊သနားတော်ခံသောအခါ၊ ကုသ
ဘုန်းဖျား၊ဘုရားလောင်းမင်းမြတ်သည်။ ဤသို့အကြံဖြစ်သတတ်။
အကယ်၍တည်း ငါသည်းမခံသည်ဖြစ်အံ့။ ပဘာဝတီနှလုံးသည်၊
ကွဲကြေလတ္တံ့ဟု၊ ကြံတော်မူပြီးလျှင်။ကောင်းကြံပြည့်ညီ၊ သိင်္ဂီ
ရွှေရုပ်၊သွန်းလုပ်တူမျှ၊ရူမဝသော၊ပဘာဝတီမင်းသမီး။ ဤအလုံးစုံ
ပြောဆိုလျှောက်ထားသမျှအပြစ်ကိုငါသည်းခံတော်မူ၍။ အသက်
ကိုပေးပြီးလျှင်။ ချမ်းသာစေမည်ဟု၊ သာကြည်ရွှင်လန်းစွာပြော
ဆို၍။လွှတ်တော်မူလိုက်၏။ခမည်းတော်မင်းကြီးလည်း။သမီးတော်
သားတော်တို့မေတ္တာသက်ဝင် ကြည်ရွှင်ရုံမက်၊ နှစ်သက်ပြေ
ကြေကြကြောင်းများကိုသိတော်မူသဖြင့်၊ဘုရားလောင်းကုသမင်း
အား၊ဆံမုတ်ဆိတ်ပသည်တို့ကိုပြင်ဆင်သန့်ရှင်းစေပြီးကာလ။အ
လုံးစုံမင်းမြှော်တန်ဆာငါးပါးနှင့်တကွ၊ ဆင်မြင်းစသောစစ်အင်္ဂါ
လေးပါးအပေါင်းအပုနှင့်တကွ။ ဗိုလ်ထုစသည် အပေါင်းတို့ကို

ပေးအပ်တော်မူ၍။ အရေးတွဲအပ်တော်မူ၏။ ထိုအခါ ကုသမင်း မြတ်သည်။အစပ်သုံးဖြာ၊အလွှာလေးရာ၊ဧတုသင်္ခေ၊ တွက်ရေများ စွာ၊ အင်္ဂါလေးပါးရှိသော။ မိမိစစ်သည်ဗိုလ်တုကို၊ ရှုမြင်တော်မူ လျှင်၊ အားအင် တက်ကြွတော် မူသည်ဖြစ်၍။ နတ်၏ အဆင် တန်ဆာနှင့်တူသော။ ပဉ်စဝက် ဒုဆင်တန်ဆာတို့ကို။ ဝတ်ဆင် တော်မူပြီးကာလ။ ပဘာဝတီ မင်းသမီးနှင့်တကွ။ ရေတနာ ဆင် တော်ထက်၊ မြတ်သောထီးဖြူတော်ကို ဖြန့်မိုးဆောက်စိုက်တော် မူပြီးကာလ။အပင်္ဂကုသလရာဇာ။ ငါကုသမင်းဟု။ခြင်္သေ့မင်း၏ အသံနှင့် တူသော အသံတော်ဖြင့်။ သုံးကြိမ်ကြိုးဝါးသံပင် တော်မူ ပြီးလျှင်။ မလမ်းသုံးကြိမ်ဖေါက်တော်မူ၍။ စစ်ကြီးအဦးဖွင့်တော် မူသည်။ခုနစ်ပြည်ထောင်သောမင်းတို့သည်လည်း။ ပစ်မျက်နှာဆိုင် ပြိုင်ခုခံခြင်းငှါ။မဝံ့ရကား။မိမိ-မိမိတို့အရံကိုဖြုတ်၍။အသီးအသီး ဆုတ်ကြလေကုန်သတတ်။ထိုအခါ၊ ဘုရားအလောင်းတော်ကုသ မင်းသည်။ ခုနစ်ပြည်ထောင်သောမင်းတို့ကိုဖမ်းယူပြီးလျှင်။ မဒ္ဒ တိုင်း။သာဂလပြည့်ရှင်မင်းကြီးသို့အင်လေ၏။ သာဂလမင်းကြီး သည်လည်း။ အကျွန်ုပ်တို့ကိုယ်ပင်၊ ကုသမင်းမြတ်၏ လူဖြစ်ပါ သည်။မင်းခုနစ်ဦးတို့ကို။ ဖြန့်ယူတော်မူပါ၍။ အလိုတော် ရှိတိုင်း ပြုတော်မူပါဟုပြောဆိုသောအခါ။ အလောင်းတော်ကုသမင်းစိတ် တော်အလျောက်၊ခုနစ်ဦးသောထီးဆောင်းမကိုဋ်ဆင်။ ဘုရင်မင်း အပေါင်းတို့ကို။ သားမြေး မြော်ညွှန့်။ အကွန့်စည်ဖြာ။ ရာဇမဟာ မိတ်အဖြစ်။မြဲမြံ ပေခြင်းငှါ၊ ရှေးမင်းကောင်း မင်းမြတ်တို့တန်း၊ ပဝေဏီထုံးတမ်းနှင့်အညီ။ပဘာဝတီမင်းသမီး၏။ ညီမတော်ခုနစ် ပါးနှင့်။ထိမ်းမြားလက်ထပ်တော်မူပြီးလျှင်။ မိမိ-မိမိတို့တိုင်းပြည် နိုင်ငံသို့ပြန်ကြစေဟုန်။ ။အလောင်းတော်ကုသမင်းသည်လည်း။ ကြက်သရေမင်္ဂလာ။ရုပ်ဝါအဆင်း၊ တင့်တယ်ခြင်း အကျိုးကိုပြီး စေတတ်သော။ ဝိဇ္ဇာတသဘင်၊စစ်မြေပြင်နိုက်။ သကြားမင်းပေး အပ်ဆက်သလှာသော၊ ဝေရောစနပတ္တမြားကို၊ ဆင်ယင်တော်မူ ၍။ပဘာဝတီမိဖုရားကို ခေါ်တော်မူပြီးလျှင်။ စံနေတော်မူရင်းကု

သာဝတိနေပြည်တော်သို့ ပြန်ဘော်မူကြဟန်။ ။ယခုအခါမယ် ခမည်းတော်တို့သည်။ ထိုအခါမယ်တော်ခမည်းတော်။ ယခုအခါ အနုရုဒ္ဓါသည်။ထိုအခါသကြား။ယခုအခါအာနန္ဒာသည်။ ထိုအခါ၊ ညီတော်ဇယပတိ။ ယခုအခါ ခုဇ္ဇုတ္တရာသည်။ ထိုအခါအထိန်း တော်ခုဇ္ဇာ၊ ယခုအခါ ရာဟုလာမယ်တော်သည်။ ထိုအခါပဘာဝ တီ။ယခုအခါငါဘုရာ့ပရိတ်သတ်သည်။ထိုအခါပရိသတ်။ယခုအ ခါငါဘုရားသည်။ထိုအခါကုသမင်း။

———o———

## ၂၀-{သောဏနန္ဒဇာတ်}။

{၂၀} သတ္တတိနိပါတ်-နှစ်ရမြောက်။သောဏနန္ဒဇာတ်ကို၊ အမိအဘကိုလုပ်ကျွေးသော ပုဏ္ဏားကိုအကြောင်းပြု၍။ ဇေတဝန် ကျောင်းတော်ဝယ်၊စံပယ်တော်မူစဉ်ဟောတော်မူသည်။ ။ဗြဟ္မ ဝဍ္ဎနမည်သောပြည်နိုက်။ မနောဇ မည်သောမင်းသည်။ မင်းပြု သောကာလ။ဗြဟ္မဝဍ္ဎနပြည်နိုက်။ ကုဋေရှစ်ဆယ် ကြွယ်ဝသော။ ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားသို့် ခင်ပွန်းတို့သည် ရှိကြကုန်သ တဲ့။တရံရောအခါ၊လင်ဖြစ်သောပုဏ္ဏားကြီးသည်။အဘယ်ပုဏ္ ဏားမ။ငါတို့နိုက်သားသို့မရှိကြကုန်။ သားဆုကိုတောင်းပါကုန် လောဟု။ တိုက်တွန်းသည်ဖြစ်၍။ သားဆုကို တောင်းသောအခါ။ ငါတို့ဘုရားအလောင်းတော်သည်။ဗြဟ္မာ့ပြည်မှစုတေခဲ့၍။ပုဏ္ဏား မ ဝမ်းနိုက်၊ပဋိသန္ဓေနေတော်မူ၏။ဖွားမြင်သောကာလ။ သောဏ သတို့သားဟူသောအမည်ကိုမှည့်ကြကုန်၏။ထိုသတို့သားသည်။ ခြေဖြင့်သွားနိုင်သောအခါ၊ တဦးသောဗြဟ္မာသည်၊ထိုပုဏ္ဏားမ ဝမ်း၌ ပဋိသန္ဓေနေသည်ဖြစ်၍။ ဖွားမြင်ပြန်သောကာလ။ နန္ဒသတို့ သားဟူသောအမည်ကိုမှည့်ကြကုန်၏။ ထိုသားနှစ်ယောက်တို့သည်။ အသက်ယ်သို့ရောက်သောအခါ၊အစ်ကိုဖြစ်သောပုဏ္ဏားအား။ အိမ် ရာသူစိမ့်သော၌၊မိဘတို့သည်တိုက်တွန်းကြကုန်၏။ မိခင်ဘခင် တို့၊အလျှုနှိပ်သည်၊အိမ်ရာဖြင့်အလိုမရှိပါ။ အသက်ထက်ဆုံးမိခင်

ဘခင်တို့ကိုသာ။ လုပ်ကျွေးလိုပါသည်။ အကယ်၍-မိဘတို့ကွယ်
လွန်သည်ဖြစ်အံ့။ဟိမဝန္တာသို့ဝင်၍။ရသေ့ရဟန်းပြုလိုပါသည်ဟု
မိဘတို့တိုက်တွန်းသောစကားကိုပယ်လေ၏။ ညီသတို့သားအား။
ပြောကြားသောကာလနှိက်လည်း။ နောင်တော်ထွေးသောအညစ်
အကြေးကို။ဦးထိပ်ထက်မရွက်လိုပါ။နောင်တော့်နည်းတူ၊ တော
ထွက်ပါအံ့ဟုပယ်လေပြန်၏။ဤသူငယ်နှစ်ယောက်တို့သည်၊ အငယ်
ကာဝင်ကာမဂုဏ်ချမ်းသာကို။အလိုမရှိကြကုန်။ ငါတို့အားအဘယ်
ဆိုဘွယ်ရာရှိအံ့နည်း၊ စွန့်အပ်သည်သာတည်းဟု။ အလုံးစုံသော
ပဥ္စည်းရပ်တို့ကို။မင်းအားကြားပြီးလျှင်။စွန့်လွှတ်ခဲ့၍။ မိသားလေး
ယောက်တို့သည်။ ဟိမဝန္တာသို့ဝင်ကြလေပြီးသည်ရှိသော်၊ နှလုံး
မွေ့လျော်ဘွယ်ရှိသော။တခုသောတောအုပ်နှိက်။ သင်္ခမ်းဆောက်
၍။ရသေ့အသွင်ဖြင့်နေကြကုန်ဟန်။ ။ညီနောင်ရသေ့ နှစ်ယောက်
တို့သည်လည်း၊မိဘတို့အား၊သစ်သီးသစ်ဥရှာယူ၍ကျွေးမွေးခြင်းစ
သည်တို့ဖြင့်။ မိဘတို့၏ဝတ်ကြီးဝတ်ငယ်တို့ကို ရွက်ဆောင်ကြ
ကုန်၏။ရှည်ကြာလတ်သည်ရှိသော်၊ညီတော်နန္ဒရသေ့သည်။ငါ၏
သစ်သီးကြီးငယ်တို့ကိုသာလျှင်။မိဘတို့အားစားစိမ့်မည်ဟု။ ရရ
သမျှ၊ ဟူဟူဟြားဟြားသောသစ်သီးတို့ဖြင့်။ စေ့ရုံစွာလုပ်ကျွေး၏။
နောင်တော်သောဏပညာရှိသည်မိဘတို့အား သစ်သီးကြီးငယ်တို့
ဖြင့်လုပ်ကျွေးအံ့ဟု၊လာရောက်သောအခါ။ ချစ်သားပညာရှိ၊နံနက်
စောစော၊ကပင်။ သင်၏ညီတော် နန္ဒပညာရှိလုပ်ကျွေးလာ၍၊သုံး
ဆောင်စားသောက်ပြီးလျှင်၊ ခံတွင်းကို ဆေး၍၊ ဥပုသ်ဆောက်
တည်ပါပြီ။ သစ်သီးသစ်ဥဖြင့် အလိုမရှိပါပြီဟု ပယ်ကြကုန်၏။
သောဏရသေ့ဆောင်ခဲ့သော သစ်သီးတို့သည်။ အချည်းနှီး ဖြစ်
ကုန်၏။နက်ဖြန်သံဘက်စသော နေ့တို့နှိက်လည်း။ ဤနည်းတူနှင်
နှင်ဖြစ်ကုန်၏။အဘိညာဉ်ရှင်ဖြစ်သော။သောဏပညာရှိသည်။ ဤ
သို့ကြံတော်မူသတတ်။ ငါတို့၏မယ်တော် ခမည်းတော်တို့သည်။
အိုမင်းမစွမ်း။ယော်ရွမ်းနူးညံ့ကြကုန်၏။ညီတော်သည်လည်း။ရရ
သမျှသောသစ်သီးဖြင့်။လုပ်ကျွေးမှု၏၊ မိဘတို့၏ခန္ဓာကိုယ်

သည်၊ ရှည်မြင့်စွာမတည်ရာဟု နှလုံးပိုက်တော်မူ၍။ ညီတော်နန္ဒရ
သေ့ကိုခေါ်တော်မူပြီးလျှင်၊ အမောင်နန္ဒ၊ ဤနေ့မှစ၍။ သစ်သီးတို့ကို
ဆောင်ယူခဲ့ပြီးနောက်။ ငါရောက်သည့်တိုင်အောင် ငံ့လင့်လော့။
တပေါင်းတည်းပြုပြီးလျှင်။ နှစ်ယောက်ကုန်သော ငါတို့သည်၊ မိဘ
တို့အားစားစေကုန်အံ့ဟုဆို၏။ ညီတော်ရသေ့သည်လည်း။ နောင်
တော်ဆိုသောစကားကို၊ နားမထောင်မူ၍။ ကောင်းမှုကို တောင့်တ
သဖြင့်။ လုပ်ကျွေးမြဲလုပ်ကျွေးလေ၏။ နောင်တော်ရသေ့သည်၊ ဤ
သို့ဆိုတော်မူ၏။ သင်သည်ညီဖြစ်လျက်။ ငါ့စကားကို နားမထောင်
မသင့်သောအမှုကိုပြုဘိ၏။ ငါသည်အစ်ကိုအကြီးတကား၊ မိဘ
တို့၏ ဝန်သည်၊ ငါ့အားသာရောက်သတတ်။ ဤအရပ်တွင်သင်နေ
ခြင်းငှါမရလတ္တံ့။ ချမ်းသာရာရှာလေသွားလေဟု နှင်ထုတ်တော်မူ
လိုက်၏။ နန္ဒရသေ့သည်လည်း။ နေခြင်းငှာမခံ့သည်ဖြစ်၍၊ နောင်
တော်သောဏာနှင့်တကွ။ မိဘတို့ကိုကန်တော့ပြီးလျှင်။ မိမိသင်ခမ်း
ကျောင်းသို့ဝင်၍။ ကသိုဏ်းကို အားထုတ်လတ်သည် ရှိသော်။
တနေ့ချင်းပင်၊ အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေ၏။ ထို့နောင်
မှ၊ နန္ဒရသေ့သည် ဤသို့ ကြံသဘတ်။ ငါသည် မြင့်မိုရ်တောင်
ခြေမှ၊ ရတနာသဲကိုယူဆောင်၍၊ နောင်တော်၏ ကျောင်းသင်္ခမ်းအ
ရံထဲဝယ်၊ ကြဲ၍ကန်တော့သော်၎င်း။ အနဝတတ်အိုင်ရေဖြင့် ကန်
တော့သော်၎င်း။ သကြားစသောနတ်တို့ကိုဆောင်ယူ၍။ ကန်တော့
တောင်းပန်စေသော်၎င်း၊ မသင့်တင့်ရာ။ နောင်တော်၏ တန်းဆိုး
သည်၊ မထင်ရှားရာ၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌နေကုန်သော။ တရော့တ
ယောက်သောမင်းတို့ကိုယူဆောင်၍။ တောင်းပန်ကန်တော့ရသည်
ရှိသော်၊ ငါ့နောင်တော်၏ တန်းဆိုးသတင်းသည်။ ဇမ္ဗူဒိပ်ကျွန်း
မြေအပြင်နှိက်၊ ပျံ့နှံ့ကျော်စောရာ၏။ ငါ၏ အပြစ်ကိုလည်း။
သည်းခံတော်မူရာ၏ဟု နှလုံးပိုက်သဖြင့်။ မနောဇ- မင်းအမှူးရှိ
သော၊ တရာ့ဘပါးသောမင်းတို့နှင့်တကွ။ နှစ်ဆဲ့လေးခေါဘဏီ
အရေအတွက်ရှိသော စစ်သည်ဗိုလ်ထု၊ ပရိသတ်အပေါင်းတို့ကို
ခြံရံစေလျက်၊ ဟိမဝန္တာ တောသို့ ထွက်သွားကြကုန်၏။ အဘိ

ညာဉ်သမာပတ်နှင့်ပြည့်စုံသော နန္ဒရသေ့မှာမူကား။ မင်းအစရှိ
ကုန်သောသူအပေါင်းတို့အား။ အပူအချမ်းကိုတားမြစ်လျက်၊ အ
ထက်ကောင်းကင်မှ လိုက်ကြွတော်မူဟန်။ ။နောင်တော်သော
ဏရှင်ရသေ့သည်လည်း။ညီတော်နန္ဒရသေ့သည်။ ခုနစ်နှစ်ခုနစ်လ
ခုနစ်ရက်ရှိမှ။ ငါတို့၏အထံသို့။ ကန်တော့ဖူးမြော်လာသည်ဟု
သိတော်မူသည်နှင့်။ မယ်တော်ခမည်းတော်တို့နှင့်တကွ၊ စင်္ကြံဝ
ကနေတော်မူလင့်၏။ ညီတော်နန္ဒရသေ့နှင့်တကွ။ အလုံးစုံမင်း
စသောပရိသတ်တို့ ရောက်ကြသောအခါ၊ နောင်တော်သောဏ
ရှင်ရသေ့အား။ ဤသို့ကြားလျှောက်ကုန်၏။ အကျွန်ုပ်သည်၊အစ်
ကိုဆုံးမသောစကားကို။ မနာမယူမိရှိသည်မှာ။ မိဘကိုလုပ်ကျွေး
လိုသောအကြောင်းကြောင့်သာ ဖြစ်ပါသည်၊ မနာမယူမိသည့်အ
ပြစ်ကို။သည်းခံတော်မူပါ၍။ မိဘအားလုပ်ကျွေးခွင့်ကို၊ပေးသနား
တော်မူပါဟု၊တောင်းပန်သောအခါ နောင်တော်ရှင်ရသေ့သည်။
အပြစ်ကိုသည်းခံတော်မူ၍။မိဘအားလုပ်ကျွေးခွင့်ကိုပေးပြီးလျှင်။
များစွာသောပရိသတ်တို့၏အလယ်၌ကား။ မာတုပေါသကမိဘတို့
ကို လုပ်ကျွေးခြင်း၌ကား၊ များစွာသော အကျိုးတို့ကို၊ စံစားရ
ကြောင်းများကိုဟောတော်မူသောကာလ၊ ညီတော်နန္ဒရသေ့နှင့်
တကွ၊ နှစ်ဆဲ့လေးကောဋိ အရေအတွက်ရှိသော ပရိသတ်အ
ပေါင်းတို့။ကောင်းချီးကြော်ငြာ။ပေးပြီးခါ၌ကား။ မိဘ-မိဘတို့၏ စံနေ
တော်မူရင်းပြည်ရွာနိုင်ငံသို့ ပြန်ကြလေဟန်။ ။ယခုအခါ။ မယ်
တော်ခမည်းတော်တို့သည်၊ ထိုအခါ၊ မယ်တော်ခမည်းတော်။ယ
ခုအခါ၊အာနန္ဒာသည်။ထိုအခါ၊နန္ဒရသေ့။ယခုအခါ၊သာရိပုတ္တရာ
သည်။ထိုအခါ။မနောဇမင်း။ယခုအခါ ရှစ်ကျိပ်ကုန်သောမဟာ
ထေရ်တို့သည်ငှင်း။ တပါးသော မဟာထေရ်တို့သည်ငှင်း၊ ထို
အခါ၊တချို့သောမင်း။ ယခုအခါ၊ ငါဘုရားပရိသတ်တို့သည်။ထို
အခါ။ နှစ်ဆဲ့လေးကောဋိ အရေအတွက်ရှိသော စစ်သည်ပရိ
သတ်။ ယခုအခါ။ငါဘုရားသည်။ ထိုအခါ၊ သောဏရှင်ရသေ့
ပညာရှိ။ ။

## ၂၁-{မဟာဟံသဇာတ်}

{၂၁} အသိဘိနိပါတ်နှစ်ခုမြောက်သော-မဟာဟံသဇာတ်ကို ညီတော်အာနန္ဒာသည်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်အစား။ အသက်ကို စွန့်ခြင်းကို အကြောင်းပြု၍။ ဝေဠုဝန် ကျောင်းတော်ဝယ်၊စံပယ်တော်မူစဉ် ဟောတော်မူသည်။ ။ဗာရာဏသီပြည်၊သံယမမင်းကြီး၏၊ ခေမာအမည်ရှိသောမိဖုရားကြီးသည်-ရွှေဟင်းသာမင်း၏-တရားကို နာရကြောင်းကို အိပ်မက်မြင်သဖြင့်၊ နာချင်ခြင်းဆန္ဒဖြစ်လတ်သော်။ဖျားနာယောင်မူသဖြင့်။ ကြက်သရေရှိသော တိုက်ခန်း၌သာအိပ်၍နေ၏၊ မင်းကြီးလာပြီးလျှင်၊အဘယ်မိဖုရား၊ မသက်သာသည်ကား။ အကြောင်းအသို့ရှိသနည်းဟု-မေးတော်မူသော်၊ အကျွန်ုပ်သည်။ ရွှေဟင်းသာမင်း၏တရားကို၊ နာခြင်းငှာချင်ခြင်းဖြစ်ပါသည်၊အကယ်၍နာရမူကား ချမ်းသာပါလိမ့်မည်၊ မနာရမူကား။ အကျွန်ုပ်၏အသက်သည်၊ မရှည်ပါသတည်းဟု-လျှောက်သောအခါ၊ အဘယ်မိဖုရား-မစိုးရိမ်လင့်၊သင်၏ချင်ခြင်းကိုပြေပျောက်စေမည်ဟုမိန့်တော်မူပြီးလျှင်၊ မှူးမတ်တို့နှင့်တိုင်ပင်၍။ဗာရာဏသီပြည်၏မြောက်၊ သုံးဂါဝုတ်ကွာသောအရပ်၌ကြက်၊ သုံးဂါဝုတ် ကျယ်သော- ရေအိုင်ကိုတူးစေပြီးလျှင်။ အထူးထူးသော စပါးမျိုး-ကြာမျိုးတို့ဖြင့်။ ပြည့်စုံစွာ-ဖုံးလွှမ်းပြုလုပ်စေ၍၊ မုဆိုးတယောက်သာ-စောင့်ရှောက်စေလျက်။ ခေမာအိုင်ဟူသော - အမည်ကိုမှည့်ကုန်၏။ ဥဒေါင်း-ကြိုးကြာစသောသတ္တဝါတို့သည်ပြွမ်းကုန်၏။ ဘျားငှက်အပေါင်းတို့သည်လည်း။ချမ်းသာစွာမှီခိုကျက်စားလာကြကုန်၏။ထိုအိုင်ကိုစောင့်ရှောက်သောမုဆိုးကိုလည်း၊ ခေမာဟူ၍ပင်-မှည့်ကုန်၏၊ ခေမာမုဆိုးသည်သည်းငှက်တို့၏အမျိုးအမည်ကိုမှတ်သား၍၊မင်းကြီးထံလျှောက်ထားရလေသတတ်။ တရံရောအခါ၊ တိဏမည်သောဟင်းသာမျိုးတို့သည်သက်ဆွာကုန်၏။ ထိုဟင်းသာတို့ ပျော်ရွှင်မြူးဘူးသောအသံကို။ အဆင့်ဆင့်ကြားသဖြင့်၊ ပဏ္ဍုဟင်းသာ

မျိုး။မနောသိလာဟင်းသာမျိုး။ သေတဟင်းသာမျိုး။ ပါကဟင်းသာမျိုးတို့သည်၊ သက်လျှာကုန်၏။ ထို့နောင်မှ-ပါကဟင်းသာမျိုးတို့သည်၊ ဓတရဋ္ဌ-မျိုးဖြစ်ကုန်သော။ ဟင်းသာ အပေါင်းတို့အား။ ခေမာမည်သော အိုင်၏ပြည့်စုံသောအဖြစ်။ ဘေးဘယမရှိသောအဖြစ်။ အလုံးစုံသောငှက်မျိုးတို့သည်။ အစားအသောက်ကျရောက်လျှာသောအဖြစ်ကို။ပြောဆိုကြသောအခါ။ ဓတရဋ္ဌ-အမျိုးဖြစ်သော ဟင်းသာတို့သည်။ သုမုခမည်သော ဟင်းသာစစ်သူကြီးမင်းအထံသို့ကပ်၍။အရှင်စစ်သူကြီးမင်း။ ခေမာအိုင်သည်အလုံးစုံအစားအစာပေါများကြောင်းများကို။ ကြားသိရပါသည်။ ခေမာအိုင်သို့သက်၍။ကျက်စားကြလိုပါသည်။ ဟင်းသာမင်းကြီးအားလျှောက်ထားပါဟု တိုက်တွန်းကြသောအခါ။ သုမုခအမည်ရှိသောစစ်သူကြီးသည်၊ ဓတရဋ္ဌ-ဟင်းသာမင်းထံကပ်၍။ သွားလာကျက်စားရန် အခွင့်ကိုပန်ကြားရာ။ စစ်သူကြီးသုမုခ။ ဤအအမှုပ်နှိုက်၊ ဤအိုင်သည် ရှေးကာလကမရှိ။ ယခုမှ ရှိသည်မှာ။ ကောင်းမှုကို အလိုရှိသောကြောင့်။ တူးသောရေအိုင်မဟုတ်။ စင်စစ်သော်ကား။ သတ္တဝါတို့ကိုဖမ်းလိုသောကြောင့်။ တူးသောရေအိုင်ဖြစ်လတ္တံ့။လူတို့မည်သည်ကား။ များသောပရိယာယ်မာယာရှိကုန်၏။ကြမ်းတမ်းသောအတိုင်အပင်ရှိကုန်၏။ ဥပါယ်တမည်၌လိမ္မာကုန်၏။သွားခြင်း၌ အလိုမရှိလင့်ဟု၊မြစ်တားတော်မူ၏။ ကိုးသောင်းသော ဟင်းသာတို့သည်လည်း။ စစ်သူကြီးထံကပ်၍ပြောဆိုမြဲ ပြောဆိုပြန်၏။ စစ်သူကြီးလည်း၊ ဟင်းသာမင်းထံ၊ လျှောက်ထားမြဲ လျှောက်ထားပြန်လေ၏။ ထိုအခါဘုရားလောင်းဟင်းသာမင်းသည်။ငါ့ကိုမှီ၍ ငါ့ဆွေငါ့မျိုးတို့သည် မပင်ပန်းပါစေလင့်ဟုနှလုံးပိုက်၍၊ယင်းသို့တပြီးကား။ ခေမာအိုင်သို့သွားကြကုန်အံ့ဟုဟင်းသာအပေါင်း ကိုးသောင်းခြံရံလျက်။ သွားရောက်ကြပြီးသျှင်။ အိုင်သို့သက်ဆင်းကျက်စားကြလေကုန်ဟန်။ ။ထိုအခါခေမာဟုဆိုသည်။ ဓတရဋ္ဌဟင်းသာမျိုးဖြစ်သော ငှက်တို့သည်သက်ကျလျှာကြောင်းကို။သံယမင်းကြီးအားလျှောက်ထား

လာသောအခါ။ မင်းကြီးသည်။ခေမာမုဆိုးအား။ များစွာသောဆုလပ်တို့ကိုပေးတော်မူ၍။ အချင်းမုဆိုး သင်သည်မမေ့ မလျော့ပါစေလင့်။ တခု-နှစ်ခုသောဟင်းသာငှက်တို့ကို ရအောင်ဖမ်းပါလေဟု-စေတော်မူပြန်၏။ နက်ဖြန်နေ့ ရောက်သောအခါ၊ ခေမာမုဆိုးသည်။ အိုးပရည်းကြီး ပမာဏရှိသော ချိုင့်ကိုလုပ်ပြီးလျှင်။ ခေမာအိုင်၏အနီးနိုက်ထား၍။ ချိုင့်ပေါက်ဖြင့် ဟင်းသာငှက်တို့၏သက်လှာသည်ကို ကြည့်ရှု၏။ ဓတရဋ္ဌ ဟင်းသာမင်းသည်လည်း။ဟင်းသာအပေါင်းကိုးသောင်းခြံရံလျက်၊ ကျက်စားတော်မူလာ၏။ခေမာမုဆိုးသည်ကမ္ဗလာနီအဆင်းနှင့် တူသောအဆင်းရှိသော၊ လည်ရေးသုံးဆင့်တို့ဖြင့် တင့်တယ်လှပသော။ ဓတရဋ္ဌဟင်းသာမင်း၏။ နင်းသောခြေရာတို့ကို မှတ်သား၍ထားလေ၏။ ဟင်းသာမင်းသည်လည်း။ ကျက်စားပြီးသောအခါ၊ ဟင်းသာအပေါင်းကိုးသောင်းခြံရံလျက်၊ စိတ္တကူဋ်တောင်ယံသို့ ပြန်တော်မူလေ၏။ဤနည်းနှင်နှင်ကျက်စား၍။ ခြောက်ရက်မြောက်သောအခါ။ ခေမာမုဆိုးသည်။ချထားအပ်သော ညွတ်ကွင်း၏အတွင်းသို့ ခြေတော်ကို သွင်းမိလေ၏။ ရွှေဟင်းသာမင်းသည်၊ ကြော့ကွင်းကို ဖြတ်အံ့ဟု၊ ပြင်းသောအဟုန်ဖြင့် ငင်တော်မူ၏။ ရှေးဦးစွာရွှေအဆင်းရှိသော အရေသည်ပြတ်၏။ နှစ်ကြိမ်မြောက်ငင်သောအခါ။ ကမ္ဗလာနီအဆင်းရှိသော အသားသည် ပြတ်၏။ သုံးကြိမ်မြောက်ငင်သော အခါနိုက်။ အကြောသည် ပြတ်လေ၏။ ထို့နောင် ဤသို့ကြံတော်မူသတတ်။ မင်းတို့မည်သည်။ အင်္ဂါချို့တဲ့သော်။ မလျောက်ပတ်မတင့်တယ်။ အကယ်၍ ငင်သည်ဖြစ်အံ့ငါ့ခြေသည်ပြတ်ရာ၏ဟု။ ကြံတော်မူသဖြင့်။ ငြိမ်သက်စွာနေတော်မူပြီးမှ။ ဆွေမျိုးအပေါင်းတို့ အစာဝချိန်ရောက်သောအခါ။ ကျင်နာသောအသံကို ပြုတော်မူ၏။ ထိုအခါကိုးသောင်းသော ဟင်းသာတို့သည်လျင်စွာ ပျံသွားကြ လေဟန်။ ။အာနန္ဒာအလောင်းဖြစ်သော၊ ပစ်သူကြီးသုမုခမှုကား။ ငါ၏အရှင် ဓတရဋ္ဌရွှေဟင်းသာမင်းကို စွန့်လွှတ်၍ မသွားငြိဟု၊ ရွှေဟင်းသာမင်း အပါးသို့

လာပြီးလျှင်၊ အရှင်မင်းကြီး-ကြောက်တော်မမူလင့်။ အရှင်မင်း
ကြီးအတွက်ကို၊အကျွန်ုပ်အသက်ကိုအသေခံပါမည်ဟု၊ နှစ်သိမ့်
စေ၏။ထိုအခါခေမာမှုဆိုးသည်။ လျင်သောအဟုန်ဖြင့် လာလတ်
သည်ရှိသော်။ သုမုခစစ်သူကြီးသည်၊ ချစ်နှစ်သက်ဘွယ်သောစ
ကားကိုဆိုး၍ ပြောဆိုသဖြင့်၊ ခေမာ မှုဆိုးသည်။ ငတ်နုံးညံ့ရ
ကား။ရွှေဟသာမင်းကို၊ ကြော့တွင်းမှ ဖြေချွတ်လျက်၊ ခြေတော်
ကိုဆုပ်နယ်ပြီးလျှင်။ သံယမမင်းမြတ်သည်အကျွန်ုပ်နှင့်အား သတ်
လိုလည်း သတ်ပါစေ၊ ရွှေဟင်းသာ မင်းနှစ်ပါးသည်၊ အလိုရှိ
ရာ ချုံသွားပါစေဘုဟု ဆို၏၊ ထိုအခါ- သုမုခစစ်သူကြီးသည်။
ဤသို့ အကြံ ဖြစ်သတတ်။ ဤမှုဆိုးသည်၊ သူ၏ အသက်ကို
စွန့်၍။ ငါတို့ကိုလွှတ်အံ့ဟုဆို၏။ အကယ်၍ ငါတို့သည်၊စိတ္တကူနို
တောင်သို့ ပြန်သည်ဖြစ်အံ့။ နောင်တော်ဓတရဋ္ဌဟင်းသာမင်း၏။
ပညာညာဏ်ဂုဏ်ကျေးဇူးသတင်းသည်။ မထင်ရှားရာ။ ငါသည်
လည်း၊အရှင်သခင်၏ကျေးဇူးသစ္စာရှိသည့်အတိုင်း။ အသက်ကို
စွန့်၍၊အမှုတော်ကို၊ကုန်တွင်ပြေကြအောင် သယ်ပိုးရွက်ဆောင်
ထမ်းရွက်သည့် ကျေးဇူးသတင်းလည်း။ မထင်ရှားရာ။ ခေမာမှု
ဆိုးသည်လည်း၊ရွှေငွေရတနာ၊များစွာရအံ့သော စည်းစိမ်ချမ်းသာ
မှဆုတ်ယုတ်ပျက်စီးသဖြင့်၊ မနေလေရာ။ ဗာရာဏသီ မင်းသည်
လည်း။ ပဉ္စသီဖြစ်သောသီတင်းငါးပါး၌မတည်ရာ။ ခေမာမိဖုရား
ကြီးသည်လည်း။ချင်ခြင်းမပျောက်ရာဟု-ကြံတော်မူပြီး၍၊အဆွေ
မှုဆိုး၊ငါတို့ကိုဗာရာဏသီမင်းကြီးထံ၊ ပို့ဆောင်ပြသဦးလောဟု-
သုမုခမည်သော ဟင်းသာမင်းနှင့်၊ ဓတရဋ္ဌ ဟင်းသာမင်းတို့ဆို
တော်မူ၏။ ထိုအခါ၊ ခေမာမှုဆိုးသည်။ ကြာဖြူချိုင့်နှိက်-ဘုရင်
ဟင်းသာမင်း။ ကြာနီချိုင့်နှိက် စစ်သူကြီး ဟင်းသာ မင်းတို့ကို၊
ထည့်သွင်း၍။ ကောင်းမွန်ငြိမ်သက်စွာ ဆောင်ယူပြီးလျှင်။ မင်း
ကြီးအားဆက်သ-လေ၏၊ မင်းကြီးသည်လည်း။ အလွန်နှစ်သက်
တော်မူသည်ဖြစ်၍။ခေမာမှုဆိုးအား၊တနှစ် လျှင် အခွန်တသိန်း-ဟ
သိန်းထွက်သော၊ ရွာကြီးတဆဲ့နှစ်ရွာအစရှိသော၊ ပေးကမ်းဘွယ်

တို့ကို၊ ပေးကမ်းတော်မူ၏။ ရွှေဟင်းသာ မင်းနှစ်ပါးတို့အားလည်း။ ရွှေအင်းပျင်ထက် တင်ထား၍၊ ပျားသကာ စသည်တို့ဖြင့်၊ လုပ်ကျွေးဖြည့်တင်းတော်မူ၍၊ ခင်ကြီး။ မိဖုရားကြီး။ မောင်းမငယ်သံ၊ မှူးမတ်သေနာပတိတို့နှင့်တကွ၊ ညဥ့်သုံးယံ ပတ်လုံး။ အလွန်နှစ်သက်ဖွယ်သောဟရေးစကားတို့ကို ပြောကြားသည်ကို၊ ကြည်ညိုရွှင်သော နာခံကြပြီးမှ၊ နေအရုဏ်တက်လတ်သောအခါ၊ လေသာနန်းတံခါးမှ၊ တေရဂ္ဂဟင်းသာမင်းကို– ဗာရာဏသီမင်းယူတော်မူ၍။ သုမုခဟင်းသာမင်းကို– ခေမာမိဖုရား ယူတော်မူ၍၊ စိတ္တကုဋ်တောင်သို့ ရှေ့ရှုလွှတ်တော်မူ၏။ စိတ္တကုဋ်တောင်နှိက် နေကုန်သော–အဆွေအမျိုး၊ ကိုးသောင်းသော ဟင်းသာတို့သည်လည်း။ ဘုရားအလောင်းဟင်းသာမင်းနှင့်၊ သုမုခဟင်းသာမင်းတို့ပျံလာသည်ကိုမြင်ကြ၍။ ကေကာ–ကေကာ–ဟူသောအသံတို့ဖြင့်၊ ကြော်ညံဟစ်ကြွေးပြီးလျှင်၊ အခေါ်တလျှင်ခရီးဦးကြိုဆိုခြံရံလျက်။ စံနေတော်မူရာ၊ ရတနာရွှေဂူသို့၊ ဆောင်ယူ ပျံသွားကြလေဟန်။ ။

ယခုအခါ၊ ဆန္နသေနသည်။ ထိုအခါ၊ ခေမာမူဆိုး။ ယခုအခါ၊ ခေမာဘိက္ခုနီသည်။ ထိုအခါ၊ ခေမာမိဖုရား။ ယခုအခါ၊ သာရိပုတ္တရာသည်၊ ထိုအခါ၊ သံယမမင်း။ ယခုအခါ အာနန္ဒာသည်။ ထိုအခါ၊ မုဆိုးကြီးသုမုခ။ ယခုအခါ၊ ငါဘုရားပရိသတ်တို့သည်၊ ထိုအခါ၊ ကြွင်းသောပရိသတ်၊ ယခုအခါ၊ ငါဘုရားသည်။ ထိုအခါ၊ ဓတရဋ္ဌရွှေဟင်းသာမင်း။ ။

—-○-—

## ၂၂–{မဟာသုတသောမဇာတ်။}

၂၂ အသီတိနိပါတ်ငါးရမြောက်။ မဟာသုတသောမဇာတ်ကို၊ ချဟန်းတော်တို့သည်၊ ရှင်အင်္ဂုလိမာလအား။ အဆိပ်အတော်မရှိအောင်ဆုံးမတော်မူနိုင်ပေသည်ဟု–ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြသည်ကိုအကြောင်း ပြု၍၊ ဇေတဝန်ကျောင်းတော်နှိက်၊ သီတင်းသုံးနေတော်မူစဥ်။ ဟောတော်မူသည်။ ၊ကုရုတိုင်း– ဣန္ဒပတ္ထနိ

ဂိုဏ်ပြည်နိုက်၊ကောရဗျမင်းကြီး၏သားတော်၊ မဟာသုတသောမ
မင်းကို။ အချိန်အသွယ်သို့ရောက်သောအခါ။ရွှေစင်နိက္ခ တထောင်
ပေး၍။တက္ကသိုလ်ပြည်ဆရာ့ထံ။ အတတ်ပညာသင်စိမ့်သောငှာ။
မယ်တော်ခမည်းတော်တို့သည်စေလွှတ်ကုန်၏။ ထို့အခါ။ ဇမ္ဗူ။
ဒိပ်ကျွန်းအပြင်မှ။ပြည့်ရှင်မင်းသားတို့သည်လည်း။ အသီးအသီး
အတတ်ပညာသင်လာကြကုန်၏၊ ထိုမင်းသားအပေါင်းတို့သည်။
ပညာတတ်မြောက်ကြကုန်သည်ရှိသော်။သုတသောမမင်းသားနှင့်
အတူတကွ ပြန်သွားကြကုန်၏၊ အသီးအသီး- ခရီးလမ်းခွဲကြ
ကုန်လတ်သော်။မဟာသုတသောမ မင်းသားသည်။ အဆွေတော်
မင်းသားတို့မမေ့မလျော့ကြပေလင့်၊ ရှေးမင်းကောင်းမင်းမြတ်တို့
ကျင့်ရိုးကျင့်စဉ်၊ တရားအပေါင်းကိုအားထုတ်ကြလေကုန်ဟူ၍။
အဆုံးအမပေးပြီးနောက်။အသီးအသီးလမ်းခွဲကြကုန်၏၊အလုံး
စုံသောမင်းသားတို့သည်လည်း။ မိမိတို့ပြည်နိုင်ငံသို့ရောက်ကြလျှင်။
အသီးအသီး-ခမည်းတော့်အရိုက်အရာ၊ ထီးနန်းကိုရကြကုန်သ
ဖြင့်။မင်းအဖြစ်နိုက်တည်ကြကုန်၏၊ ထိုမင်းအပေါင်းတို့တွင်။ဗာ
ရာဏသီပြည့်ရှင်မင်းသည်ကား၊သားဟင်းမျိုးနှင့်ကင်း၍။ပွဲတော်
မတည်ရကား၊တနေ့သ၌။သားဟင်းမျိုးမရသည်ဖြစ်၍။ စားတော်
ချက်-ရသကာသည်။လူသားကိုချက်၍။ပွဲတော်ဆက်လေ၏၊ထိုအ
ခါမှစ၍၊မင်းကြီးသည်။လူသားနိုက်တပ်မက်သဖြင့်။ မပြတ်ဆက်
ရသော့အခါ။ ပြည်နိုင်ငံအလုံး။ ချောက်ချားခြင်းပြင်းစွာဖြစ်သော
ကြောင့်။ ကာလဟတ္ထိမည်သောစစ်သူကြီးသည်ဆုံးမ၍။ မနိုင်ရ
ကား၊ပြည့်ရှင်မင်းကြီးကိုတိုင်းပြည်မှနှင်ထုတ်ကြလေဟန်။ ။
ထို့နောင်မှ။ပေါရိသာဒမင်းသည်။ တောအုပ်သို့ရောက်သောအခါ။
တွေ့တိုင်းတွေ့တိုင်းသော။ လူသူမိန်းမယောက်ကျားတို့ကို။ဖမ်းယူ
သတ်ညှစ်ပြီးလျှင်။မီးကျီးနိုက်ကင်၍စားလေ၏။ တရံရောအခါ။
ခြေနိုက်ရှားငုတ်စူးသောအနာဖြစ်သတတ်၊ ထိုအခါ။ အရှင်ညောင်
စောင့်နတ်မင်းကျွန်ုပ်၌အနာကင်းပါတပြီးကား။တရာသောမင်းတို့
၏လည်ချောင်းသွေးဖြင့် ပူဇော်ပါမည်ဆုပန်၍။မကြာမတင်။ပျော

ကင်းစင်ကသောအခါ။ကိုးကျိပ်ကိုးယောက်သောမင်းတို့ကိုဖမ်းယူ ပြီးလျှင်။လက်ဝါးတွင်ဖေါက်၍၊ ကြိုးဖြင့်သီလျက်။ညောင်ပင်တွင် ဆွဲထားလေ၏။မဟာသုတသောမမင်းကြီးသည်လည်း။စစ်အင်္ဂါ လေးပါးနှင့်တကွ။ဥယျာဉ်သို့ထွက်၍ သင်္ကြိန်ခေါ်တော်မူရာ။ပေါရိ သာဒမင်းသည်။ ဗိုသ်ထုရဲမက်အတွင်း။ဟန့်တား ခြိမ်းချောက်၍။ ဖမ်းယူထမ်းဆောင်ပြီးမှ။ တဆဲ့ရှစ်တောင်မြင့်သော။ မြို့ရိုးကိုခုန် ကျော်ပြီးလျှင်။ မဟာသုတသောမ-မင်းကိုဆောင်ယူလေ၏။ ပ ညောင်ပင်သို့ရောက်သောအခါ။များစွာသောမင်းတို့ကိုမြင်တော်မူ သဖြင့်။သနားတော်မူလှသည်ဖြစ်၍။ ထိုမင်းတို့ကိုလည်း။ မိမိတို့ တိုင်းပြည်သို့ပြန်စိမ့်မည်။ပေါရိသာဒမင်းကိုလည်း၊လူသားမှရှောင် ကြဉ်စိမ့်မည်ဟု။ နှလုံးပိုက်တော်မူပြီးလျှင်၊ ပေါရိသာဒ၏စိတ် နှလုံးကိုနူးညံ့စေပြီးမှ နန္ဒပုဏ္ဏားသည်သင်လိုက်သော။သတာရဟ လေးဂါထာတို့ကို။တဖန်ဟောစေတော်မူသောကာလ။ ပေါရိသာဒ၏ အလွန်နူးညံ့သောစိတ်နှလုံးရှိသည်ကို သိတော်မူသည်ဖြစ်၍။ အ ချင်းပေါရိသာဒ။သင်ဆောင်ယူခဲ့သောကိုးကျိပ်ကိုးယောက်သော မင်းတို့ကို။အသာအကြည်ထမ်းဆောင်လျက်။မိမိ မိမိတို့၏တိုင်း ပြည်ရောက်ပို့ပါဟုစေတော်မူဟန်။ ။ထိုအခါ၊ပေါရိသာဒသည်။ ယခုအခါ အင်္ဂုလိမာလ။ထိုအခါ၊ စစ်သူကြီးကာလဟတ္ထိအမတ် သည်။ယခုအခါသာရိပုတ္တရာ၊ထိုအခါ၊နန္ဒပုဏ္ဏားသည်ယခုအခါ အာနန္ဒါ။ထိုအခါညောင်စောင့်နတ်သည်။ ယခုအခါ။မဟာကဿပ။ ထိုအခါ၊သကြားနတ်မင်းသည်။ယခုအခါအနုရုဒ္ဓါ။ထိုအခါ၊ကြွင်း သောမင်းတို့သည်၊ ယခုအခါ။ငါဘုရားပရိသတ်။ ထိုအခါ ။သုတ သောမမင်းသည်။ယခုအခါငါဘုရား။ ။

## ၂၃-{မုဂပက္ခဇာတ်}

{၂၃} မဟာနိပါတ်-ရှေးဦးစွာ။မုဂပက္ခဇာတ်ကို။နိက္ခမပါရမီ တော်ကိုအကြောင်းပြု၍။ဇေတဝန်မဟာဝိဟာရဝယ်။စံပယ်တော်

မှုစဉ်ဟောတော်မူသည်၊ ။ကာသိတိုင်း ဗာရာဏသီပြည်နိုက်၊ စန္ဒာဒေဝီမိဖုရားအမှူးရှိသော၊ တသောင်းခြောက်ထောင်သောမိဖုရားအခြံအရံနှင့်တကွ၊ ကာသိက မင်းကြီးသည်။ မင်းပြုတော်မူသတတ်၊တပုံတယောက်သော သားတော်သမီးတော်မရှိချေ။ တရံရောအခါ၊ပြည်သူပြည်သားတို့သည်၊သားဆုတောင်းပါမည်အကြောင်းနှင့်၊ဘောင်းပန်ကြွေးကြော်ကြသောကာလ၊ မောင်းမမိဿံတို့ကိုပေးသွတ်ဘောင်းစေသော်လည်း၊အလိုတော်မပြည့်ရကား၊ မိဖုရားကြီးစန္ဒာဒေဝီကို၊ဤသို့မိန့်တော်မူ၏၊စန္ဒာဒေဝီရှင်မိဖုရား၊ သင်မိဖုရားကြီးသည်သည်း၊သားဆုကိုဘောင်းသူပါလောဟု၊ မိန့်တော်မူသောအခါ၊ မဒ္ဒရာဇ် မင်း၏သမီး၊ စန္ဒာဒေဝီ မိဖုရားကြီးသည်။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ အဋ္ဌင်္ဂုပုသ်ကို ဆောက်တည်၍။ သားဆုကိုဘောင်းတော်မူ၏။ ထိုအခါမိဖုရားမြတ်၏။ မပြတ်မကျိုးသောသီလ၊ တန်ခိုးအားဖြင့်။ သကြားနတ်မင်းသည်၊ ထိုက်လျော်သျှောက်ပတ်သော သားကိုပေး၍။ ဆယ်လစေ့သောအခါ၊ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသောသားကို ဖွားမြင်တော်မူ၏။ အဘတ် ဘုံ၏ အိမ်ဘုံနိုက်လည်း။ ငါးရာသောသတို့သားတို့ကိုဖွားမြင်ကြကုန်သတတ်၊ မင်းနှင့်တကွအလုံးစုံသောပြည်သူပြည်သားတို့သည်၊ နှလုံးချမ်းမြေ့ခြင်း။ ကာသိကတိုင်းအလုံး နိုက် မိုးစွတ်ခြင်းကိုဥပမိ၍၊ တေမိသတို့သားဟူသော အမည်ကိုမှည့်ကြကုန်၏။ နှစ်ချေ့လေးကျိပ်ကုန်သော နို့ထိန်းတို့ကိုရင်း၊ ငါးရာကုန်သောဖွားဘက်သူငယ်တော် တို့ကိုရင်း။ ခြံရံစေကုန်၏။ တလမြောက်ပြီ သော်၊သားတော်ဘုရာလောင်းသည် တန်ဆာဆင်ပြီးသျှင်၊ ခမည်းတော် ရင်ခွင်နိုက်နေစဉ်။ ခိုးသူလေးယောက်တို့ကိုမင်းကြီးအားပြရာ။ တယောက်သောခိုးသူကို အဆူးရှိသောကြိမ်လုံးဖြင့်၊ ဒဏ်တထောင် ခတ်လေစသည်ဖြင့်။ စီရင်သည်ကိုကြားတော်မူသောအခါ။ အလွန်ကြောက်လန့်တော်မူသဖြင့်။ ပြည်စည်းစိမ်ကိုမှီ၍။ ဝန်လေးစွာသော အမှုကို၊ ပြုတော်မူဘိလည်ဟု။ မကြည်ညသက်သော စိတ်ဖြင့်၊ အိပ်ပျော်တော်မူပြီးမှ၊ ဥဿဒင်ရဲ

နိုက်ဖြစ်ဘူးခြင်း။ ဤခိုးသူသခင်မင်းအိမ်နိုက် ဖြစ်ဘူးခြင်းများကို။ ဇာတိဿရ ဉာဏ်ဖြင့်၊ မြင်တော်မူရကား။ ရှေးဘဝအခါဖြစ်ဘူး သောထီးချက်ပေါင့်နှုတ်သဒါးသည်၊ သွန်သင်ဆုံးမပေးအပ်သော နည်းဖြင့်။ စကားဆိုတော်မမူခြင်းစသည့်ဘို့ကို ပြုတော်မူလျက်။ ငြိမ်သက် စွာနေတော် မူလေဟန်။ ။ထိုနောင်မှ။ သူအ-သူဆွံ့ ဟုသမုတ်ကြ၍။ ပဥ္စရှေးဦးစွာသူငယ်ငါးရာဘို့နှင့်တကွ၊နို့ရည် ကိုမတိုက်မပေးခြင်း၊ မုံ့ခဲဘွယ်ဘို့ကို ကျွေးမွေးခြင်းတို့ဖြင့်။ တ နှစ်ပတ်လုံး၊ ကြိုးကြားကြိုးကြား။ အလိုကိုသိရအောင် စုံစမ်းကြ ကုန်၏။ သူငယ်ငါးရာဘို့မှာ၊လုယက်သဖြင့် စားသောက်ကြကုန် သတတ်။ဘုရားလောင်းမှာမူကား။ ငရဲဘေးဖြင့် ထိတ်လန့်သည် ဖြစ်၍။ ထိုမုံ့ ခဲဘွယ်ဘို့ကို ကြည့်တော်မမူ။ ထိုနောင် နှစ်နှစ် မြောက်သောကာလ။ သစ်သီးကြီးငယ်တို့ဖြင့်။ အလိုစမ်းကြကုန် ၏။သုံးနှစ်မြောက်သောကာလ။ အထူးထူးသော အဆင်းရှိသော။ ဆင်ရုပ်မြင်းရုပ် အစရှိသည့်ဘို့ဖြင့်။ အလိုစမ်းကြ လေကုန်၏။ လေးနှစ်မြောက် သောကာလ။ အထူးထူးသော ဘောဇဉ်တို့ဖြင့်၊ အလိုစမ်းကြကုန်၏၊ ငါးနှစ်မြောက် သောကာလ။ များစွာသော တံခါးနှင့်ရှည်သော အိမ်ကိုပြုပေ၍။ ထန်းရွက်တို့ဖြင့် မိုးပြီးလျှင်။ အသောင်းမင်းသားအား။ သူငယ်တော် ငါးရာတို့နှင့် သွင်းထား ၍။အိမ်ကိုမီးဖြင့်တိုက်ကုန်၏၊ကြွင်းသောသူငယ်တို့သည်။ ကြွေး ကြော်ငိုယိုလျက်၊ ထိုထိုအပေါက်မှထွက် ပြေးကြကုန်၏။ ဘုရား လောင်းမှာမူကား။ ငရဲမီးပူသက်အလွန်မြတ်၏ဟု။သမားပတ်ဝင် စားသောမထေရ်ကဲ့သို့၊ငြိမ်သက်စွာနေတော်မူသတတ်။ ထိုနောင် ခြောက်နှစ်မြောက်သောကာလ။ ဆင်အပ်ပြီးသောအတတ်ရှိသော ဆင်ဖြင့်၊အလိုစမ်းကြကုန်၏။ ထိုဆင်သည်ကြိုးကြာသံကိုမြည် လျက်နှာမောင်းဖြင့် မြေကိုပြင်းစွာပုတ်ခတ်၍ လာသည်ရှိသော်။ ဖွားဘက်သူငယ် တော်ဘို့သည်။ ပြေးကြလေသောအခါ။ မြတ် သောသန္တာရှိသောဘုရားလောင်းမှာမူကား၊ ကြမ်းတမ်းသောငရဲ ဘေးကို မြော်တွေးဆင်ခြင် တော်မူသဖြင့်။ ငြိမ်သက်စွာနေတော်

မှုလေလျှင်။ သင်အပ်ပြီးသော အတတ်ရှိသော ထိုဆင်သည်။ ဘုရားအလောင်းတော် မင်းသားကို။ ပန်းစည်းကဲ့သို့ နှာမောင်းဖြင့် ပိုက်ပွေ့ ဆောင်ယူပြီးသော အခါ။ လူးလာ တုံ့ခေါက်။ လျှောက်သွားလေ၏။ ခုနစ်နှစ်မြောက်သောအခါ။ ကြမ်းပမ်းစွာသောမြွေကိုလွှတ်၍ အလိုပမ်းကုန်၏။ ရှစ်နှစ်မြောက်သောအခါ။ ကချေသဘင်တို့ဖြင့်အလိုစမ်းကြကုန်၏။ ကိုးနှစ်မြောက်သောအခါ။ငါးရာသော သူငယ်တို့နှင့်တကွ။ အလောင်းတော် မင်းသားကို၊ မင်းရင်ပြင်နှိက် နေနေပြီးလျှင်၊ တဦးသော ယောက်ကျားသည်၊ ဖလ်အဆင်းရှိသော သန်လျက်ကို။ ငတ်ပတ် ရှည့်လျက်ကြွေးကြော်ကြွမ်းမောင်း၍။ ဦးခေါင်းကို ဖြတ်အံ့။ ကာသိကမင်းကြီး၏သားသူယုတ်မာသည်၊ အသူနည်းဟု ဆိုသောအခါ၊ များစွာသော သူငယ် တို့သည်။ သေအံ့သောဘေးကို ကြောက်သောကြောင့်ပြေးသွားကြလေကုန်၏။ ဘုရားလောင်း မင်းသားမူကား ထက်ဝန်းကျင်နံပါးလေးမျက်နှာ။ မငဲ့ကွက်မကြည့်ရှု။ ငြိမ်သက်တည်ကြည်စွာနေတော်မူလေသတတ်။ ထိုအခါ သန်လျက်သမားသည်။ဦးဖျားကို သုံးသင်၍ပြန်လေ၏။ ဆယ်နှစ် မြောက်သောအခါ။နားတော်၏ကြား ကြေးကို သိလိုသည်ဖြစ်၍၊အိပ်ရာညောင်စောင်းအောက်မှ တပြိုင်နက် တချက်တည်းဖြင့်။ များစွာသော ခရုသင်းတို့ကို မှုတ်စေသော်လည်း၊ သတိတော် မကင်း။ တုန်လှုပ်ခြင်းမရှိ။ပကတိသာနေတော်မူ၏။ တဆဲ့ တနှစ်မြောက်သော အခါ၊ များစွာကုန်သောစည်ကြီးတို့ကို-တီးခတ်၍ စမ်းကြကုန်၏။ တဆဲ့နှစ်နှစ်မြောက်သောအခါ။များစွာသောဆီမီးတို့ကို။ ထိုထိုအရပ်မှတပြိုင်နက်ပြ၍ စမ်းကြကုန်၏။ တဆဲ့ သုံးနှစ်မြောက်သော ကာလ။ သတ္တိသား၏ ကိုယ်တော် အလုံးကို- သကာတင်လဲးတို့ဖြင့်၊သုတ်လိမ်းလျက်၊မှက်ခြင်-ရှင်ရဲး၊ ရခဲရာအရပ်တွင်ထားကြကုန်၏။တဆဲ့လေးနှစ်မြောက်သောအခါ။နံ့သာမျိုးတို့ဖြင့်-မချိုးမပေး၊ မဆေးမကြော။ နံစော်ရွံဘွယ်၊ မပင်ကြယ်သော-ဘင်ဘို့ဖြင့်၊ ကိုယ်တော်ခပ်သိမ်းပယ်၊ အလိမ်း အလိမ်းကပ်ပြ

ပေလျော်၊မှတ်ခြင်ဘို့ကို ကိုက်ခဲ့ပေပြီးလျှင်။ အရှင်တေမိ-သတို့သား။ကြီးမားသော အသွယ်သို့ရောက်ပါပြီ။မစင်မကြယ်ကို၊ အဘယ်သူ သုတ်သင်အံ့နည်း။ ကိုယ်ပင်ထ၍။ ကိုယ်မှာအနံ့ကိုသန့်ပြန့်အောင်ဆေးလျှော်ပါလောဟု၊ ဆိုကြကုန်၏၊ တဆဲ့ ငါးနှစ်မြောက်သောအခါ၊ညောင်စောင်းအောက်နိုက်။ မီးကျိုးပုကိုထား၍ အသိုစမ်းကြကုန်၏။ တဆဲ့ခြောက်နှစ် မြောက်သော အခါ။ မြတ်သောအဆင်းကို ဆောင်ကုန်သော- သတို့သမီးတို့သည်။ အသီးအသီးဖြားယောင်းသဖြင့်။အသိုစမ်းကြကုန်သတတ်။ ထိုအခါ။ ခါ၊အလောင်းတော်မင်းသားသည်။ ငါ၏အတွေ့ကို မပေးအံ့ဟူ၍ ထွက်သက်ဝင်သက်ကို ချုပ်ပေလျက်။ ခက်တရော်ရှိသည်ကိုပြုတော်မူ၏။ အသိုစမ်းသောသတို့သမီးတို့သည်၊ ဘီလူးဟူသောအမှတ်ဖြင့်၊ ကိုတ်လန့်ကြကုန်သည်ဖြစ်၍။ဆုတ်နစ်ကြလေဟန်။ ။

ထို့နောင်ကာသိကရာဇ်မင်းသည်။ ပုဏ္ဏားတို့ကို ခေါ်တော်မူ၍။ သားတော်ဖွားမြင်စကာလက။ လေးကျွန်းသဗ္ဗနင်းမင်း၏ လက္ခဏာပါကြောင်းကိုဆိုသည်၊ယခုမှာ-ကာလကဏ္ဏိဖြစ်ခဲ့ပြီ။အသို့ပြုရအံ့နည်းဟု၊မေးတော်မူသည်ရှိသော်၊အရှင်မင်းမြတ်၊ထိုသူယုတ်သည်၊ရွှေနန်းတော်နှင့်မလျော်ပါ။ ကိုယ်တော်သခင်အရှင်မိဖုရားကြီး။ရွှေသီးရွှေနန်း၏ အန္တရာယ်၊ ဖြစ်ဘွယ်သုံးပါး ရှိခြင်းကြောင့် သားတော်သူယုတ်မာကို။မင်္ဂလာမရှိသောရထားတွင် တင်လျက်။ မင်္ဂလာမရှိသော မြင်းတို့ကို က-ပေပြီးလျှင်။ မင်္ဂလာမရှိသော တံခါးမှထုတ်၍။ မြုပ်သင့်သင့် ပါကြောင်းကို။လျှောက်ထားကြလေ၏။ကာသိကရာဇ်မင်းကြီးသည်လည်း။ အန္တရာယ်ကိုကြောက်သဖြင့်၊ သင့်ပြီဟုဝန်ခံလေသတတ်။ မယ်တော်မိဖုရားသည်ကား။ သားတော်ကိုသတ်လတ္တံ့ဟူသောစကားကိုကြားသောအခါ။ မင်းကြီးထံလျှင်မြန်စွာ လာပြီးလျှင်။ အရှင်မင်းမြတ်။အရှင်မင်းမြတ်သည်။သားတော်ဖွားမြင်စကာလ၊ ပေးသနားတော် မူဘူးသောဆုကို၊ယခုယူပါတော့မည်။အကျွန်ုပ်သားအား၊ ပြည်စည်းစိမ်ကိုလွှဲတော်မူပါဟု၊စန္ဒာဒေဝီမိဖုရားလျှောက်ကြားသောအခါ။ သင်၏သား

သည်၊ယုတ်မာသော သူဖြစ်သောကြောင့်။ပြည်နှင့် မလျော်၊ပေး
တော်မမူသင့်ဟု၊မိန့်တော်မူ၏။အရှင်မင်းကြီး၊ထိုသို့တပြီးကား။အ
သက်ထက်ဆုံးမပေးငြားသော်လည်း။ သားတော်မြတ်အား၊ ခုနစ်
နှစ်မျှပြည်မည်းစိမ်ကိုပေးတော်မူပါဟု၊ တောင်းသောအခါလည်း။
မိဖုရားမြတ်၊တိုင်းပြည်နိုင်ငံ။ခရိုင်ပြည်ရွာ။မအပ်မရော။ မပေးသာ
ဟု- ပယ်တော်မူပြန်၏။ နောက် စန္ဒာဒေဝီမိဖုရားသည် လည်း။
ယခင်တောင်းဆိုသောနည်းဖြင့်၊နှစ်၊ လ၊ရက်တို့ကိုအစဉ်အတိုင်း
လျှော့ချ်လျှော့၍တောင်းသည်ရှိသော်၊ ရက်ပေါင်းတွေက်၊ ခုနစ်
ရက်မျှသို့ ကျရောံသောအခါ။ လိုအပ်သောဆုကို ရသည်ဖြစ်၍။
ဝမ်းမြောက်ဝမ်းသာပြည်ကိုတန်ဆာဆင်ပြေင်းလျှင်၊ သားတော်
လည်ကိုဖက်၍။ချစ်သား ဤဗာရာဏသီပြည်သည်။ သင်ချစ်သား
၏ပြည်တည်း။ ဤပြည်ကို လှည့်လည်၍။ ကြည့်ရှုတော်မူပါဟု၊
မြတ်သော ဆင်ကျောက်ကုန်းထက် တင်ပြီးလျှင်။ ထီးဖြူကိုဖြန့်
မိုးလျက်။ထွက်တော်မူစေသတတ်။ ထို့နောင်မှမယ်တော်မိဖုရား
သည်။ သားတော်ထံ ချဉ်းကပ်၍။ ချစ်သား တေမိသတ္တိသား။
မောင်သတ္တိသား၏။ မအ-ဆွ ့အည်၏အဖြစ်ကို၊ အများပင်ဘိ
ကြပါကုန်၏။တဆဲ့ခြောက်နှစ်တို့ပတ်လုံး။ မောင့်ကိုမြှ၍ဖြစ်သော
ဆင်းရဲသည်။ နှလုံးကွဲးဘိသကဲ့သို့ရှိပါသည်။ မယ်တော်တို့အား
ကိုးကွယ်ရာမရှိသည်ကို မပြုပါလင့်ဟု။ငါးရက်တို့ပတ်လုံး။ မယ်
တော် မိဖုရားတောင်းပန်ဟန်။ ။ကာသိကရာဇ်မင်း ကြီးသည်။
ခြောက်ရက်မြောက်သောနေ့၌။ သုနန္ဒာရထားထိန်းကို ခေါ်တော်
မူ၍။အချင်းရထားထိန်း။ နက်ဖြန်နေ့ရောက်သောအခါ။မင်္ဂလာမရှိ
သောရထားတွင်သားတော်ကိုတင်၍။ မင်္ဂလာမရှိသောမြင်းတို့ကို
က-ပြီးသောအခါ။မင်္ဂလာမရှိသောတံခါးမှထုတ်၍။မြုပ်သင်္ချေ
လောဟု-စေတော်မူလေ၏။မယ်တော်မိဖုရား သည်လည်း။သား
တော်ထံချဉ်းကပ်လေ၍။အထွေထွေအပြားပြား။ စကားပြောဆို။
ငိုယိုမြသော အသံဖြင့်။ ညဉ့်သုံးယာမ်ပတ်လုံး တောင်းပန်လေ၏။
မိုးသောက်သောနေ့နံက်။ရထားထိန်းသည်။ နတ်တို့၏အာနုဘော်

အားဖြင့်။မင်္ဂလါရှိသောမြင်းတို့ကိုက-မိချေ့လျက်။ရွှေနန်းပြာသာဒ်သို့တက်ပြီးသောအခါ။စန္ဒာဒေဝီမိဖုရားကြီးသည်။ရင်ခွင်၌ထား၍။ဖြားယောင်းအပ်သေါ၊သားတော်မြတ်ရတနါကို။အရှင်မင်းကြီး၏အသာဘာဆို၍။ မိမိ၏လက်ဖမိုးဖြင့်၊ မိဖုရား၏လက်ကိုပယ်ရှားပြီးကာလ။သားတော်ကိုဒိုက်ပွေ့လျက်။ ပြာသာဒ်မှသက်ပြီးလျှင်။ယခင့်ရထားထက်တင်၍။ မင်္ဂလာရှိသောတံခါးဖြင့်။ မှား၍ထွက်လေ၏။ နတ်တို့၏အာနုဘော်အားဖြင့်၊ ရထားထိန်းသည်လည်း။သုံးယူဇနာရှိသော အရပ်သို့ ရောက်သောအခါ။ တရသေသတော အရပ်ကို၊သုသာန်ဟုထင်မှတ်သဖြင့်။ သင့်တင့်ရာပယ်ရှား၍၊ရထားကိုထားခဲ့ပြီးလျှင်။ ဝတ်ဆင်တော်မူသော တန်ဆာကိုလည်း ဖြေချွတ်လျက်၊အရပ်ကိုမွှေ့ထားပြီးမှ။ လေးဘက်နံရံရှိသောတွင်းကိုပေါက်တူးလေသတတ်။ထိုအခါ။ အလောင်းတော်မင်းသားသည်။ငါ့အားတဆဲ့ခြောက်နှစ်ပတ်လုံး၊ မလှုပ်မရှားနေရသဖြင့်။ ခွန်အားရှိပါသေး၏လောဟု၊ လက်ခြေတို့ကိုဆုပ်နယ်လျက်။ သက်ဆင်းတော်မူပြီးလျှင်။ ရထား၏ နောက်အစွန်းကိုကိုင်တော်မူ၍။ သူငယ်ကစားသော ရထားငယ်ကဲ့သို့။ပတ်ပတ် လှည့်သဖြင့်မြင်းတော်မူလေဘန်။ ။နောက်၊အလောင်းတော်မင်းသားသည်။ တန်ဆာဆင်တော်မူလိုသောရွှေနှလုံးတော်ရှိရကား။ သကြားမင်းသည်စေလွှတ်အပ်သော- ဝိသုကြံနတ်သားသည်- ဆင်းသက် ရောက်လာ၊နတ်တန်ဆာတို့ကိုဆင်ခဲ့ပြီးမှ။ ဝိသုကြံနတ်သားပြန်သွားသည့်နောက်၊အလောင်းမင်းသားသည် သုနန္ဒာရထားထိန်း- တွင်းတူးရာသို့သွားပြီးလျှင်။တွင်းနားက-နေတော်မူ၍။ သုနန္ဒာရထားထိန်း။အဘယ်အလို့ငှာ-သင်သည်တွင်းကို တူးဘိသနည်းဟုမေးတော်မူလတ်သည်ရှိသော်၊ မော်၍မကြည့်မရှုဘဲ၊ သုနန္ဒာရထားထိန်းသည်။ ဤသို့သောစကားကို ပြန်ကြားလေ၏၊ ငါတို့သခင်အရှင်မင်းကြီးသည်။လက်ခြေမလှုပ်။သစ်ငုတ်ပမာ၊ယုတ်မာဆွံ့အ။ကါလကဏ္ဏိ။မင်္ဂလာတမ်း၊သါးဖြစ်သနိုးကို။နန်းနှင့်မနီး၊တောကြီးမြိုင်အုပ်။မြှုပ်သတ်ချေဟု-စေတော်မူ၍ကား။ယောကျ်ားယုတ်မာ၏၊

မြွတ်စေအလို့ငှါ။ တူးပါသည်ဟုဆို၏။ ထိုအခါဘုရားလောင်း
သည်။ ဤသို့မိန့်တော်မူ၏။ အခေါင်လိမ္မာ၊ သုန္ဒြာ။ ကာသိခင်းဖျား
လူ့ဘုရားက၊ သားယုဘ်မောင်ိသာ။ လျှင်စွာမနေ။ မြွပ်သတ်လေ
ဟု၊ ပေးတော်မူလိုက်သည်၊ ယခုငါမူကား။ နွားကြွေးမျက်မြင်၊ ငှိပြင်
စကား။ သန့်ထွားလျောက်ပဘ်။ လုံးရပ်သဏ္ဍာန်။ ကြွန်အင်လက္ခ
ဏာ။ ပုံညီစွာသော၊ မယုဘ်မခေ၊ ရတနာသားမြွတ်ဖြစ်သည်။ အ
ကယ်၍ငါ့ကို သင်မြွပ်သတ်ခဲ့ရှိ၊ ခင်ပွန်းဖြုတ်ဖြစ်ရာသည်။ ဦး
လည်မေ့ကာ။ သင်ကြည့်ပါလော့ဟု၊ ဆိုသောအခါ။ သုန္ဒြာရထား
ထိန်းသည်၊ စိန်းစိန်းရှုမြော်။ ကြည့်ပြီးသော်နိုက်။ မှောက်တော်မင်း
ဖျား။ ငါ့ဘုရားဟု။ ညွှတ်တွားခြေရင်း။ ပျပ်ဝပ်စင်းလျက်။ နန်းတွင်း
တခန်း၊ ပြန့်တော်မူပါသည့်အကြောင်းကို။ ခွင့်တောင်းသောကာလ။
သုန္ဒြာရထားထိန်း။ ငါ့မှာမူကား။ စွန့်ပစ်လိုက်သောယောက်ျားဖြစ်
၍။ အမိအဘ၊ ခနဥစ္စာ၊ အိမ်ရာမရှိသူဖြစ်သည်၊ ဤတောအရပ်တွင်
ပင်၊ ရဟန်းအသွင်ဖြင့်၊ ပျော်ရွှင်ရစ်တော့မည်။ သင့်မှာမူကား။
ရထားရကနာ၊ ဥစ္စာအရပ်ဘိုကို။ တခုမကျန်ဆောင်ယူပြန်သွားပြီး
လျှင်။ ခမည်းတော်မယ်တော်ဘို့အား။ သားတော်ရှိခိုးလိုက်သည်
၏အဖြစ်။ ကိုယ်လက်မနှမ်း၊ ရဟန်း ပြုသည်၏ အဖြစ်များကို။
ကြားပါလေဟု။ အထွေအပြားမှာသား၍ လွှတ်တော်မူလိုက်၏။
သကြားနတ်မင်းသည်လည်း။ ဝိသုကြုံနတ်သားကို ခေါ်တော်မူ၍။
အချင်းဝိသုကြုံနတ်သား။ အလောင်းတော် တေမိမင်းသားသည်။
ရဟန်းပြုတော်မူလိုသဘော်။ များမြွတ်သော ပရိသဘ်ရှိသည်ဖြစ်
လတ္တံ့။ ကျောင်းသင်္ခမ်းတို့ကို ဖန်ဆင်းချေဟု။ ပေးတော်မူလတ်
ရကား။ ဝိသုကြုံနတ်သားသည်။ သုံးယူဇနာရှိသော တောအုပ်အ
တွင်းနိုက် နှလုံးမွေ့လျော်ဘွယ်ရှိသော ကျောင်းသင်္ခမ်း ရဟန်း
ပရိက္ခရာဘို့ကိုရင်း။ သန့်ရှင်းစင်ကြယ်စွာသော ရေကန်ရေတွင်း .
တို့ကိုရင်း။ စားကောင်းသောကဘွယ်။ အငယ်အကြီးဖြစ်သော
သစ်ပင်တို့ကိုရင်း။ ရှောင်တခင် ဖန်ဆင်း၍။ နေရင်း နတ်ပြည်သို့
ပြန်သွားလေဟန်။ ။တေမိမင်းသား သည်လည်း။ ထိုကျောင်း

သခ်ိမ်းတို့ကို မြင်တော်မူသောကာလ။ ဝါသဝနတ်။ ပေးအပ်ဖန်ဆင်းသည့်ကိုသိ၍။ရသေ့ပြုပြီးလျှင်။ ထိုညဥ့်တွင်ပင်။အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေတော်မူပေ၏။ ကာသိကရာဇ်မင်းကြီးသည်လည်း။သုန္ဒရထေးထိန်း တင်လျှောက်အပ်သောသားတော်မြတ်၏၊ အလုံးစုံသော အကြောင်းအရာတို့ကို သိရပြီးသောအခါ။သားတော်မြတ်ရှိရာသို့ထွက်တော်မူအံ့ဟု။ စစ်သူကြီးကိုခေါ်တော်မူပြီးလျှင်၊ အင်္ဂါလေးပါးရှိသော စစ်သည်သူရဲတို့ကို၊ ဘွင်ကဲးစီရင်ခန့်ရန်လေဟုစေတော်မူသတတ်။ သုန္ဒရထေးထိန်း ရောက်သည်မှ၊ လေးရက်မြောက်သောနေ့နှိက်။ ကာသိကရာဇ်မင်းကြီးသည်၊ မင်း၏အသရေကို ဆောင်တော်မူလျက်၊ ထွက်တော်မူခဲ့သည်ရှိသော်၊သားတော်ရသေ့သူမြတ်ထံ၊ လျင်မြန်ထုတ်ခြောက်ရောက်တော်မူလေသတတ်။ စန္ဒာဒေဝီ မိဖုရားကြီးသည်လည်း။ မောင်းမမိဿံ၊ အခြွေအရံအပေါင်းတို့ဖြင့်။ တင့်တယ်စွာ ခြံရံလျက်။ နောက်ထပ် ရောက်လာတော်မူ၏။ ထိုအခါ အလွန်ချစ်လှစွာသောသားမိဘ သုံးပါးတို့သည်။ ဝမ်းမြောက်ဝမ်းသာအနေကောင်းခြင်းစသည်တို့ကိုမေးမြန်း၍။ရဟန်းဖြစ်သောသားတော်မြတ်သည်၊ခမည်းတော်မယ်တော်တို့အား။ အားပျားလွတ်ကင်းသောကံပြင်းရှက်ပြုဘ်နှင့်တကွ။မြေကြည်လင် သန့်ရှင်းစင်သောရေတို့ကိုဆက်ကပ်လျက်၊ဧည့်နှပ်ပြုတော်မူ၏။မောင်းမမိဿံတို့သည်၊ အဘန့်ငယ်သောကံပြင်းရှက်ကို။ဦးခေါင်းထက်တင်ပြီးလျှင် အရှင်ဘုရား။ပြုနိုင်ခဲသောအမှုကိုပြုပေသည်ဟု ဆိုကြကုန်လျက်။ လက်အုပ်ကိုယ်စီ။ ချီကာချီကာ။ အံ့အားသရဲ။မြီးတွဲကြကုန်၏။ ထိုပြီးနောက်နှိက်။ခမည်းတော်မင်းမြတ်သည်။ ဘေးတော်ဘိုးတော်တို့၏။အမွေရင်းစစ်။ မင်းအဖြစ်ကိုဆောင်နှင်းလျက်။ တိုင်းပြည်နိုင်ငံသို့ပြန်၍မင်းပြုပါမည့်အကြောင်းကို။ တောင်းပန်သောကာလ။ ခမည်းတော်မင်းမြတ်။ ဤသတ္တဝါအပေါင်းတို့အား။ပေါက်သစ်စသာဖြစ်သော။ မှုစ်ပျို မှုစ်နုတို့ကဲ့သို့။ သေမင်းသည် နုတ်၍ပစ်အပ်သည်ကို၊တပ်တပ်မြင်ဘိရကား။ ပြည်စည်းစိမ်ဖြင့်၊အဘယ်မူစအံ့

နည်း။ ဤသို့အစရှိသည်ဖြင့်။ ဘုရားအလောင်းတော်သည်၊ ကာမဂုဏ်၏ အပြစ်တို့ကို-များစွာသောပုံဥပမာတို့ဖြင့် ထင်ရှားပြ၍၊ တရားစကား ပြောကြားသောအခါ။ ခမည်းတော်မင်းကြီးသည်။ ဗာရာဏသီပြည်ကြီးကိုအချည်းနှီးပြုလျက်။မင်းမိဖုရား ပြည်သားပြည်သူအပေါင်းတို့နှင့်တကွ၊အလောင်းမင်းသားရသေ့သူမြတ်ထံဆည်းကပ်ကြ၍ရသေ့အသွင်ကိုယူလျက်ကသိုဏ်းကွက်ကိုယ်စီနှင့်။ပသဝီ-ပထဝီစသည်ဖြင့်။စီးဖြန်း၍နေကြလေဟန်။ ။ထိုအခါထီးချက်ဆောင့်နှတ်သွီးသည်။ ယခုအခါ၊ ဥပလဝဏ္ဏာ။ ထိုအခါ၊ သုနန္ဒာရထားထိန်းသည်၊ယခုအခါ၊သာရိပုတ္တရာ။ထိုအခါသကြားနတ်မင်းသည်။ယခုအခါ။အနုရုဒ္ဓါ။ထိုအခါ၊ဝိသုကြုံနတ်သားသည်၊ယခုအခါ အာနန္ဒာ၊ ထိုအခါမယ်တော်ခမည်းတော်တို့သည်၊ယခုအခါ၊သကျဝံသာ၊ထိုအခါကြွင်းသောပရိသတ်တို့သည်။အခုအခါဗုဒ္ဓပရိသာ။ထိုအခါ တေမိမင်းသားသည်။ယခုအခါ။ငါဘုရား။ ။

ဇာတကကဏ္ဍပြီး၏။

# ခက်ရာခက်ဆစ်ကောက်နုတ်ဖြေရှင်းချက်။

## {၁}-မဟာဥက္ကုသဇာတ်၊

မဟာဥက္ကုသ-မဟာ၊မြတ်သော×ဥက္ကုသ၊ဝန်လို၎က်။
မိတ္တဗန္ဓက-မိတ္တ၊အဆွေခင်ပွန်း×ဗန္ဓက၊ဖွဲ့ခြင်း။
ဇာတသရ-ဇာတ၊အလိုလိုဖြစ်သော*သရ၊အိုင်။
ပဉ္စကံ-ပဉ္စကံ၊အစွန်အဖျား။

ဇာတ်ပေါင်း။ ။စွန်ဘို-စွန်မ-မိတ္တဗန္ဓကသို့းခင်ပွန်း။
ကဿပပေါတ-{လိပ်ငယ်}-ရာဟုလာ။
ကဿပမိတာ-{လိပ်အဘ}-မဟာမောဂ္ဂလာန်။
ဥက္ကုသ၎က်မင်း-သာရိပုတ္တရာ။
ခြင်္သေ့မင်း-ဘုရား

မိတ်ဆွေကောင်းနှင့် ပေါင်းမိ၍၊ရန်သူဘေးမှ။ လွတ်ခြင်းကို ပြသောဝတ္ထု၊ ။

---o---

## {၂}-ပဥ္စုပေါသထဇာတ်၊

ဦးပည်း-ခေါင်းတုန်း။
လက်ဖျစ်တီး-လက်ဖျောက်တီး။
နွားလားဥသဘ-မြတ်သောနွား။

ဇာတ်ပေါင်း။ ။ခိုသတ္တဝါ-အနုရုဒ္ဓါ။
ဝံသတ္တဝါ ကဿပ။
မြွေအွေး-မောဂ္ဂလာန်။
မြွေသတ္တဝါ သာရိပုတ္တရာ။
ရှင်ရသေ့-ဘုရား။

လောဘ-ဒေါသတို့ကိုမစောင့်ဆည်းသဖြင့်ဒုက္ခဖြစ်ခြင်း။စောင့်ဆည်းသဖြင့်၊ချမ်းသာခြင်းကိုပြသောဝတ္ထု၊

## {၃}-တစ္ဆသုတရဇာတ်။

တစ္ဆသုကရ-တစ္ဆ၊လက်သမား×သုကရ၊ဝက်။
ပဒုမဗျူဟာ-ပဒုမာကြာချင်ကဲ့သို့စစ်ဆင်ခြင်း၊

( စစ်ဆင်ခြင်း၃ပါး )

ပဒုမဗျူဟာ ပဒုမာကြာချင်ကဲ့သို့စစ်ဆင်ခြင်း။
စက္ကဗျူဟာ စက်ဝန်းကဲ့သို့စစ်ဆင်ခြင်း။
သကဋဗျူဟာ-လှည်းဦးဘင်းကဲ့သို့စစ်ဆင်ခြင်း။

ကွပ်ကဲ--တပ်မှူး-တပ်ဆော်။
ဇာတ်ပေါင်း။ ။ရသေ့စည်းလဲ-ဒေဝဒတ်။
တစ္ဆသုကရ-ဓနုဂ္ဂဟတိဿ။
သစ်ပင်စောင့်နတ်-ဘုရား။

အပေါင်းအသင်းညီညွတ်၍။ရန်သူကို အောင်မြင်နိုင်ခြင်းကိုပြသောဝတ္ထု။

---

## {၄}-မဟာဝါဏိဇဇာတ်။

မဟာဝါဏိဇ-မဟာ၊မြတ်သော×ဝါဏိဇ၊ကုန်သည်။
ခရီးခဲ-ခက်ခဲစွာသွားရသောခရီးလမ်း။

( ခရီးခဲ ၄ပါး )

သဲပေါသော-ဝါလုကန္တာရ။
ခိုးသားဓားပြပေါသော စောရကန္တာရ။
သစ်ကျားသားရဲပေါသော-ဝါဠကန္တာရ။
ရေမရှိသော-နိရုဒကကန္တာရ။

ဇာတ်ပေါင်း။ ။နဂါးမင်း-သာရိပုတ္တရာ။
လှည်းမှူးကြီး-ဘုရား။

လောဘကိုသိမ်းဆည်းသဖြင့်၊ ပစ္စည်းဥစ္စာ များစွာရခြင်း။မသိမ်းဆည်းသဖြင့်၊ဆုံးရှုံးပျက်စီးခြင်းကိုပြသောဝတ္ထု။ ။

## {၅}-သာမိန်ဇာတ်။

သိန္ဓောမြင်း–သကြားမင်းစီးသောနတ်မြင်း။

(မြင်းမျိုး-၅ပါး)

သိန္ဓောမြင်း-သိန္ဓုဝတောင်၌နေသည်။
ဝလာဟကမြင်း-ဝလာဟကတောင်၌နေသည်၊
အာကာသဘာဇ္ဈမြင်း-အာကာသနဂ္ဂဟာတောင်၌နေသည်၊
ဝလာဟကသိဃမြင်း-ဝလာဟကသိဃတောင်၌နေသည်၊
သုဝဏ္ဏသာမမြင်း-သုဝဏ္ဏပဗ္ဗာတောင်၌နေသည်။

ဝေဇယန္တာရထား–သကြားမင်းစီးသောရထား။

ဇာတ်ပေါင်း။ ။နာဒြေမင်း–အာနန္ဒာ။
သကြားမင်း–အနုရုဒ္ဓါ။
သာမိန်မင်း–ဘုရား။

အကျင့်ကောင်းသဖြင့် နတ်ပြည်မှပင့်ဆောင်၍။ အဆုံးအမနာခံခြင်းကိုပြသောဝတ္ထု။ ။

— -o- —

## {၆}-ဘိက္ခာပရံပရဇာတ်၊

ဘိက္ခာပရံပရ–ဘိက္ခာ ဆွမ်း×ပရံပရ။အဆင့်ဆင့်အလှူ။
ပစ္စေကဗုဒ္ဓါ–ပစ္စေက၊တစ်ပါးတည်းသော×ဗုဒ္ဓါ၊သိသောဘုရား။
အာသဝေါ–ကိလေသာယိုစီးခြင်း။
နန္ဒမူလိုဏ်–နှစ်သက်ဘွယ်သောဂူ။

ဇာတ်ပေါင်း။ ။ကုရုတိုင်းက– တရေးကိုမှမေ့သောသူကြွယ်၊
ဗာရာဏသီမင်း–အာနန္ဒာ။
ပရောဟိတ်–သာရိပုတ္တရာ။
ရှင်ရသေ့–ဘုရား။

သူတော်ကောင်းသို့လှူရသောအလှူပစ္စည်းသည်အဆင့်အဆင့်မြင့်သောအလှူဒါနဖြစ်ခြင်းကိုပြသောဝတ္ထု။

## {၇}-စိတ္တသမ္ဘူတဇာတ်၊

စိတ္တသမ္ဘူတ-စိတ္တ၊စိတ်×သမ္ဘူတ၊ကောင်းစွာဖြစ်ခြင်း။
ဇေတဝန်-မဟာဝိဟာရ-ဇေတမင်းသားဥယျာဉ်၌ဆောက်
လုပ်သောကျောင်းကြီး၊
အဝန္တိတိုင်း-ပြို့အံခြင်းမရှိသောတိုင်း။
နွန်းပလ္လာသန္တ-ကြမ်းတမ်းစွာအသက်မွေးသောသူတို့နေရာ။
ဒိသာပါမောက္ခ-ဒိသာ၊အရပ်လေးမျက်နှာ*ပါမောက္ခ။အကြီးအ
မှူးဆရာ၊
နေရဉ္ဇရာ-ညိုသောရေရှိသောမြစ်။
ရမ္မာ-မွေ့လျော်ဘွယ်ရှိသောမြစ်။
ကောသမ္ဗီပြည်-ကြို့ပင်ကိုအစွဲပြု၍မှည့်သောပြည်၊
ဥတ္တရပဉ္စာလ-ဥတ္တရ၊မြောက်အရပ်*ပဉ္စာလ၊ပဉ္စာလမြို့။
အင်္ဂါ၄ပါး၊ရှိသောစစ်-ဆင်တပ် မြင်းတပ်-ရထားတပ်၊ခြေသည်တပ်။

ဇာတ်ပေါင်း။ ။သမ္ဘူတသူခမိန်-အာနန္ဒာ။
စိတ္တသူခမိန်-ဘုရား။

ဘုရားနှင့်ညီတော်အာနန္ဒာ၊ ဖြစ်လေရာ မကွေမကွာဖြစ်တော်မူသည်ကိုပြသောဝတ္ထု။

---

## {၈}-ရုဋ္ဌဟံသဇာတ်။

ရုဋ္ဌသဟံ-ရုဋ္ဌ၊အဝယ်*ဟံသ၊ဟင်္သာ။
ဓတရဋ္ဌ မြင့်မိုရ်တောင်အရှေ့ဘက်နေသောနတ်မင်းကြီး၊
စိတ္တကူဋ-ဆန်းကြယ်သောအထွဋ်ရှိသောတောင်။
သုမုခ လှပတင့်တယ်သောမျက်နှာရှိသောငှက်။
ရွှေအင်းပျဉ်-ရွှေတို့ဖြင့်မွန်းမံသောပျဉ်ချပ်။

ဇာတ်ပေါင်း။ ။မူခိုး-ဆန္ဒအမတ်၊
မင်းကြီး-သာရိပုတ္တရာ၊
ခေမာမိဖုရား-ခေမာဘိက္ခုနီ
ရွှေဟင်္သာမင်း-ဘုရား။

ညီတော်အာနန္ဒာ-မြတ်စွာဘုရား၏ကိုယ်စား၊ အသက်စွန့်ခြင်းကိုပြသောဝတ္ထု။

———o———

## {၉}-သတ္တိဂုမ္ဗဇာတ်

သတ္တိဂုမ္ဗ-သတ္တိ၊လက်နက်×ဂုမ္ဗ၊အစုအပုံ။
မဒ္ဒကုစ္ဆိ-ချိုင့်ဝှမ်းသောတောင်။
လေကြေ-လေအောက်။
ပုပ္ဖက-ပန်းခင်း။
ပဋိကောလုမ္ဗ-ပဋိကောလုမ္ဗမည်သောထမင်းချက်။

ဇာတ်ပေါင်း။ ။သတ္တိဂုမ္ဗ-ဒေဝဒတ်။
ပဉ္စာလမင်း-အာနန္ဒာ။
ပုပ္ဖကကျေးသား-ဘုရား

သူမိုက်နှင့် ပေါင်းသဖြင့်- မိုက်မဲခြင်း။ သူတော်ကောင်းနှင့် ပေါင်းသဖြင့်-လိမ္မာခြင်းကိုပြသောဝတ္ထု။

——

## {၁၀-}ဟတ္ထိပါလဇာတ်။

ဟတ္ထိပါလ-ဟတ္ထိ၊ဆင်×ပါလ၊အစောင့်အထိန်း။
နိက္ခမပါရမီ-နိက္ခမ၊တောထွက်ခြင်း×ပါရမီ၊အပြတ်။

{ ပါရမီ-၁၀ပါး၊ }

ဒါန-အလှူပေးခြင်း။
သီလ-သီလဆောက်တည်ခြင်း။

နေက္ခမ-တောထွက်ခြင်း။
ပညာ-ဆင်ခြင်ခြင်း။
ဝီရိယ အားထုတ်ခြင်း။
ခန္တီ-သည်းခံခြင်း။
သစ္စာ--မှန်ကန်စွာဆိုခြင်း။
အဓိဋ္ဌာန်-မပြက်မကွက်ဆောက်တည်ခြင်း။
မေတ္တာ-သတ္တဝါတို့၌ချစ်ခြင်း။
ဥပေက္ခာ မုန်းမချစ်-အသယ်အလတ်စိတ်ကိုထားခြင်း။

ဗဟုပုတ္တက—သားသမီးများသောမိန်းမ။

ဇာတ်ပေါင်း။ ။သေကာရီမင်း-ဗုဒ္ဓပိတာ။
ပရောဟိတ်—ကဿပ၊
ပုန်ဏေးမ-ဘဒ္ဒကာပိလာ။
အဇပါလ-အနုရုဒ္ဓါ။
ဂေါပါလ—မောဂ္ဂလာန်။
အဿပါလ သာရိပုတ္တရာ။
ဟတ္ထိပါလ ဘုရား။

တောထွက်တော်မူခြင်း၏။အကြောင်းကိုပြသောဝတ္ထု၊

---

{၁၁} ကိံဆန္ဒဇာတ်။

အကြေ-လေအောက်။
ဝေမာနိကပြိတ္တာ-ညစံ-နေ့ခံရသောပြိတ္တာ။

ဇာတ်ပေါင်း။ ။ဂင်္ဂါစောင့်နတ် ဥပလဝဏ်။
ရှင်ရသေ့-ဘုရား။

လိမ်လည်မှုကြောင့်၊ပြိတ္တာဖြစ်ခြင်း။ပေးကမ်းမှုကြောင့်၊စိမ်ခံစားရခြင်းကိုပြသောဝတ္ထု။

{၁၂}-ကုမ္ဘဇာတ်။

ကုမ္ဘ သေရည်အိုး။
ဝိသာခါ ပုဗ္ဗာရုံကျောင်းအမကြီး။
သုဉ်းခြင်း မရှိ ဆိတ်ငြိမ်ခြင်း။

ဇာတ်ပေါင်း။ ။သဗ္ဗမိတ္တမင်း-အာနန္ဒာ။
သကြားမင်း ဘုရား။
သေရည်သောက်စား၍ ပျက်စီးခြင်း။ရှောင်ကြဉ်၍- ချမ်းသာခြင်းကိုပြသောဝတ္ထု။

—0—

{၁၃}-ဆဒ္ဒန္တဇာတ်။

ဆဒ္ဒန္တ-ဆဒ္ဒန်ဆင်မင်း။

ဆင်မျိုး ၁၀-ပါး။

ကာဠာဝက*ယခုလူ့ပြည်၌ရှိသောဆင်နက်။
ဂင်္ဂေယျ*ဂင်္ဂါမြစ်နား၌ကျက်စားသောဆင်။
ပဏ္ဍရ*ဖျော့တော့သောရွှေရောင်ရှိသောဆင်။
တမ္ဗ*ကြေးနီရောင်ရှိသောဆင်။
ပိင်္ဂလ*နီကျင့်ကျင့်အရောင်ရှိသောဆင်၊
ဂန္ဓ*မွှေးသောအနံ့ရှိသောဆင်။
မင်္ဂလ*ကတိုးနံ့ကဲ့သို့မွှေးသောအနံ့ရှိသောဆင်။
ဟေမ*ရွှေအဆင်းရှိသောဆင်၊
ဥပေါသထ*ကောင်းကင်သို့ပျံနိုင်သောဆင်။
ဆဒ္ဒန္တ*ခွယ်ရောင် ၆ မျိုးရှိ၍မြင့်မြတ်သောအား
ခွန်ဗလအကြီးဆုံးသောဆင်။

လေဥဩနံပါး- လေအထက်နံပါး၊
လေကြေနံပါး- လေအောက်နံပါး။

## ကြာမျိုး ၅ ပါး

ကြာဖြူ-ကြာနီ-ကြာပုဏ္ဍရိက်-ကြာတံသိတ်-ကြာခေါင်းလောင်း။

ပညွှနာ-တောင့်တခြင်း။
ဇာတိသရ-ဇာတိ။အဖြစ် * သရ၊အောက်မေ့ခြင်း၊
သောနုဇ္ဇုရ သောန၊နားထောင်ခြင်း × ဥဇ္ဇုရ- ကူးမြောက်ခြင်း။
ပုဒ္ပေါင်း-ထူထပ်သောသစ်ပင်ချုံနွယ်ရှိသောတော။
ရေသန့်-ရေချိုးရာမှတက်သည်။
ဝိသာလမာလက-ကျယ်ဝန်းသောနေရာ။

ဇာတ်ပေါင်း၊ ။ရုစ္ဆသုဘဒ္ဒါ-ရဟန်းမိန်းမငယ်။
သောနုဇ္ဇုရမှုဆိုး-ဒေဝဒတ်၊
ဆဒ္ဒန်ဆင်မင်း-ဘုရား။

သုတပါးပျက်စီးအောင်ပြု၍။ကိုယ်ပင်လျှင် ပျက်စီးခြင်းရောက်သည်ကိုပြသောဝတ္ထု။

---

{၁၄} သမ္ဘဝဇာတ်။

ဓမ္မရာဂ ဓမ္မ၊တရား * ရာဂ၊နှစ်သက်ခြင်း။
သဏ္ဍာရပူဇော်ခြင်း။
ရွှေစည်နိက္ခ-ရွှေစည်၊မင်းသုံးရွှေ*နိက္ခ၊အချိန်တထောင်။
ပရဒါရကံ-ပရ၊သူတပါး*ဒါရ၊မယား*ကံ၊ဖြစ်မှားသောကံ။

ဇာတ်ပေါင်း။ ။ခနဉ္စယကောရဗျမင်း-အာနန္ဒာ။
သုစိရတပုန်ဏား-အနုရုဒ္ဓါ၊
ဝိဓူရသုခမိန်-မဟာကဿပ၊
ဘဒြကာရ-မောဂ္ဂလာန်။
သဥ္စယ သာရိပုတ္တရာ။
သမ္ဘဝ-ဘုရား။

ကလေးပင်ဖြစ်သော်လည်း။ပညာရှိလျှင်။ဆည်းကပ်ဆွေးနွေးထိုက်ခြင်းကိုပြသောဝတ္ထု။

## {၁၅} သမ္ဗုလဇာတ်။

ဆည်းဆာအရောင်-နေခြည်ရောင်သန်း။ညနေချမ်းအခါ။
ဒါနဝေကြွည်-ဒါနောမည်သောမြေစောင့်ဘီလူး။
ဝမ်းပါး-ဝမ်းနည်းခြင်း။
တပဿီဝိဋ္ဌာ-တပဿီ၊အကျင့်*ဝိဋ္ဌာ၊အတတ်ပညာ။

ဇာတ်ပေါင်း။ ။သမ္ဗုလ-မာလ္လိကာမိဖုရား။
သောတ္ထိသေန-ကောသလမင်းကြီး။
အဘာရသေ့-ဘုရား။
လင်ကိုအရိုအသေ၊လုပ်ကျွေးခြင်းကိုပြသောဝတ္ထု။ ။

---

## {၁၆} တေသကုဏဇာတ်။

တေသကုဏ-တေ၊သုံးကောင်သော*သကုဏ၊ငှက်။
ရာဇဓမ္မ-ရာဇ၊မင်း*ဓမ္မ၊အကျင့်တရား။

{မင်းကျင့်တရား-၁၀-ပါး။}

ဒါန၊အလှူပေးခြင်း။ ။
သီလ၊ငါးပါး ၁၀ ပါး၊သီလစောင့်သုံးခြင်း၊ ။
အဇ္ဇဝ၊ဖြောင့်မတ်ခြင်း။ ၊
မဒ္ဒဝ၊နူးညံ့ခြင်း။ ။
တပ၊ရှစ်ပါးဥပုသ်စောင့်ခြင်း။ ။
အကောဓ၊အမျက်မထွက်ခြင်း။ ။
ခန္တီ၊သည်းခံခြင်း။ ။
အဝိရောဓန၊မချုပ်ချယ်ခြင်း။ ။
အဝိဟိံသာ၊မညှဥ်းဆဲခြင်း။ ။
ပရိစ္စာဂ၊စွန့်ကြဲခြင်း။ ။
ရာဇတန္တိ-ရာဇ၊မင်း*တန္တိ၊အစဉ်။ ။
ရာဇပဝေဏီ-ရာဇ၊မင်း*ပဝေဏီ၊အဆက်။ ။

ဇာတ်ပေါင်း။ ။ဗြဟ္မဒတ်မင်း-အာနန္ဒာ။
ကုဏ္ဍလိငှက်မ-ဥပ္ပလဝဏ်။
ဝေဿန္တရာ-သာရိပုတ္တရာ။
ဇမ္ဗုကကျေးသား-ဘုရား။

တိမ္ဗုရုက္ခာန်ဖြစ်သော်လည်း။ လူတို့အားသုံးမ ဩဝါဒပေးတတ်သောအဖြစ်ကိုပြသောပဋ္ဌု၊

---

{၁၇} သရဘင်ဇာတ်။

အက္ခဏဝေဓိ-လျှပ်စစ်ကဲ့သို့လျှင်သောလေးပစ်တတ်သောသူ ဗောဓိအိမ်-ဗောဓိပင်၌ရုံ၍ဆောက်လုပ်သောပွတ်လုံးပွတ်တိုင်။

{မြားရေးကြီး-၁၂ ပါး။}

သမုပ္ပဋ္ဌဗာဟန-မြားဖြင့်မြားကိုတားမြစ်ခြင်း။
စက္ကဝိဒ္ဓ-စက်ဝန်းကဲ့သို့ပစ်ခြင်း။
သမုလဋ္ဌိ-နှယ်ပတ်သကဲ့သို့ပစ်ခြင်း။
သမုရဇ္ဇု-ကြိုးဆိုင်းသကဲ့သို့ပစ်ခြင်း။
သမုဝေဓိ-မြားချင်းပေါက်အောင်ပစ်ခြင်း။
သမုပါသာဒ-မြားပြာသာဒ်ကဲ့သို့ပစ်ခြင်း။
သမုသောပါဏ-မြားစောင်းတန်းကဲ့သို့ပစ်ခြင်း။
သမုပါကာရ-မြားတံတိုင်းကဲ့သို့ပစ်ခြင်း။
သမုမဏ္ဍပ-မြားမဏ္ဍာပ်ကဲ့သို့ပစ်ခြင်း။
သမုပေါက္ခရဏီ-မြားရေကန်ကဲ့သို့ပစ်ခြင်း။
သမုပဒုမ-မြားပဒုမာချပ်ကဲ့သို့ပစ်ခြင်း။
သမုဝဿ-မြားမိုးရွာသကဲ့သို့ပစ်ခြင်း။

ဇာတ်ပေါင်း။ ။သာလိဿရ-သာရိပုတ္တရာ။
မေဏ္ဍိဿရ-ကဿပ။
ပဗ္ဗတ-အနုရုဒ္ဓါ။
ဒေဝိလ-ကစ္စာယန။
အနုသိဿ-အာနန္ဒာ။

ကိသဝစ္ဆ-မောဂ္ဂလာန်။
နာရဒ-ဥဒါယီ။
ဇောတိပါလ-ဘုရား။
သူတော်ကောင်းကိုပြစ်မှား၍။မျက်မှောက်၌ပင်၊ ပျက်စီးခြင်းကိုပြသောဝတ္ထု။

---

## {၁၈} ဥမ္မာဒန္တီဇာတ်။

သရဒအခါ-တန်းဆောင်မုန်းလပြည့်နေ့၊
**ဒသာ**နုတဏှာ-ဒသနမြင်ခြင်း*တဏှာတပ်မက်ခြင်း။
မာလေသန္တယ်-သစ်ပင်ကိုရစ်ပတ်၍ဖျက်ဆီးတတ်သောနွယ်။
ဇာတ်ပေါင်း။ ။စစ်သူကြီး-သာရိပုတ္တရာ။
ရထားထိန်း-အာနန္ဒာ။
ဥမ္မာဒန္တီ-ဥပ္ပလဝဏ်။
သိဝိမင်း-ဘုရား။
ရူပါရုံဘပ်မက်သောစိတ်ကို၊ ထိန်းသိမ်းသဖြင့်၊ စိတ်၏ချမ်းသာခြင်းကိုပြသောဝတ္ထု။

---x---

## {၁၉} ကုသဇာတ်။

အနုဗျဥ္ဇန-ခြေလက်ဆံပင်စသော။အင်္ဂါကြီးငယ်၏ တင့်တယ်ခြင်း
ကော်ကနဒ-ကော်ကနဒမည်သောနတ်စောင်း
{လက်ဆောင်ငါးပါး။}
သမန်းမြက်။
နတ်၌ဖြစ်သောပုဆိုး။
နတ်၌ဖြစ်သောစန္ဒကူးနံ့သာ။
ပင်လယ်ကသစ်ပွင့်။
ကော်ကနဒနတ်စောင်း။

သာရဏီယပကား-အသက်ထက်ဆုံး အောင်မေ့အပ်သောစကား နေမွန်းသက်ရှိန်-နေရှိန်ညှံ့ပျောင်း။ နေစောင်းဝဲ့တိမ်း၊ နေငြိမ်းလုသော်-နေမွန်းလွဲ၍။နေရှိန်လျော့သဖြင့်။ ညနေစောင်းနေဝင်ချိန်ရောက်သောအခါ။

{လက်နက် ၅ ပါး}

ဓနု လေး။
ဓုဂ္ဂရော ဆောက်ပုတ်။
အသိ-သံလျက်။
လဂုဠော-သံချောင်း၊
ကောန္တ-လှံ။
ခြောက်ပြစ်ကင်း-အပြစ်ခြောက်ပါးကင်းစင်သည်။

အပြစ်{၆ ပါး။}

နာတိဒီဃ-မရှည်လွန်းသောအရပ်။
နာတိရဿ-မတိုလွန်းသောအရပ်။
နာတိသုက္က-မဖြူလွန်းသောအသား။
နာတိကဏှ-မမည်းလွန်းသောအသား၊
နာတိထူလ-မဆူလွန်းသောအသား။
နာတိကိသ-မကြုံ မပိန်လွန်းသောအသား။
ငါးဖြာကြွန်ညီ- ကောင်းခြင်း၅ဖြာ၊ ကြွန်အင်္ဂါနှင့်ညီညွတ်သည်။

ကောင်းခြင်း{၅ပါး။}

အဋ္ဌိကလျာဏ အရိုး၏ကောင်းခြင်း။
မံသကလျာဏ အသား၏ကောင်းခြင်း။
ဆဝိကလျာဏ-အရေ၏ကောင်းခြင်း။
ကေသလျာဏ-ဆံ၏ကောင်းခြင်း။
ဝယကလျာဏ-အယွယ်၏ကောင်းခြင်း။
တရားစေါပဘ်။ ဖြစ်ပေလျက်ကဲ့။နှမိဌကိနှင့်။ ရေမက်ငါးသွင် တရားသိသောမင်းဖြစ်သော်လည်း။ရှင်မပဘာဝတီနှင့်၊ ကွေကွင်းရ

သဖြင့်၊ နှမည်သောခေါ်ခွက်ဌှမိသော-ငှက်ခါး။ကြေးသောငါး
ကဲ့သို့။ငါ့မှာဖြစ်ရပေသည်။
သဝန်ရွှေမာ-အကြောင်းကြားမာ၊ ။
ကြက်ပျံမကျ- လူနေအိမ်ခြေများသောကြောင့်။ ကြက်ပျံချသော်
လည်း။ကျမရာမြေရာမရှိအောင်စည်ပင်သာယာသောမြို့။

{အမပ်သုံးဖြာ။

ဆင်တပ်-မြင်းတပ်အကြားတမပ်။
မြင်းတပ်-ရထားတပ်အကြားတစပ်။
ရထားတပ်-ခြေသည်တပ်အကြားတမပ်။

{အလွှာလေးခု။}

ဆင်တပ်စစ်သည်။
မြင်းတပ်စစ်သည်။
ရထားတပ်စစ်သည်။
ခြေသည်တပ်စစ်သည်။
မလမ်း-လက်ပမ်းဘောက်ခတ်သည်။
ဝိဇိတသဘင် စစ်အောင်ပွဲသဘင်။
ဝေရောစနပဋ္ဋာမြား- လှပတင့်တယ်သော အသရေဆောင်သော
နတ်ဆက်သောဝေရောစနပဋ္ဋာမြား။

ဓာတ်ပေါင်း။ ။သကြားမင်း-အနုရုဒ္ဓါ။
ဇယပတိ အာနန္ဒာ။
အထိန်းတော်ရဋ္ဌာ ရဋ္ဌုဂ္ဂရာ။
ပဘာဝတီ-ရာဟုလာမယ်တော်
ကုသမင်း-ဘုရား။

အလောင်းတော်၏လုလ္လဝိရိယကိုပြသောဝတ္ထု။

## {၂၀} သောဏာနန္ဒဇာတ်။

ဟူဟူဩြဩြ-ရရသမျှကောင်းမကောင်းသောသစ်သီး။
အဘိညာဥ်သမာပတ်-အဘိညာဥ်။အလွန်သိမြင်သောဉာဏ်။
သမာပတ်-မတုန်မလှုပ်ဝင်စားသည်။
မာတုပေါသက မာတု၊ အမိအဘ×ပေါသက၊ လုပ်ကျွေးခြင်း။

ဇာတ်ပေါင်း။ ။နန္ဒရသေ့-အာနန္ဒာ။
မနောဇမင်း-သာရိပုတ္တရာ၊
တရာသောမင်း-မဟာထေရ်။
သောဏာရှင်ရသေ့ ဘုရား။
အမိအဘလုပ်ကျွေးခြင်းကိုပြသောဝတ္ထု။

## {၂၁}-မဟာဟံသဇာတ်။

တိ:ကာဟင်းသာမျိုး
ပဏ္ဍုဟင်းသာမျိုး
မနောသိလာဟင်းသာမျိုး
သေတဟင်းသာမျိုး
ပါကဟင်းသာမျိုး
ဓတရဋ္ဌဟင်းသာမျိုး

ဇာတ်ပေါင်း။ ။ခေမာမှုဆိုး-ဆန္နထေရ်၊
သံယမမင်း-သာရိပုတ္တရာ၊
ခေမာမိဖုရား-ခေမာဘိက္ခုနီ။
သုမုခစစ်သူကြီး-အာနန္ဒာ။
ဓတရဋ္ဌဟင်းသာမင်း-ဘုရား။
ညီတော်အာနန္ဒာ ဘုရား၏ကိုယ်စား အသက်ကို စွန့်သောအကြောင်းကိုပြသောဝတ္ထု။

## {၂၂} မဟာသုတသောမဇာတ်။

သတာရဟာ-သတ၊တရာ✱အရဟာ၊ထိုက်သောတရား

ဇာတ်ပေါင်း။ ။ပေါရိသာဒ-အင်္ဂုလိမာလ။
ကာလဟတ္ထိ-သာရိပုတ္တရာ။
နန္ဒပုန်ဏား-အာနန္ဒာ။
ဥဿင်စောင့်နတ်-ကဿပ။
သကြားမင်း-အနုရုဒ္ဓါ။
သုတသောမမင်း-ဘုရား။

ကြမ်းတမ်းသောသူတို့ကို-ယဉ်ကျေးအောင် ဆုံးမခြင်း၌လိမ္မာတော်မူသည်ကိုပြသောဝတ္ထု။

---

## {၂၃} မှဂပက္ခဇာတ်။

မှဂပက္ခ-မှဂ၊အသော✱ပက္ခ၊အဘို့။
ကာလကဏ္ဏိ-သူယုတ်မာ။
ဝါသဝနတ်-သကြားနတ်။
ညော့နပ်-ညော့သည်ဝတ်ပြုသည်။

ဇာတ်ပေါင်း။ ။ထီးချက်စောင့်နတ်သမီး-ဥပ္ပလဝဏ်။
သုနန္ဒာရထားထိန်း သာရိပုတ္တရာ။
သကြားမင်း-အနုရုဒ္ဓါ။
ဝိသုကြံနတ်သား-အာနန္ဒာ။
တေမိမင်းသား-ဘုရား။

မြတ်သောတောထွက်ခြင်းကိုပြသောဝတ္ထု။

ကောက်နုတ်ဖြေရှင်းချက်ပြီး၏။

JC